# အခန်း(၉၇၈) - ဖယ်ရှားခြင်း မြို့သို့ နောက်တစ်ကြိမ် ပြန်ရောက်လာခြင်း

မကြာခင် လင်းဟွမ်သည် ကြယ်လမ်းစဉ် ကုန်တိုက်ထဲတွင် ပစ္စည်းများကို ရှာဖွေပြီးနောက် အာဏာရှင်နှင့် ပိုင်တို့အတွက် အဆင့်တက်ရန် လိုအပ်သော ပစ္စည်းအနည်းငယ်ကို ရှာတွေ့ခဲ့သည်။ ပစ္စည်းတစ်ခုပြီး တစ်ခု ဈေးခြင်းထဲ ထည့်လိုက်သည်။

အာဏာရှင်အတွက် လိုအပ်သော နတ်ဘုရား အဆင့် ပုဆိန်ဓါတ်ကြွင်းက ဈေးအကြီးဆုံး ဖြစ်နေသည်။

၎င်း၏ မူရင်းဈေးမှာ ကြယ်လမ်းစဉ် အမှတ် ဘီလီယံ (၈၀) ဖြစ်သည်။ သို့သော်လည်း ကံကောင်းသည်မှာ လင်းဟွမ်တွင် (၄၀) ရာခိုင်နှုန်း လျှော့ဈေး ခံစားခွင့် ရှိသောကြောင့် အမှတ် (၄၈) ဘီလီယံနှင့် ဝယ်ယူနိုင်ခဲ့သည်။

ဒုတိယမြောက် ဈေးအကြီးဆုံး ပစ္စည်းမှာ ပိုင့်အတွက် လိုအပ်သော နတ်ဘုရားတစ်ပိုင်းသွေး

တစ်တန် ဖြစ်သည်။ မူရင်းဈေးမှာ ကြယ်လမ်းစဉ် အမှတ် ဘီလီယံ (၅၀) ဖြစ်သည်။

တတိယမြောက် ဈေးအကြီးဆုံး ပစ္စည်းမှာ ကြယ်အူတိုင် ဖြစ်ပြီး မူရင်းဈေးက ကြယ်လမ်းစဉ် အမှတ် ဘီလီယံ (၃၀) ကျသင့်၏။ ပစ္စည်းအားလုံးကို (၄၀) ရာခိုင်နှုန်း လျှော့ဈေးဖြင့် ဝယ်ယူပြီးနောက် ကြယ်လမ်းစဉ်အမှတ် စုစုပေါင်း (၁၀၅) ဘီလီယံ ကုန်ကျခဲ့သည်။ ထိုအချိန်တွင် လင်းဟွမ် လက်ထဲ၌ ကြယ်လမ်းစဉ် အမှတ် ဘီလီယံ (၂၀) သာ ကျန်ရစ်ခဲ့တော့သည်။

"ကဲ... ဖယ်ရှားခြင်းမြို့ကို သွားကြမယ်"

လင်းဟွမ်သည် အာဏာရှင်အတွက် လိုအပ်နေသော ပစ္စည်း (၂) မျိုးကို စုဆောင်းခဲ့နိုင်ပြီဖြစ်သောကြောင့် မှောင်ခိုဈေးကွက်ထဲမှ စုဆောင်းထားသော ပစ္စည်းများနှင့် ပေါင်းလိုက်ပါက အဆင့်တက်လှမ်းရန် ပစ္စည်းသုံးစုံ ရပြီဟု ဆိုလိုခြင်းဖြစ်သည်။

လင်းဟွမ်သည် နေရာကူးပြောင်းခြင်း ခေတ်ကြွင်းကို ဖြတ်ကျော်ပြီး ဖယ်ရှားခြင်းမြို့သို့ ရောက်သည်နှင့် ကောင်းကင်ပေါ် ပျံတက်ကာ

မှောင်ခိုဈေးကွက်သို့ ဦးတည် ပျံသန်းသွားသည်။ မိနစ်အနည်းငယ် ကြာသောအခါ ဟုန်လု၏ စတိုးဆိုင်ရှေ့သို့ ရောက်သွားသည်။

ဝန်ထမ်းက စကား မပြောခင် သူက လှမ်းမေးလိုက်သည်။

"ဟုန်လုနဲ့ တွေ့ချင်လို့..."

"ကျေးဇူးပြုပြီး လိုက်ခဲ့ပေးပါ..."

မကြာခင် ဝန်ထမ်းက လင်းဟွမ်ကို ဟုန်လု၏ အခန်း တံခါးဝသို့ ခေါ်ဆောင်သွားသည်။

"ဒါ အစ်မဟုန်လုရဲ့ ရုံးခန်းပါ"

"ကျေးဇူးတင်ပါတယ်..."

လင်းဟွမ်က တစ်ခါတည်း အထဲဝင်သွားလိုက်သည်။

ဟုန်လုသည် ဝင်လာသော လင်းဟွမ်ကို မြင်လိုက်လျှင် အံ့အားသင့်သွားသည်။ တိုက်ခိုက်ရေး အဆင့် သိသိသာသာ မြင့်တက်လာသည်ကို ရှင်းရှင်းလင်းလင်း ခံစားမိနေသည်။ သူမ မျက်လုံးထဲတွင် အံ့အားသင့်သွားသော အရိပ်အယောင် ဖျတ်ခနဲ လက်သွားသော်လည်း

မကြာခင် ပုံမှန်အတိုင်း ပြန်ဖြစ်သွားပြီး ပြုံး၍သာ နှုတ်ဆက်လိုက်သည်။

"မစ္စတာလင်း ရောက်လာပြီလား။ မင်း မနက်ဖြန် အစောပိုင်းမှ ရောက်လာမယ် ထင်နေတာ..."

"နေ့ခင်းဘက် အားနေတာနဲ့ ထွက်လာလိုက်တာ..."

လင်းဟွမ်က ရှင်းပြပြီးနောက် အလာပ သလာပ အနည်းငယ် ဆက်ပြောရန် အစီအစဉ်မရှိဘဲ လိုရင်း တန်းသွားလိုက်သည်။

"ပစ္စည်းတွေ အဆင့်သင့် ဖြစ်ပြီလား..."

"အဆင်သင့် ဖြစ်နေပြီ... စစ်ကြည့်လိုက်ပါဦး..."

ဟုန်လုက အပြုံးကလေးနှင့် ခေါင်းညိတ်လိုက်သည်။

သိုလှောင်လက်စွပ်ထဲမှ ယာယီ သိုလှောင်လက်စွပ်ကို ထုတ်ယူကာ လင်းဟွမ်ထံ ပေးလိုက်သည်။

လင်းဟွမ်က လက်စွပ်ကို ယူပြီးသည်နှင့် စိတ်စွမ်းအားနှင့် စကင်န် ဖတ်လိုက်သည်။ မကြာခင်

စစ်ဆေးပြီးသည်နှင့် သူ့ဆီပေးသော ပစ္စည်းစာရင်းက မှန်ကန်ကြောင်း အတည်ပြုလိုက်သည်။

"ပစ္စည်းမှန်တယ်... ဘယ်လောက်လဲ..."

"တစ်ထရီလီယံ...၊ (၂၃၇) ထရီလီယံ... တစ်ခုက မီလီယံ (၁၀၀)... အားလုံး ပေါင်းလိုက်တော့ (၉၈၉.၆၈) မင်းကို (၂၀) ရာခိုင်နှုန်း ဈေးလျှော့ပေးမှာဆိုတော့ နောက်ဆုံးဈေးက ဘီလီယံ (၉၈၀)... အသေးစိတ် ဈေးနှုန်းစာရင်းကို အခုပဲ မင်းဆီ ပို့ပေးမယ်..."

သူမ စကားပြောပြီးသည့် အချိန်၌ လင်းဟွမ်က မက်ဆေ့ချ်ကို လက်ခံ ရရှိလိုက်သည်။ မက်ဆေ့ချ်ကို စေ့စေ့စပ်စပ် ဖတ်ရမည့်အစား အကြမ်းဖျင်း တစ်ချက်သာ ဖတ်ကြည့်လိုက်သည်။ ဟုန်လုက သူ့ကဲ့သို့ အဖိုးတန် ဖောက်သည်တစ်ယောက်ကို ဂျင်းထည့်မည် မဟုတ်ကြောင်း သူ သိနေသည်။ ထို့အပြင် သူမနှင့် အချိန် အတော်ကြာအောင် ဆက်ဆံခဲ့ပြီး ဤကဲ့သို့ အလုပ်မျိုး တစ်ခါမှ မလုပ်ခဲ့ဖူးပေ။

ကုဒ်ကို စကင်န်ဖတ်ပြီး ငွေပမာဏ လွှဲပြောင်းပေးပြီးနောက် လင်းဟွမ်က ပစ္စည်းများထည့်ထားသော ယာယီ သိုလှောင်လက်စွပ်ကို အင်ပါယာ နှလုံးသားလက်စွပ်ထဲ ထည့်လိုက်သည်။

"ကျန်တဲ့ ပစ္စည်းတွေ ဆက်ပြီး စုထားပေးပါ။ နောက်တစ်ကြိမ် အချိန်ရရင် ပြန်လာယူမယ်..."

"ရတာပေါ့... ပစ္စည်းအားလုံး စုဆောင်းပြီးတာနဲ့ အကြောင်း ကြားလိုက်မယ်"

လင်းဟွမ်က ခေါင်းညိတ်ပြီးနောက် မတ်တပ်ထရပ်ကာ ပြန်ရန် လုပ်လိုက်စဉ် ဟုန်လုက သူ့ကို တားလိုက်သည်။

"မစ္စတာလင်း... ခဏ..."

လင်းဟွမ်သည် မမျှော်လင့်ထားသဖြင့် တအံ့တအော လှည့်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ..."

"လွန်ခဲ့တဲ့ ရက်ပိုင်းက ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ အကြီးအကဲ ချန်းသွမ်

တိုက်ခိုက်ခံရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး သတင်းလို့ ယူဆလို့မရတဲ့ သတင်းတစ်ခုတော့ ရှိတယ်...”

ဟုန်လုက အသံတိုးပြီး ပြောလိုက်သည်။

“ ဘာလဲ....”

လင်းဟွမ်သည် အစောပိုင်းက သူထိုင်ခဲ့သော ထိုင်ခုံတွင် ချက်ချင်း ပြန်ထိုင်ကာ မေးလိုက်သည်။

“ငါ့ သတင်းပေးတွေရဲ့ အဆိုအရတော့ ချန်းသွမ်ကို တိုက်ခိုက်ခဲ့တဲ့ လူတွေက ငါတို့ သိပြီးသား အဓိက အဖွဲ့အစည်းတွေထဲက မဟုတ်ဘူး။ အမည်မသိ

အဖွဲ့အစည်း အသစ် ကပဲ။ ဒီနှစ်ပိုင်းအတွင်း တည်ထောင်ထားတာလည်း ဖြစ်နိုင်သလို သူတို့ကိုယ် သူတို့ ကောင်းကောင်း ဖုံးကွယ်ထားတဲ့ အဖွဲ့သေးလေး တစ်ခုလည်း ဖြစ်နိုင်တယ်။ ဘယ်သူလုပ်တာလဲ ဆိုတာတော့ ငါတို့လည်း အတိအကျ မသိဘူး။ ဒါကြောင့် ဒီသတင်းက မင်းအတွက် သီးသန့်ပဲ”

“ဒီလိုမျိုးဖြစ်တာ ဒါ ပထမဦးဆုံး အကြိမ် မဟုတ်တော့ဘူး။ ဒီလို အလားတူဖြစ်ရပ်မျိုး လွန်ခဲ့တဲ့ သုံးနှစ်ကလည်း ဖြစ်ပျက် ခဲ့ဖူးတယ်။ ချန်းသွမ်ရဲ့

အမှုနဲ့ဆို ငါးခုမြောက်ပဲ။ အဲဒီသားကောင်တွေ အားလုံးမှာ ချန်းသွမ်နဲ့ တူညီတဲ့ လက္ခဏာတွေ ရှိနေတယ်။ သူတို့အားလုံးက အံ့မခန်း တိုက်ခိုက်ရေး အစွမ်းရှိတဲ့ အင်မော်တယ် အထွတ်အထိပ် ပါရမီရှင် တွေချည်းပဲ…”

“မင်းတို့မှာ အဲ့ဒီအဖွဲ့အစည်းနဲ့ ပတ်သက်ပြီး သဲလွန်စ မရှိဘူးလား…”

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

“လုံးဝ မရှိဘူး။ တကယ်လို့ ငါနဲ့ရင်းနှီးတဲ့ အဖွဲ့အစည်းတစ်ခုခုက လုပ်ခဲ့ရင်တောင် သဲလွန်စ

သေးသေးလေး ပြောပြနိုင်သေးတယ်။ အဓိက အဖွဲ့အစည်းအားလုံးမှာ မတူညီတဲ့ စရိုက်လေးတွေ လုပ်ထုံး လုပ်နည်းလေးတွေရှိတော့ ခွဲခြားရတာ ငါ့အတွက် လွယ်ကူတယ်။ အထူးသဖြင့် အင်ပါယာအဆင့် တန်ခိုးရှင်တွေပဲ။ မတူညီတဲ့ အဖွဲ့အစည်း အမျိုးမျိုးက နည်းစနစ်တွေသိထားလို့ သူတို့ဘယ်လောက်ပဲ ရုပ်ဖျက်ဖျက် အလကားပဲ။ အပြင်လူတွေအတွက်တော့ သူတို့က ခန္ဓာကိုယ်နဲ့ မျက်နှာပြောင်းထားရင် ပြောဖို့၊ ခွဲခြားဖို့ ခက်ရင် ခက်လိမ့်မယ်။ ဒါပေမယ့် မြေအောက် အဖွဲ့အစည်းက

လူတွေကိုတော့ တစ်ချက်ကြည့်ရုံနဲ့ ဘယ်သူလဲဆိုတာ ခန့်မှန်းနိုင်တယ်”

“ ခု ချန်းသွမ်ကို တိုက်ခိုက်ခဲ့တဲ့ အဖွဲ့အစည်းက ငါသိတဲ့ အဖွဲ့အစည်းတွေထဲက တစ်ခုမှ မဟုတ်ဘူး။ ပုန်းအောင်းတဲ့ နေရာမှာလည်း တော်တော်လေး တော်တယ်... ပြီးတော့ သူတို့ ထုတ်ဖော်ခဲ့တဲ့ စွမ်းဆောင်ရည်ကို ကြည့်ရတာတော့ သူတို့က အနည်းဆုံး ရှားပါးအဆင့် ပထမ ဒါမှမဟုတ် ရှားပါးအဆင့် ဒုတိယ စွမ်းရည်မျိုးလောက် ပိုင်ဆိုင်ထားတယ်...”

"မင်းပေးတဲ့ သတင်းအတွက် ကျေးဇူးတင်ပါတယ်"

လင်းဟွမ်က ကျေးဇူးတင်ကြောင်း ပြသရန် ခေါင်းညိတ်လိုက်သည်။

ဟုန်လုက ထိုအကြောင်းနှင့် ပက်သက်၍ အများကြီး မသိဘဲ သူ့ကို အကြမ်းဖျင်း လမ်းကြောင်းသာ ပေးနိုင်သည်မှာ ရှင်းနေသည်။

လင်းဟွမ်က နောက်လှည့်ပြီး လှေကားထိပ်သို့ လျှောက်သွားစဉ် ဟုန်လုက အသံပို့လွှတ်ပြီး ရုတ်တရက် ပြောလာသည်။

"မစ္စတာလင်း.. အထူး သတိထား။ ငါ့ရဲ့ လက်ရှိ ကောက်ချက်အရတော့ မင်းက နောက်ထပ် သားကောင် ဖြစ်လာနိုင်တဲ့ အချက်အလက်တွေနဲ့ လုံးဝ ကိုက်ညီနေတယ်။ သူတို့ရဲ့ အမဲလိုက် စာရင်းထဲမှာ ပါနိုင်လောက်မယ်"

လင်းဟွမ်သည် လမ်းလျှောက်နေခြင်းကို ရပ်တန့်လိုက်ပြီး ဟုန်လုကို ကျေးဇူးတင်စကား လှည့်ပြောလိုက်သည်။ ထို့နောက် ခပ်ယဲ့ယဲ့လေး ပြုံးပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

“ ဒီလူတွေ ငါ့ဆီ ရောက်လာဖို့ မစောင့်နိုင်တော့ဘူး...”

လင်းဟွမ်သည် မှောင်ခိုဈေး လမ်းကြားထဲမှ ထွက်လာပြီးနောက် နေရာကူးပြောင်းခြင်း ခေတ်ကြွင်းကို ဆင့်ခေါ်ကာ ထိုအထဲ လျှောက်ဝင်သွားသည်။

နေရာကူးပြောင်းခြင်း ခေတ်ကြွင်း၏ အခြားတစ်ဖက်သည် ဝမ်ပေါင်မြို့ မဟုတ်တော့ဘဲ အသူရာ ချောက်ကမ်းပါး၏ ဒုတိယအလွှာ ဝင်ပေါက် ဖြစ်နေသည်။

လင်းဟွမ်က ဝင်ပေါက်ထဲကို အလွတ် ခုန်ချသွားသည်။

နောက်ဆုံး၌ (၁၀) မိနစ်ခန့် ကြာသောအခါ အသူရာ ချောက်ကမ်းပါး၏ ဒုတိယအလွှာသို့ ရောက်ရှိလာခဲ့သည်။

သူသည် မွန်းစတားများကို အဆင့်မြှင့်တင်ရန် သန္ဓေလေးကြိမ် ပြောင်းပါက ရုတ်ရုတ်သဲသဲ ဖြစ်နေနိုင်သောကြောင့် ဤနေရာသို့ လာခဲ့ခြင်း ဖြစ်သည်။

ချောကလက်လေးနှင့် ကျန်သည့် မွန်းစတားများ အဆင့်မြင့်တက် နေသည့်အချိန်တွင် လူသားများ အာရုံစိုက်ခြင်းမှ ရှောင်ရှားချင်ပါက တားမြစ်နယ်မြေများ ဖြစ်သော အသူရာ ချောက်ကမ်းပါးနှင့် ငြိမ်းချမ်းရေး သမုဒ္ဒရာထဲတွင်သာ လုပ်ဆောင်ရလိမ့်မည်။

သို့သော်လည်း ငြိမ်းချမ်းရေး သမုဒ္ဒရာ၏ အခြေအနေက ရှုပ်ထွေးလွန်းပြီး သမုဒ္ဒရာထဲတွင် တစ်ချိန်လုံး ပုန်းအောင်းနေသော နတ်ဘုရားတစ်ပိုင်း အဆင့် မွန်းစတားများ ရှိနေနိုင်သည်။ ထို့ကြောင့်

သူ့မွန်းစတားများ အတွက် အဆင့်တက်လှမ်းရန် နေရာကောင်း မဟုတ်ပေ။

ယခုအခါ၌ လင်းဟွမ်သည် နတ်ဘုရား တစ်ပိုင်းများကို မကြောက်သော်လည်း ချောကလက်လေးနှင့် ကျန်သည့် မွန်းစတား အဆင့်တက်လှမ်းနေသည့် အော်ရာက နတ်ဘုရား တစ်ပိုင်းအဆင့် မွန်းစတားများကို ဆွဲဆောင်မိပြီး တိုက်ခိုက်လာပါက သူ ကာကွယ် ပေးနိုင်မည် မဟုတ်ချေ။

ထို့ကြောင့် အစွမ်းဆုံး မွန်းစတားများက ချောက်ကလတ်လေးတို့နှင့် အဆင့်တူသည့် အင်ပါယာ ရွှေဝါရောင်အဆင့် မွန်းစတားများသာ ရှိသော အသူရာ ချောက်ကမ်းပါး၏ ဒုတိယအလွှာကို ရွေးချယ်လိုက်ပါက မတူညီသော ဇာတ်လမ်းတစ်ပုဒ် ဖြစ်သွားသည်။

လင်းဟွမ်သည် ဘာမှမဟုတ်သော ကိစ္စလေးနှင့် ပြဿနာ မဖြစ်ချင်ပေ။ ထို့အပြင် ငြိမ်းချမ်းရေး သမုဒ္ဒရာကဲ့ သို့ပင် ဤနေရာက မည်သူမှ မလာနိုင်အောင် အန္တရာယ် များလွန်း၏။ ဒီနေရာတွင်

တစ်ယောက်ယောက်က သူတို့၏ အော်ရာကို ခံစားမိသည်နှင့် တတ်နိုင်သမျှ အဝေးဆုံး ရှောင်ထွက်သွားလိမ့်မည်။

"သွေးရဲရဲလေး... လူတွေရှိနေတဲ့ နေရာနဲ့ ဝေးတဲ့နေရာ ရွေးလိုက်"

လင်းဟွမ်သည် အသူရာ ချောက်ကမ်းပါး ဒုတိယအလွှာကို ခြေချလိုက်သည်နှင့် သွေးရဲရဲလေးကို ဆင့်ခေါ်ကာ ပြောလိုက်သည်။

## အခန်း(၉၇၉) - ရွှေဥ သုံးလုံး

တစ်နာရီ ကျော် ကြာပြီးနောက် သွေးရဲရဲလေးသည် အသူရာ ချောက်ကမ်းပါး ဒုတိယ အလွှာတစ်ခုလုံးကို လွှမ်းခြုံနိုင်သည် အထိ မျှော့မျိုးစေ့ကို ထုတ်လွှတ်ခဲ့သည်။

"အခု လောလောဆယ်တော့ အသူရာ ချောက်ကမ်းပါး ဒုတိယအလွှာ တစ်ခုလုံးမှာ လူအများဆုံး စုနေတဲ့နေရာက တောင်ပိုင်းပဲ။ အဲ့ဒီမှာ လူ (၃၃) ယောက် တွေ့တယ်။ တတိယ အလွှာ

ဝင်ပေါက်ရှိတဲ့ မြောက်ဘက်ခြမ်းနဲ့ဆို ကီလိုမီတာ ထောင်ပေါင်းများစွာ ဝေးတယ်။ အဲ့ဒီနေရာမှာ ဆိုရင် ဘယ်သူမှ မတွေ့နိုင်ဘူး။ အင်ပါယာအဆင့် မွန်းစတားလည်း နည်းနည်းပဲ ရှိတော့ ငါတို့အတွက် ခြိမ်းခြောက်မှု မဖြစ်နိုင်ဘူး”

“ဒါက သွေးရဲရဲလေးနဲ့ ကျန်တဲ့လူတွေ အတွက် အဆင့်မြှင့်တင်ဖို့ အကောင်းဆုံး နေရာပဲ…”

“အနောက် မြောက်ဘက်မှာတော့ မဆင်မပြေဘူး…”

သို့သော်လည်း လင်းပွမ်က သွေးရဲရဲလေး၏ အဆိုပြုချက်ကို ချက်ချင်း ငြင်းလိုက်သည်။

"အဲ့ဒီနေရာက တတိယ ဝင်ပေါက်နဲ့ အရမ်းနီးလွန်းတယ်။ အင်ပါယာအဆင့် လူသားတန်ခိုးရှင်တွေ အချိန်မရွေး ဝင်ထွက် သွားလာနေတာဆိုတော့ ရုတ်ရုတ်သဲသဲ ဖြစ်နေတဲ့ အခြေအနေကို ခံစားမိတာနဲ့ ကျိန်းသေပေါက် စစ်ဆေးဖို့ ရောက်လာမှာပဲ..."

"ဒါဆိုရင် အရှေ့မြောက်ဘက်ပဲ ကျန်တော့မှာ။ အဲ့ဒီမှာ အမဲလိုက်နေတဲ့ လူငါးယောက် ရှိတယ်။ အားလုံး အဆင့်မြင့် အင်မော်တယ် အဆင့်တွေပဲ"

သွေးရဲရဲလေးက ဘာကြောင့် အရှေ့မြောက်ဘက်ကို မရွေးရလဲ ဆိုသည့် အကြောင်း အရင်းကိုပါ တစ်ဆက်တည်း ရှင်းပြလိုက်သည်။

"ရတယ်။ အင်မော်တယ် အဆင့်ပဲ ရှိတာဆိုတော့ ရုတ်ရုတ်သဲသဲ ဖြစ်နေတဲ့ အခြေနေကို မသိရအောင် ရုပ်ဆိုးကိုခေါ်ပြီး ပုံရိပ်ယောင် နယ်ပယ်နဲ့ ဖုံးအုပ် ခိုင်းထားလိုက်မယ်"

လင်းဟွမ်က အစီအစဉ်တစ်ခု တွေးတောပြီးသား ဖြစ်နေသည်။

"ကဲ... ဒါဆိုလည်း အရှေ့မြောက်ဒေသကို သွားလိုက်ကြစို့.... အရှေ့မြောက်ဒေသမှာ ရှိတဲ့ ချိုင့်ဝှမ်းတစ်ခုက မဆိုးဘူး..."

သွေးရဲရဲလေးက ကိုသြဒိနိတ်တည် နေရာတစ်ခုကို အမှတ်အသား ပြုလုပ်ပေးနေရင်း ပြောလိုက်သည်။

အသူရာချောက် ကမ်းပါးထဲတွင် သူ၏ နှလုံးသား အင်ပါယာလက်စွပ်က လှိုင်းမမိသောကြောင့် ကိုသြဒိနိတ် တည်နေရာများကို မမှတ်နိုင်သော်လည်း

အသူရာ ချောက်ကမ်းပါး အလွှာကို အကြိမ်ပေါင်းများစွာ ဝင်ရောက်ရှာဖွေခဲ့ပြီး အသေးစိတ်ပြုလုပ်ထားသော မြေပုံတစ်ခုကို ငွေပေးပြီး ဝယ်ယူခဲ့သည်။

လင်းဟွမ်သည် သွေးရဲရဲလေး အမှတ်အသားပြုလုပ်ပေးထားသော ကိုသြဒိနိတ် တည်နေရာကို လေ့လာပြီးနောက် မိုးကြိုးကို ဆင့်ခေါ်ကာ သွေးရဲရဲလေးနှင့် အတူ ကျောပေါ် တက်ထိုင်လိုက်သည်။

မိုးကြိုး၏ လည်ပင်းကို ပွတ်လိုက်ပြီး...

"အရှေ့မြောက်ဒေသ..."

မိုးကြိုးက အတောင်ပံ များခတ်ပြီး ကောင်းကင်ပေါ်သို့ လျင်မြန်စွာ ပျံတက်သွားသည်။ မျက်စိတစ်မှိတ် အတွင်းမှာပင် လင်းဟွမ်တို့ကို မီတာထောင်ပေါင်း များစွာ ဝေးသောနေရာသို့ ခေါ်ဆောင်သွားသည်။

ထို့နောက် အတောင်ပံများကို နောက်တစ်ကြိမ် ခတ်ပြီး မြားတစ်စင်းမှ ပစ်လွှတ်လိုက်သော မြားတစ်စင်း သကဲ့သို့ အရှိန်အဟုန် ပြင်းထန်စွာ အရှေ့မြောက်ဒေသသို့ ပျံသန်းသွားသည်။

မိုးကြိုး၏ ပျံသန်းမှုက အင်မတန် လျင်မြန်သည် ဆိုသော်လည်း သွေးရဲရဲလေး အမှတ်အသား ပြုလုပ်ပေးထားသော ချိုင့်ဝှမ်းသို့ ရောက်ရှိရန် နာရီဝက်ခန့် အချိန်ယူ ခဲ့ရသေးသည်။

သွေးရဲရဲလေး၏ လမ်းညွှန်မှုအောက်တွင် မိုးကြိုးက ချိုင့်ဝှမ်း၏ အနက်ရှိုင်းဆုံး အပိုင်းသို့ ဆင်းသက်လာခဲ့သည်။

လင်းဟွမ်သည် မိုးကြိုးပေါ်မှ ခုန်ချပြီးနောက် နှုတ်သီးကို ချစ်ခင်စွာ ပွတ်သပ်လိုက်ပြီး…

"အမဲလိုက်ချင်လား… မင်း လုပ်ချင်တာ လုပ်နေ။ ဒါပေမယ့် လူသားတွေကို ဒုက္ခမပေးနဲ့။ ပြီးတော့ အဝေးကြီးလည်း မသွားနဲ့… နောက်မှ မင်းကို လှမ်းခေါ်လိုက်မယ်"

မိုးကြိုးက ချက်ချင်း ခေါင်းညိတ်လိုက်သည်။ ကတ်ပုံစံနှင့် နေရသည်မှာ အလွန် ပျင်းစရာကောင်းလွန်း၏။ ထုံးစံအတိုင်း လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့် ရသောကြောင့် ဝမ်းသာနေသည်။ အတောင်ပံများကို တဖုန်းဖုန်း ခတ်ပြီး ကောင်းကင်ပေါ် ပျံတက်သွားသည်။

လင်းဟွမ်က စကားပြန် ပြောင်းသွားမည် စိုးရိမ်သောကြောင့် အလျင်အမြန် ထွက်ပြေးသွားခြင်း ဖြစ်သည်။

လင်းဟွမ်သည် ပျောက်ကွယ်သွားသော မိုးကြိုးကို ကြည့်ပြီး ခေါင်းခါကာ ပြုံးလိုက်မိသည်။ ထို့နောက် ချောကလက်လေး၊ အာဏာရှင်၊ ဟာကျူလီဘုရင် အပါအဝင် မွန်းစတားကတ် သုံးကတ်ကို ဆင့်ခေါ်လိုက်သည်။

ချောကလက်လေးက ဆင့်ခေါ် ခံရပြီးနောက် ပတ်ဝန်းကျင်သို့ ကျီးကြည့် ကြောင်ကြည့်

လှည့်ပတ်ကြည့်လိုက်ကာ ရန်သူဘယ်မှာလဲဟု မေးလိုက်သည်။ အာဏာရှင်နှင့် ဟာကျူလီဘုရင်တို့လည်း အူကြောင်ကြောင် ဖြစ်နေကြသည်။

"အဆာပြေ မုန့်ကျွေးဖို့လား...."

ချောကလက်လေး က လင်းဟွမ်ထံ မျှော်ကြည့်နေသော မျက်လုံးများနှင့် လှမ်းကြည့်နေသည်။

လင်းဟွမ်က ချောကလက်လေး၏ ခေါင်းကို ပွတ်သပ်ပြီး ပြောလိုက်သည်။

"ဒီတစ်ခါ မင်းတို့ကို ခေါ်တာက အဆာပြေ မုန့်လည်း မပေးဘူး... ဩ တိုက်ခိုက်ဖို့လည်း မဟုတ်ဘူး... မင်းတို့ စောင့်မျှော်နေတဲ့ အရာ ငါ ပေးချင်လို့..."

"ရေခဲမုန့်လား..."

အာဏာရှင်က အရင်ဆုံး ဖြေလိုက်သည်။ ထို့ကဲ့သို့ ပြောပြီးသည်နှင့် သွားရည်ပင် ကျလာသေးသည်။

"ငါးကင်လား..."

ချောကလက်လေးလည်း ခေတ္တမျှ ကြောင်သွားပြီးနောက် မျှော်လင့်ချက် မျက်လုံးများနှင့် မေးလိုက်သည်။

ဟာကျူလီ ဘုရင်က မဝံ့မရဲလေသံနှင့် မသဲမကွဲ မေးလာသည်။

"ဒူးရင်းသီးလား..."

"မင်းတို့ကို အဆာပြေမုန့် မဟုတ်ဘူးလို့ ပြောပြီးသားလေ..."

လင်းဟွမ်က ကိုယ့်နဖူးကိုယ် ပြန်ရိုက်ပြီး ကူကယ်ရာမဲ့စွာ ပြောလိုက်သည်။

လင်းဟွမ်က မုန့်မပေးသည့် အကြောင်း ပြောသောအခါ မွန်းစတား သုံးကောင်၏ မျက်နှာသည် ဇီးရွက်လောက် သေးငယ်သွား၏။

"မင်းတို့ကို သန္ဓေလေးကြိမ် ပြောင်းပေးဖို့ ခေါ်လိုက်တာကွ ငါ့ကောင်တွေရ…"

နောက်ဆုံး၌ လင်းဟွမ်ဘေးတွင် ရှိနေသော သွေးရဲရဲလေးက မနေနိုင်ဘဲ ဝင်ပြောလိုက်သည်။

အင်ပါယာ မွန်းစတား သုံးကောင်သည် ထိုစကားကို ကြားသောအခါ အံ့အာ သင့်သွားသည်။

“ငါတို့ တကယ်ပဲ အဆင့်တက်ရမှာလား…”

ချောကလက်လေးသည် ရုတ်တရက် စိတ်လှုပ်ရှား လာသည်။

“အေး… အခု လောလောဆယ်တော့ မင်းတို့ သုံးယောက်အတွက်ပဲ ပစ္စည်းတွေ စုံအောင် စုဆောင်း ရသေးတာကြောင့် အခြား ပစ္စည်းအားလုံး စုံအောင် စောင့်နေမယ့်အစား မင်းတို့ကို အရင်ဆုံး မြှင့်တင် ပေးလိုက်မယ်”

"ဒါပေမယ့် သခင်။ မင်းက အင်မော်တယ်အဆင့်ပဲ ရှိသေးတော့ ငါတို့အဆင့်တက်သွားရင် ဆင့်ခေါ်လို့ မရတော့ဘူးနော်.."

အာဏာရှင်က ချက်ချင်း မေးလိုက်သည်။

ကိုင်လီ အဆင့် မြင့်တက်သွားသည့် အချိန်က ချိတ်ပိတ်ခံလိုက်ရသည့် အကြောင်းကို သူ သိနေသည်။

"ရပတယ်။ အခု ငါက အင်မော်တယ်အဆင့် အထွတ်အထိပ်ကို ရောက်နေပြီ။ အင်ပါယာအဆင့် ရောက်ဖို့ ဘယ်လောက်မှ မကြာတော့ဘူး"

လင်းဟွမ်က ရှင်းပြလိုက်သည်။

"ငါ အင်ပါယာအဆင့် တက်လှမ်းသွားတာနဲ့ ရှောင်ဖိန်ဆီက လုပ်ပိုင်ခွင့် အာဏာ အသက်ဝင်လာလိမ့်မယ်။ အများဆုံးမှ နှစ်လ၊ သုံးလပေါ့ကွာ"

" ဒီအတွက် စိတ်မပူနဲ့၊ ငါ နောက်ဆုံးမှ အဆင့်တက်မှာမို့ သခင့်ကို ကောင်းကောင်း ဂရုစိုက်လိုက်မယ်"

သွေးရဲရဲလေးက အာဏာရှင် စိတ်ပူနေကြောင်း သိသည့်အတွက် နှစ်သိမ့်ပေးလိုက်သည်။

"မင်းတို့တွေသာ သန္ဓေ လေးကြိမ်ပြောင်းပြီး ဒဏ္ဍာရီအဆင့် မြှင့်တင်လိုက်စမ်းပါ။ အဲ့ဒါက ငါ့အတွက် ကြီးကြီးမားမား ကူညီတာပဲ။ ငါ အင်မော်တယ် အဆင့် ရှိနေတဲ့အချိန်မှာ မင်းတို့ အားလုံးကို ဒဏ္ဍာရီအဆင့် မြှင့်တင်ပေး နိုင်ရမယ်လို့ ကိုယ်ပိုင် ရည်မှန်းချက် ချမှတ်ထားတယ်။ "

" ဒီလို ဖြစ်လာရင် ငါ အင်ပါယာအဆင့် တက်လှမ်း လိုက်တာနဲ့ မင်တို့ရဲ့ တိုက်ခိုက်ရေး အဆင့်ကလည်း မြင့်တက်သွားမှာ။ ပစ္စည်းတွေ စုဆောင်းဖို့ကလည်း အချိန် သိပ်ပေးစရာ

မလိုတော့ဘူး။ ကဲ........ ဒီထက်ပိုပြီး အချိန်မဆွဲနဲ့တော့။ ငါ အင်ပါယာအဆင့် မြင့်တက်လာတာကို စောင့်နေမယ့်အစား အခုပဲ အဆင့် တက်ခိုင်းလိုက်တော့ ... နားလည်လား...”

“နားလည်ပြီ...”

အာဏာရှင်နှင့် ကျန်သည့် မွန်းစတားများက တပြိုင်နက်တည်း အော်ဟစ်လိုက်ကြသည်။

လင်းဟွမ် စကားကို ကြားပြီးနောက် သူတို့သုံးကောင်သည် ကန့်ကွက်ခြင်း မရှိတော့ပေ။

“ကောင်းပြီ… အာဏာရှင်… မင်း အရင်လုပ်…”

လင်းဟွမ်က အာဏာရှင်ကို လက်ပြပြီး လှမ်းခေါ်လိုက်သည်။

လင်းဟွမ် အချက်ပြသည်ကို မြင်လျှင် အာဏာရှင်က လမ်းလျှောက်လာသည်။

လင်းဟွမ်သည် ကတ် အနောက်ဘက်မှ အခြေအနေကို ဖတ်ပြီးနောက် အဆင့်မြှင့်တင်ရန် လိုအပ်သည့် ပစ္စည်းများနှင့် အဆင့်တက်ကတ် ငါးကတ်ကို ထုတ်ယူလိုက်သည်။

"နတ်ဘုရား ပုဆိန်ကို ကိုင်ထား။ ကြယ်အူတိုင်က မင်းနှလုံးထဲ ထည့်။ ဝိညာဉ် ချော်ရည်ပုလင်းကို သောက်..."

ထိုအမိန့်က ကိုယ့်ကိုယ်ကို သတ်သေခိုင်းသည်ဟု ထင်ရသော်လည်း အာဏာရှင်က တွေဝေခြင်း မရှိဘဲ လင်းဟွမ်၏ အမိန့်အတိုင်း လိုက်လုပ်ခဲ့သည်။

လင်းဟွမ်က အာဏာရှင်ကို စောင့်ကြည့်နေပြီး နာရီဝက်ခန့် ကြာသောအခါ သူ့လက်ထဲမှ အဆင့်မြှင့်တင်ရေးကတ် ငါးကတ်ကို ချေမွလိုက်ရာ

မြေပေါ် ဒူးထောက် ကျနေသော အာဏာရှင်သည် တဆတ်ဆတ် တုန်လာ၏။

အဆင့်မြှင့်တင်ရေး ကတ် ငါးကတ်သည် ရွှေရောင် အလင်းတန်း ငါးခုအဖြစ် ပြောင်းလဲပြီး အာဏာရှင်ကိုယ်ထဲ ဝင်သွားသည်။ ထိုအချိန်တွင် အာဏာရှင် လက်ထဲမှ နတ်ဘုရား ပုဆိန်လည်း ခန္ဓာကိုယ်ထဲ ဝင်သွားသည်။

မကြာခင် တဆတ်ဆတ် တုန်နေသော အာဏာရှင်၏ ခန္ဓာကိုယ်က တည်ငြိမ်လာသည်။ ထို့နောက် ခန္ဓာကိုယ်သည် လျင်မြန်စွာ

ကြီးထွားလာပြီး ငြိမ်းချမ်းစွာ ထိုင်နေသော တောင်ကြီးတစ်လုံးနှင့် တူလာ၏။

မျက်စိ တစ်မှိတ်အတွင်းမှာပင် မီတာ သုံးသောင်းကျော် မြင့်မားသော အာဏာရှင်၏ မူလအရွယ်အစားသို့ ပြန် ရောက်သွားသည်။ သူထိုင်နေသည့် အချိန်မှာပင် သူ၏ အရွယ်အစားက မီတာ တစ်သောင်းကျော် မြင့်နေပြီး သူ့နောက်မှ တောင်ထက် နှစ်ဆ ပိုမြင့်နေသည်။

ထို့နောက် မျက်လုံးများ ဖြည်းဖြည်းချင်း ပိတ်သွားပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်မော

ကျသွားသည်။ မကြာခင် သူ့ခန္ဓာကိုယ်ပေါ်တွင် အမျှင်များ ပေါ်လာပြီး ရွှေရောင်ပိုးအိမ်ကြီး စတင်ဖွဲ့စည်းလာသည်။ ပိုးအိမ်က လုံးလုံးလျားလျား ဖွဲ့စည်း ပြီးသွားသောအခါ အာဏာရှင်သည် ကြီးမားသော ရွှေဥကြီးတစ်လုံး ဖြစ်သွားခဲ့ပြီ။

ဤလုပ်ငန်းစဉ် ပြီးမြောက်ရန် တစ်နာရီကျော် အချိန်ယူခဲ့ရသည်။

ရွှေရောင်ဥကြီး ဖြစ်သွားသည့် အချိန်မှ လင်းဟွမ်လည်း စိတ်သက်သာရာ ရသွားသည်။

"ကြည့်ရတာ ရှောင်ဖိန်ပေးတဲ့ အဆင့်တက်လှမ်းတဲ့ ပုံစံက တော်တော်လေး စိတ်ချရတယ်။ အာဏာရှင် အဆင့် တက်လှမ်းမှု ဖြစ်စဉ်က အဆင်ပြေ၊ မပြေ ခဏလောက် စောင့်ကြည့်ရအောင်။ တတ်နိုင်သမျှ သည်းခံလိုက်အုံး"

လင်းဟွမ်က ချောကလက်လေးနှင့် ဟာကျူလီ ဘုရင်တို့ကို လှည့်ကြည့်ပြီး ပြောလိုက်သည်။

လင်းဟွမ်က ကြောက်ကြောက်နှင့် ပြုံးပြနေသော ဟာကျူလီဘုရင်ကို လက်ဖွေ့ ယမ်းပြလိုက်ပြီး ချောကလက်လေး၏ ခေါင်းကို ဆွဲပွတ်လိုက်သည်။

"ဟာကျူလီဘုရင်... နောက်တစ်ယောက်က မင်းပဲ..."

ဟာကျူလီဘုရင်က ခေါင်းညိတ်ပြီး သူ့ထံ လျှောက်လာသည်။ လင်းဟွမ်က ဟာကျူလီ ဘုရင်အတွက် ပစ္စည်းများ ထုတ်ယူလိုက်သည်။

"ပထမဦးဆုံး တိုင်တန် နှလုံးကို မင်းနှလုံးထဲ ထည့်လိုက်။ ပြီးရင် နတ်ဘုရားတစ်ပိုင်း အဆင့် နဂါးဝေလ ငါးသွေး တစ်ပုလင်းလုံးသောက်..."

ဟာကျူလီဘုရင်၏ ခန္ဓာကိုယ်ထဲသို့ ပစ္စည်း အားလုံးထည့်ရန် နာရီဝက်ခန့် အချိန်ယူပြီးနောက် လင်းဟွမ်က နောက်ထပ် အဆင့်မြှင့်တင်ရေး ကတ် ငါးကတ်ကို ချေမွလိုက်သည်။ ရွှေရောင် အလင်းတန်း ငါးခုအဖြစ် ပြောင်းလဲသွားပြီး ဟာကျူလီ ဘုရင်၏ ခန္ဓာကိုယ်ထဲ ထိုးဖောက် ဝင်ရောက်သွား၏။

ဟာကျူလီ ဘုရင်သည် အရူးအမူး ကြီးထွား လာသည်။ ၎င်း၏ ပုံမှန်အမြင့် မီတာသုံးထောင်သို့ ရောက်သွားပြီးနောက် ရွှေရောင်ဥတစ်လုံး အဖြစ် ပြောင်းလဲသွားသည်။

ချောကလက်လေးသည် အာဏာရှင်နှင့် ဟာကျူလီဘုရင်တို့၏ ခန္ဓာကိုယ်ထဲသို့ ပစ္စည်းများ ထည့်သွင်းနေသည့် လုပ်ငန်းစဉ်ကို စောင့်ကြည့်ရင်း အနည်းငယ် စိတ်ပူနေသည်။ သို့သော်လည်း ခဏတာ နှိပ်စက် ညှင်းပန်းခြင်းမျှသာ ဖြစ်လိမ့်မည်ဟု ကိုယ့်ကိုယ်ကို ပြန်အားပေး နေရှာသည်။

"ပထမအဆင့် အနေနဲ့ ဒီကြွယ်မီးလျှံကို မင်းခန္ဓာကိုယ်နဲ့ ပေါင်းစပ်လိုက်... ဒုတိယအနေနဲ့ ဒီမီးဒြပ်စင်( ၃၆) ခုလုံး စား..."

လင်းဟွမ်က ချောကလက်လေး အတွက် ပစ္စည်းများကို တစ်ခုပြီးတစ်ခု ထုတ်ပေးနေသည်။

အံ့သြစရာ ကောင်းသည်မှာ ဤဖြစ်စဉ် အတွင်းတွင် ချောကလတ်လေးသည် နှိပ်စက် ညှင်းပန်း ခံရသည်ဟု မခံစားရဘဲ အချို့ဆိုလျှင် လက်မလွှတ်ချင်လောက်အောင် စားချင်နေသည်။

အခြား ခံစားချက်များ မခံစားရသေးခင် လင်းဟွမ်က အဆင့်မြှင့်တင်ရေး ကတ် ငါးကတ်ကို ချေမွလိုက်ရာ ချောကလတ်လေး ခန္ဓာကိုယ်ထဲ ဝင်ရောက်သွား၏။

ချောကလက်လေးက နဂိုပုံစံသို့ အလျင်အမြန် ပြန်ရောက်သွားပြီး ခန္ဓာကိုယ်က မီတာသုံးသောင်း ကျော်အထိ မြင့်တက်လာကာ အာဏာရှင်၏ ဘေးတွင် လှဲအိပ်နေသည်။ လေးနာရီ နီးပါးခန့် ကြာမြင့်ပြီးနောက် ချောကလက်လေးသည်လည်း ရွှေရောင် ဥတစ်လုံး ဖြစ်လာသည်။

ညအခါ အသူရာ ချောက်ကမ်းပါးကြီးသည် မှောင်သထက် မှောင်လာခဲ့ပြီ။

လင်းဟွမ်က ကောင်းကင်ကြီး မှောင်လာသည်ကို သတိထားမိလိုက်သည်။ သို့သော်လည်း အနားယူရမည့် အစား နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ် နတ်ဘုရား နေသစ်ပင်နှင့် လနတ်သမီးတို့ကို ဆင့်ခေါ်လိုက်သည်။

"ရုပ်ဆိုး... မင်းက ပုံရိပ်ယောင် စွမ်းရည်နဲ့ ဒီနေရာတစ်ဝိုက်ကို ဖုံးအုပ်ထားလိုက်... နတ်ဘုရား နေသစ်ပင်နဲ့ လနတ်သမီး... မင်းတို့နှစ်ယောက်က

သူတို့သုံးယောက်ကို စောင့်ရှောက်ပေးထား ။ ငါ ပိုင်အတွက် နတ်ဘုရားတစ်ပိုင်း ဝိညာဉ်တွေ အမဲလိုက်ဖို့ မင်းတို့နဲ့ တစ်ရက် နှစ်ရက်လောက် အနားမှာ ရှိမှာ မဟုတ်ဘူး”

လင်းဟွမ်သည် အစီအစဉ် ချမှတ်ပြီးနောက် မိုးကြိုးကို ဆင့်ခေါ်ကာ နောက်ကျောပေါ် ခုန်တက်သွားသည်။

“အနောက်မြောက်ဒေသ အသူရာ ချောက်ကမ်း တတိယအလွှာ ဝင်ပေါက်ကို သွားမယ်...”

# အခန်း(၉၈၀) - စပါးအုံးအကွက် အဆိပ်ဖားပြုတ်....

သန်းခေါင်ယံ အချိန်..

အဖွဲ့ခွဲ(၁)၊ ခမ်းနား ထည်ဝါသော အိမ်တော်ကြီး တစ်ခု၏ မြေအောက်...

အကောင်အထည်ကြီးပြီး ဗလတောင့်တင်းသော အမျိုးသား တစ်ယောက်သည် ပြတင်းပေါက်မှ ဖြာကျနေသော လရောင်များမှ တစ်ဆင့် ခြေ၊

လက်နှင့် လည်ပင်းများကို ထူထဲစွာ ကြိုးချည်ထားပြီး အဝတ်အစား မဝတ်ထားသော အမျိုးသား တစ်ယောက်ကို ရပ်ကြည့်နေသည်။

အကယ်၍ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့မှ လူတစ်ယောက်ယောက်သာ ဤနေရာတွင် ရှိခဲ့မည် ဆိုပါက ချုပ်နှောင်ခြင်း ခံထားရသော လူကို တစ်ချက်ကြည့်ရုံနှင့် သိနိုင်ပေလိမ့်မည်။ သူသည် အစောပိုင်းက တိုက်ခိုက်ခြင်း ခံရပြီး ပျောက်ဆုံးသွားသော ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့၏ အကြီးအကဲ ချန်းသွမ် ပင်။

တစ်ကိုယ်လုံး၌ အဝတ်အစား လုံးဝမရှိပေ။ သူ့အရေပြား၏ တစ်လက်မတိုင်း လိုလိုတွင် ဒဏ်ရာများ၊ အမွှန်းရာများ ရှိနေ၏။ မကြာသေးခင်ကမှ ပြင်းပြင်းထန်ထန် နှိပ်စက် ခံထားရကြောင်း ထင်ရှားနေသည်။

ထိုအခိုက်အတန့်၌ မြူခိုးငွေ့ပုံစံ မွန်းစတား တစ်ကောင်က သူ့ခေါင်းပေါ်တွင် တွယ်ကပ်နေသည်။ ကြည့်ရသည်မှာ အသက်ဝင် လှုပ်ရှားနေသော ရွှံ့ပုံကြီးနှင့် တူသည်။ ချန်းသွမ်အား ဘာလုပ်နေလဲ ဆိုသည်ကို မည်သူမျှ မသိနိုင်ပေ။ မည်သို့ပင်

ဆိုစေကာမူ ချန်းသွမ်သည် သူ့ခေါင်းပေါ်က အရာကို မဖယ်ရှားနိုင်ပေ။

အခန်းထဲတွင် ချန်းသွမ်သည် အစွမ်းရှိသမျှ ရုန်းကန် နေသည်။ လူ မဆန်အောင် နာကျင်သောကြောင့် လည်ပင်းကြော၊ သွေးကြောများ ထောင်ထွက်သည်အထိ အော်ဟစ် ရုန်းကန်နေသည်။

ချန်းသွမ်က သေပျက်လုမတတ် အော်ဟစ်ရင်း ရုန်းကန်နေသည်ကို မြင်ရသော်လည်း ထိုအမျိုးသားသည် တစ်ချက်ပင် မျက်နှာ မပျက်သွားချေ။ သူ့ဘေးနားက စက်ကိရိယာများနှင့်

အလုပ်ရှုပ်နေသော တစ်ခေါင်းလုံး ဆံပင်ဖြူနေသည့် အဘိုးအိုကို လှည့်ကြည့်လိုက်ကာ

"တစ်လခွဲ ကြာသွားခဲ့ပြီ ......သူ့ကို အပြည့်အ၀ သန့်စင်ဖို့ အချိန်ဘယ်လောက် ထပ်ပေးရအုံးမှာလဲ"

"ငါ့လည်း ငါ့မှာ ရှိသမျှ နည်းစနစ်အားလုံး သုံးပြီးပြီ။ ဒီကောင့်မှာ အရမ်း ပြင်းထန်တဲ့ စိတ်ဆန္ဒ ရှိနေလို့ပဲ။ နောက်ပြီးတော့ သူ့ခန္ဓာကိုယ်ထဲမှာ စိတ်ဆန္ဒကို တွယ်ကပ်နေတဲ့ နတ်ဘုရားတစ်ပါးလည်း ရှိသေးတယ်။ သူ့ရဲ့ စိတ်ဆန္ဒကို အပြည့်အ၀ ဖျက်ဆီးဖို့ဆိုရင်

နည်းလမ်းနှစ်ခုပဲ ရှိတယ်... တစ်မျိုးက သူ့ကို ဖြည်းဖြည်းချင်း သတ်.... နောက်တစ်မျိုးက သူ့ရဲ့ နတ်ဘုရားပစ္စည်းကို ဖျက်ဆီးပစ်ဖို့ပဲ...”

“အချိန် ဘယ်လောက် ကျန်သေးလဲလို့ ငါမေးနေတာ မရှင်းဘူးလား....”

အကောင်ကြီးမားသော လူ၏ မျက်လုံးထဲတွင် ရက်စက် ကြမ်းကြုတ်သော အရိပ်အယောင်များ ပေါ်လာသည်။

“သုံးလ... တိုးတက်မှု မြင်ချင်ရင် အနည်းဆုံး သုံးလတော့ လိုလိမ့်မယ်...”

တစ်ခေါင်းလုံး ဆံပင်ဖြူနေသော အဘိုးအိုးက အချိန်တစ်ခုကို ချက်ချင်း ထုတ်ပြောလိုက်သည်။

လူထွားကြီးက အဖိုးအိုကို စိုက်ကြည့်လိုက်ပြီး

“သုံးလ... ဒါ မင်း ပြောတာနော်။ တကယ်လို့ သုံးလအတွင်းမှာ မလုပ်နိုင်ရင် မင်းတို့အားလုံးကို ယစ်ပူဇော် ပစ်မယ်”

လူထွားကြီးက ပြောပြီးသည်နှင့် လှည့်ထွက်သွားသည်။

သူအခန်းထဲမှ ထွက်လာစဉ် သူ့ဘယ်ဘက်လက်ခလယ်ပေါ်က အင်ပါယာ နှလုံးသားလက်စွပ်တုန်ခါသွားသည်။ ဆက်သွယ်ရေး မျက်နှာပြင်ကိုဖွင့်လိုက်လျှင် မက်ဆေ့ချ် တစ်ခုကို မြင်လိုက်ရသည်။

"လူတစ်ယောက်က လင်းရှီကို အသူရာချောက်ကမ်းပါး ဒုတိယအလွှာမှာ တွေ့ထားတယ်... ငါတို့ ဘာလုပ်သင့်လဲ"

လူထွားကြီးက တောက်ပစွာ ပြုံးလိုက်ပြီး တစ်လုံးသာ ပြန်ပြောလိုက်သည်။

"ခေါ်ခဲ့....."

.....

လင်းဟွမ်သည် သူ့တည်နေရာ ပေါက်ကြားပြီး ပစ်မှတ်ထားခြင်း ခံနေရကြောင်း မသိပေ။ ယခုအချိန်၌ သူက အသူရာ ချောက်ကမ်းပါး တတိယအလွှာထဲ ဝင်ရောက်နေသည်။

"ဒီအလွှာမှာ အင်ပါယာ ရွှေဝါရောင်အဆင့် တိုက်ခိုက်ရေး အစွမ်းရှိတဲ့ မွန်းစတားတွေ အများကြီးပဲ။ ငါ့ရဲ့ မျှော့မျိုးစေ့ကို အလွယ်တကူ ရှာတွေ့နိုင်တော့ ဒီနေရာမှာ မြေပုံသုံးလို့ ရမယ့် နည်းလမ်း မရှိဘူး..."

အသူရာ ချောက်ကမ်းပါး တတိယအလွှာသို့ ရောက်သောအခါ သွေးရဲရဲလေး၏ ကူကယ်ရာ မဲ့နေသော အသံက ထွက်ပေါ် လာသည်။

"ထားလိုက်ပါ၊ ငါတို့က အင်ပါယာအဆင့် မွန်းစတားတွေကို အရင်ဆုံး အမဲလိုက်လို့ ရတာပဲ။ ဒါဆိုရင် ဒီဒေသထဲမှာ ဘယ်လို နတ်ဘုရားတစ်ပိုင်း မွန်းစတားတွေက ဘယ်မှာရှိနေလဲ ဆိုတာ သိလိမ့်မယ်"

လင်းဟွမ်က ခေါင်းညိတ်လိုက်ပြီး သူ့နယ်မြေပိုင်နက်အသိထဲတွင် မည်သည့် မွန်းစတားများ ရှိနေလဲဆိုသည်ကို အာရုံခံလိုက်သည်။

အင်မော်တယ် အဆင့်ကို ရောက်ပြီးကတည်းက သူ၏ နယ်မြေပိုင်နက် လွှမ်းခြုံနိုင်သော အကွာအဝေးက ဆယ်ကီလိုမီတာ အထိ ကျယ်ပြန့်လာခဲ့သည်။ အချိန်တစ်ခု ကြာအောင် အာရုံ ခံကြည့်သော်လည်း ဘာမှမတွေ့ပေ။

လင်းဟွမ်သည် ကူကယ်ရာမဲ့သော ခံစားချက်နှင့် လန်စန်လော့ကို ဆင့်ခေါ်လိုက်သည်။

လန်စန်လော့သည် အင်ပါယာ ရွှေဝါရောင်အဆင့်ကို တက်လှမ်းပြီး ကတည်းက သူ၏ နယ်မြေပိုင်နက် အကွာအဝေးသည် ကီလိုမီတာ (၈၀) အထိ ကျယ်ပြန့်လာခဲ့သည်။ ထို့အပြင် သူက အတုယောင် ဒဏ္ဍာရီအဆင့် ဖြစ်နေသောကြောင့် သူ၏ နယ်မြေပိုင်နက် အကွာအဝေးသည် အခြားသော အင်ပါယာ ရွှေဖြူရောင်အဆင့် မွန်းစတားများနှင့် တန်းတူညီတူ ဖြစ်နေသည်။

မကြာခင် လန်စန်လော့က အချိန်တစ်ခု ကြာအောင် အာရုံခံပြီးနောက် ပစ်မှတ်အချို့ကို တွေ့ရှိခဲ့သည်။

“ ငါ့ရဲ့ နယ်မြေပိုင်နက် အသိ အတွင်းမှာ မွန်းစတားသုံးကောင် ရှိတယ်... အင်ပါယာ ရွှေကြက်သွေးရောင် အဆင့်က နှစ်ကောင်၊ အင်ပါယာ ရွှေဝါရောင်အဆင့်က တစ်ကောင်”

“အင်ပါယာ ရွှေဝါရောင် အဆင့်က ဘယ်မှာလဲ...”

လင်းဟွမ်က အင်ပါယာ ရွှေကြက်သွေးရောင် အဆင့် နှစ်ကောင်ကို လျစ်လျူရှုပြီး အင်ပါယာ ရွှေဝါရောင် အဆင့်ကိုသာ မေးလိုက်သည်။

"ငါတို့ရဲ့ (၁၁) နာရီထောင့်၊ ကီလိုမီတာ ခြောက်ဆယ်လောက်မှာ "

"အဲ့ဒါဆိုလည်း သွားစို့..."

လန်စန်လော့က တည်နေရာကို ထုတ်ဖော် ပြောဆိုပြီးသည်နှင့် လင်းဟွမ်က ပစ်မှတ်ထံ ရွေ့လျားသွားသည်။

လန်စန်လော့က နောက်မှ ချက်ချင်း လိုက်ပါသွား၏။

မိနစ်ဝက် မပြည့်ခင် လင်းဟွမ်သည် လန်စန်လော့ ပြောခဲ့သော အင်ပါယာ ရွှေဝါရောင်အဆင့် မွန်းစတား ရှိနေသော နေရာသို့ ရောက်ရှိလာသည်။

ဒါသည် ကြက်သွေးရောင် ကင်းမြီးကောက် နတ်ဆိုး ဖြစ်သည်။ ၎င်း၏ခန္ဓာကိုယ်က အနည်းဆုံး မီတာတစ်ရာကျော် ရှည်ပြီး နီညိုသော အရောင် ရှိ၏။

ဖြာကျနေသော လရောင်အောက်တွင် မွန်းစတားက လျှို့ဝှက် ဆန်းကြယ်သော အလှတရားကို ဖော်ကြူးနေသည်။

"ဒီ အစားအသောက်တွေက ဘယ်လို ဝန်ဆောင်မှု ပေးရမလဲဆိုတာ သိတာပဲ"

ကြက်သွေးရောင် ကင်းမြီးကောက် နတ်ဆိုးသည် သူ့နယ်မြေထဲ လင်းဟွမ်တို့ ကျူးကျော် ဝင်ရောက်လာသည်ကို အာရုံခံမိလျှင် သွားရည်များ ကျလာသည်။ သို့သော်လည်း နောက်ထပ်

တစ်စက္ကန့်တွင် သူ့မျက်လုံးများက မည်းမှောင်သွားပြီး အသိစိတ် လွတ်သွားသည်။

သုံးမိနစ်မပြည့်ခင် ကြက်သွေးရောင်ကင်းမြီးကောက် နတ်ဆိုး၏ ခန္ဓာကိုယ်ကို သွေးရဲရဲလေးက ကပ်ပါးကူးစက်၍ ရုပ်သေးရုပ် အဖြစ်ပြောင်းလဲလိုက်သည်။

သွေးရဲရဲလေးက ကြက်သွေးရောင်ကင်းမြီးကောက် နတ်ဆိုး ခေါင်းထဲရှိ အရာအားလုံးကို မိနစ်အနည်းငယ် အချိန်ယူ ဖတ်ကြည့်ပြီးနောက်...

"အရှေ့တောင်ဘက် ကီလိုမီတာ (၂,၀၀၀) အကွာက စိမ့်တွင်းထဲမှာ မွန်းစတားတစ်ကောင် ရှိတယ်။ အဲ့ဒါက စပါးအုံးအကွက် အဆိပ်ဖားပြုပ်ပဲ...."

လင်းဟွမ်သည် ယခင်ကတည်းက မွန်းစတား စွယ်စုံကျမ်းထဲတွင် စပါးအုံးအကွက် အဆိပ်ဖားပြုပ်ကို မြင်ဖူးသည်။ ထိုကဲ့သို့ မွန်းစတားများသည် အများအားဖြင့် အင်ပါယာအဆင့်မျှသာ ဖြစ်ပြီး ၎င်းတို့၏

အစွမ်းထက်ဆုံး စွမ်းရည်နှစ်ခုမှာ အဆိပ်နှင့် ဝါးမျိုခြင်း ဖြစ်သည်။

ၾငင်းတို့၏ အဆိပ်က အဆင့်တူ မွန်းစတားအားလုံးကို အလွယ်တကူ သတ်ပစ်နိုင်သည်။ ထို့အပြင် သူတို့က အရာအားလုံး တကျွတ်ကျွတ် မြည်အောင် ဝါးစားနိုင်ပြီး မည်သည့်အရာကို မဆို အစာချေဖျက် နိုင်၏။ ဤမွန်းစတား၏ ဗိုက်ထဲသို့ ရောက်သွားသော အရာအားလုံး နီးပါးသည် အဆိပ်၏ တိုက်စားခြင်းကို

ခံစားရပြီး အချိန်တိုလေး အတွင်းမှာပင် အရည်အဖြစ် ပြောင်းလဲသွားကြသည်။

ထို့အပြင် ၎င်း၏ လျှာနှင့် တိုက်ခိုက်သော အရှိန်သည် အလွန် ကြောက်စရာ ကောင်းအောင် လျှင်မြန်လွန်း၏။ အဆင့်တူ မွန်းစတားအများစုကို ထိုးဖောက် နိုင်စွမ်းရှိသည်။ ထုံးစံအတိုင်း ထိုကဲ့သို့ မွန်းစတားများက နတ်ဘုရားတစ်ပိုင်း အဆင့်သို့ မြင့်တက်သွားပါက ပို၍ပင် အစွမ်း ထက်လာကြသည်။ သို့သော်လည်း လင်းဟွမ်သည်

စပါးအုံးအကွက် အဆိပ်ဖားပြုပ် အကြောင်းကို ကြားသောအခါ ပြုံးလိုက်မိသည်။

"ကြည့်ရတာ ငါတို့တွေ ကံကောင်းနေတဲ့ ပုံပဲ"

အခြား သူများဆိုလျှင် ဤကဲ့သို့ မွန်းစတားနှင့် ကြုံတွေ့ရပါက နတ်ဘုရားတစ်ပိုင်း အဆင့် တန်ခိုးရှင် ဖြစ်နေလျှင်ပင် တတ်နိုင်သမျှ ထွက်ပြေးကြလိမ့်မည်။ အဆိပ် ထိမှန်သွားသည်နှင့် တပြိုင်နက် အားနည်းသွားပြီး အဆိပ်ဖားပြုပ်ကို ပြန်လည် တိုက်ခိုက်နိုင်မည့် ဖြစ်နိုင်ခြေက အလွန် နည်းပါးလွန်း၏။

ထို့ကြောင့် စပါးအုံးအကွက် အဆိပ်ဖားပြုပ်ကို အသူရာ ချောက်ကမ်းပါး တတိယအလွှာတွင် အုပ်ချုပ်သူဟု သတ်မှတ်ကြသည်။ အခြားသော နတ်ဘုရားတစ်ပိုင်း အဆင့် မွန်းစတားများနှင့် နှိုင်းယှဉ်ပါက ထိုမျှ အစွမ်းထက်ခြင်း မရှိသော်လည်း ၎င်း၏ တိုက်ခိုက်ရေးအစွမ်းမှာ အဆိပ်များနှင့် ပေါင်းစပ်ထားသောကြောင့် တစ်မူထူးခြား နေသည်။

နှစ်ရာပေါင်းများစွာ အတွင်းတွင် နတ်ဘုရားတစ်ပိုင်း လူသားသုံးယောက် အသတ်ခံရပြီး ကျန်သည့်လူများက ခွေးပြေးဝက်ပြေး

ထွက်ပြေး ခဲ့ရသည်။ ၎င်း၏ နယ်မြေကို ကျူးကျော်ရန် ကြိုးစားခဲ့သော နတ်ဘုရားတစ်ပိုင်း မွန်းစတားနှစ်ကောင်လည်း နောက်ဆုံးတွင် ၎င်း၏ အစာ ဖြစ်သွားခဲ့သည်။ အခြားတစ်ကောင်မှာမူ အသက်ရှင်လျက် ထွက်ပြေး နိုင်ခဲ့သော်လည်း အဆိပ်၏ တိုက်ခိုက်မှုကြောင့် တစ်ဝက်တစ်ပျက်သာ လွတ်မြောက်နိုင်ခဲ့သည်။

ထို့ကြောင့် အခြား မွန်းစတားများက ၎င်းကို အသူရာချောက် ကမ်းပါး၏ အရှေ့တောင်ဘက် ဒေသကို သိမ်းပိုက်ခွင့်ပြုထားပြီး မည်သည့် လူသား၊

မည်သည့် မွန်းစတားများကမှ သူ့ကို ရန်စလိုခြင်း မရှိကြပေ။

သို့သော်လည်း လင်းဟွမ်ကမူ ထိုအရာအားလုံးကို မသိပေ။ အသူရာချောက် ကမ်းပါး တတိယအလွှာနှင့် ပတ်သက်သည့် အချက်အလက်များ ကိုပင် မကြည့်ခဲ့ချေ။ သူသည် အသူရာ ချောက်ကမ်းပါး တတိယအလွှာကို ပထမဦးဆုံး ဝင်ရောက်ခြင်းလည်း ဖြစ်သော်လည်း အထဲ ရောက်သည်နှင့် နတ်ဘုရားတစ်ပိုင်းများ၏ မြေပုံကိုသာ ကြည့်ခဲ့သည်။

အသူရာ ချောက်ကမ်းပါး တတိယအလွှာ၏ မြေပုံထဲတွင် နတ်ဘုရားတစ်ပိုင်း အဆင့်ရှိ မွန်းစတား တစ်ကောင်ချင်းစီ၏ နယ်မြေကို အတိအကျ မှတ်သားထားသည်။

လင်းဟွမ်က စပါးအုံးအကွက် အဆိပ်ဖားပြုပ်နှင့် ရင်ဆိုင်ရခြင်းက ကံကောင်းသည်ဟု ပြောရသည့် အကြောင်းအရင်းမှာ နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်များ၏ ခန္ဓာကိုယ်က ပရိုတိန်းစ်နှင့် အတူတူ ဖြစ်နေသောကြောင့် အဆိပ် ပြီးနေသလို အဆိပ်များက သူတို့ ခန္ဓာကိုယ်ထဲ

မဝင်ရောက်နိုင်ပေ။ ထို့ကြောင့် စပါးအုံးအကွက် အဆိပ်ဖားပြုပ်၏ အစွမ်းထက်သော စွမ်းရည်နှစ်ခုကို စိန်ခေါ်ရန် ပြီးပြည့်စုံ နေသည်။

လင်းဟွမ်သည် လန်စန်လော့ကို ကတ်ပုံစံ ပြန်သိမ်းပြီးနောက် သွေးရဲရဲလေးနှင့် အတူ စပါးအုံးအကွက် အဆိပ်ဖားပြုပ် နယ်မြေထဲသို့ ဦးတည် ပျံသန်းသွားသည်။

## အခန်း(၉၈၁) - နတ်ဘုရား တစ်ပိုင်း ရှုံးသွားပြီ..

လင်းဟွမ်သည် ကီလိုမီတာ နှစ်ထောင်ကျော် ခရီးကို ဖြတ်ကျော်ရန် (၁၀) မိနစ်သာ အချိန်ယူခဲ့ရသည်။

သူ့ခရီးစဉ် အတွင်းတွင် အင်ပါယာ ရွှေဖြူရောင်အဆင့် မွန်းစတားတစ်ကောင်၏ နယ်မြေကို ဖြတ်ကျော်ချိန်၌ တိုက်ခိုက် ခံရသည်မှလွဲ၍ ကျန်သည့် မွန်းစတား၏ တိုက်ခိုက်ခြင်းကို မခံခဲ့ရပေ။

အကြောင်းမူ ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်ကို ချက်ချင်း ဆင့်ခေါ်ခဲ့သောကြောင့် ဖြစ်သည်။ ၎င်း၏ ကြောက်စရာ ကောင်းသော အင်ပါယာ ရွှေခရမ်းရောင် တိုက်ခိုက်ရေး အဆင့်နှင့် အစစ်အမှန် ဝိညာဉ်၏အော်ရာက မြေပြင် တစ်ခုလုံး ပျံ့နှံ့ပြီး ပွဲတင်ထပ် သွားသည်။

ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်နှင့် တိုက်ခိုက်ရေး အဆင့်တူသော မွန်းစတားများ အပါအဝင် မွန်းစတား အားလုံးသည် တုန်လှုပ် သွားကြသည်။ မည်သူမှ ပြဿနာ မရှာရဲကြပေ။

စပါးအုံးအကွက် အဆိပ်ဖားပြုပ်သည် ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်၏ အော်ရာက သူ့နယ်မြေထဲ ဝင်လာသောအခါ ချက်ချင်း အာရုံခံမိခဲ့ပြီး ထိတ်လန့်ကြောက်ရွံ့စရာ ကောင်းသော အော်ရာက သူ၏ နောက်ကျောကိုပင် အေးစိမ့် သွားစေသည်။

"ဒီ ကြောက်စရာကောင်းတဲ့ အော်ရာ..... ဒဏ္ဍာရီလာ သန္ဒေလေးကြိမ်ပြောင်း မွန်းစတားပဲ ဖြစ်ရမယ်။ ကီလိုမီတာ ရာပေါင်းများစွာ ဝေးနေတဲ့

အချိန်မှာတောင် ငါ့ရင်ထဲ တုန်လှုပ်ချောက်ချားမိတယ်"

သို့သော်လည်း စပါးအုံးအကွက် အဆိပ်ဖားပြုပ်၏ အကြောက်တရားက ၎င်းကို ဆုတ်ခွာရန် အကြံ မပေးနိုင်ခဲ့ချေ။ ထိုအစား တိုက်ပွဲဝင်ချင်စိတ် မြင့်တက်လာခဲ့သည်။

"ဒီကောင့်ကို သတ်ပြီး စားလိုက်တာနဲ့ ငါက ဒဏ္ဍာရီအဆင့် သန္ဓေလေးကြိမ် ပြောင်းသွားဖို့ များတယ်။ ဒီထက် ကံကောင်းရင်တော့ ငါ့ရဲ့

တိုက်ခိုက်ရေး အဆင့်တောင် မြင့်တက်သွားပြီး အတုယောင် နတ်ဘုရား ဖြစ်လာနိုင်တယ်”

ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်က အရှိန်အဟုန် မြှင့်တင်၍ ပြေးလာနေသည်ကို အာရုံခံမိလျှင် စပါးအုံးအကွက် အဆိပ် ဖားပြုပ်သည် သွားရည် ကျလာပြီး ၎င်းနယ်မြေအတွင်းတွင် လျင်မြန်စွာ ရွေ့လျားနေသည်။

တစ်ချိန်တည်းမှာပင် ဖျက်ဆီးခြင်း နတ်ဘုရား ဘေးတွင်ရှိသော လင်းဟွမ်ကိုမူ လုံးဝ လျစ်လျူရှုထား၏။

နောက်ဆုံး၌ (၂ ) မိနစ်၊ (၃) မိနစ်ခန့် ကြာပြီးနောက် လင်းဟွမ်နှင့် ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင် တို့သည် စပါးအုံးအကွက် အဆိပ်ဖားပြုပ် ရှိရာ ရွံ့နွံအထက်သို့ ရောက်လာကြသည်။

လင်းဟွမ်က ရေနေ ကုန်းနေ သတ္တဝါ၏ အရိပ်အယောင်ကို မမြင်ရသေးခင် အနီးရောင် အလင်းတန်း တစ်ခုက လေထုကို ဖြတ်သန်းပြီး ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်၏ နှလုံး ရှိရာသို့ ပစ်မှတ်ထားကာ ပြေးဝင်လာသည်။

လင်းပွမ်၏ မျက်လုံးထဲတွင် ဖျတ်ခနဲသာ မြင်လိုက်ရသည်။ သူ မြင်လိုက်ရသည့် အရာမှာ ကောင်းကင်ပေါ်တွင် အနီရောင် အလင်းတစ်ခု ဖျတ်ခနဲ လက်သွားပြီး မိုးခြိမ်းသံ ကဲ့သို့ ကျယ်လောင်သော အသံပေး၍ ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်ထံ ဝင်လာသည်ကိုသာ မြင်ခဲ့ရသည်။

ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်သည် အမြောက်မှ ပစ်လွှတ်ခံရသော ကျည်ဆံကဲ့သို့ လွင့်ထွက်သွားပြီး ကီလိုမီတာ ဆယ်ပေါင်းများစွာ

ဝေးသော တောင်တန်းကြီးများကို တဖောင်းဖောင်း မြည်အောင် ဖြတ်တိုက်သွားသည်။

စပါးအုံးအကွက် အဆိပ်ဖားပြုပ်သည် ၎င်း၏ တိုက်ခိုက်မှုက ပြိုင်ဘက်ကို ထိမှန်သွားပြီးနောက် ရန်သူ၏ ခုခံမှုက ၎င်း ထင်ထားသည်ထက် ပို၍ အစွမ်းထက်နေကြောင်း သဘော ပေါက်သွားသည်။

၎င်း၏ တိုက်ခိုက်မှုက ပြိုင်ဘက်၏ ခံစစ်ကို မချိုးဖောက်နိုင်ခဲ့သည့် အတွက် အံ့အားသင့်နေသည်။ လက်ရှိ ပြိုင်ဘက်က သူထင်ထားသည်ထက် ပို၍ အထင်ကြီးစရာ ကောင်းကြောင်း သိလိုက်သည်။

“ဒဏ္ဍာရီလာ မွန်းစတားလို့ ခေါ်ထိုက်ပါတယ်..”

စပါးအုံးအကွက် အဆိပ်ဖားပြုပ်သည် ၎င်း၏ တိုက်ခိုက်မှုက ကျရှုံးသွားသော်လည်း စိတ်ဓါတ်မကျသွားသည့်အပြင် ပို၍ပင် စိတ်အားထက်သန်လာသည်။ ရန်သူက ပို၍ အစွမ်းထက်လေလေ ဝါးမျိုလိုက်သည်နှင့် ရရှိလာမည့် အကျိုးကျေးဇူးများက ပို၍ များလေလေ ဖြစ်သည်။

ရာစုနှစ်တစ်လျှောက် အတွင်းက တိုက်ပွဲများထဲ၌ တစ်ခါမှ မရှုံးဖူးသောကြောင့် ပြိုင်ဘက်အား မနိုင်လျှင် မည်ကဲ့သို့ ဖြစ်လာမလဲ ဆိုသည်ကို

မသိသလို ဖြစ်လာမည့် အကျိုးဆက်ကိုလည်း တစ်ခါမှ မတွေးခဲ့ဖူးပေ။

ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်ဆိုသည်မှာ အစစ်အမှန် ဝိညာဉ်များကြားထဲ၌ ခုခံကာကွယ်နိုင်စွမ်းတွင် အမြဲတမ်း ဆရာတစ်ပါး ဖြစ်ခဲ့သည်။ အဆင့်တူ အခြားသော အစစ်မှန် ဝိညာဉ်များ၏ တိုက်ခိုက်မှုက ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်အတွက် မည်သို့မှ မနေစေဘဲ ၎င်း၏ ခုခံ အကာအကွယ် စွမ်းရည်ကို ဖြတ်ကျော်နိုင်ရုံမျှသာ ဖြစ်လေ့ရှိသည်။

အခြားသော အင်ပါယာ ရွှေခရမ်းရောင်အဆင့်သို့မဟုတ် ဒဏ္ဍာရီအဆင့် မွန်းစတားများပင် စပါးအုံးအကွက် အဆိပ်ဖားပြုပ်၏ တိုက်ခိုက်မှုကြောင့် သေလျှင်သေ မသေလျှင်ပင် ဒဏ်ရာ ပြင်းပြင်းထန်ထန် ရရှိကြလိမ့်မည်။

ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည် ဆင်အတွက်မူ ထိခိုက်မှုကြောင့် နာကျင်ရန် မဆိုထားနှင့် အယားပင် မပြေခဲ့ချေ။ ဤကဲ့သို့ သက်ရောက်မှုကြောင့် အနည်းငယ် စိတ်တို သွား၏။

ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည် ဆင်က သူ့အပေါ် ပြိုကျလာသော မြေကြီးခဲများ၊ ကျောက်တောင်၊ ကျောက်ခဲများကို ခါချပြီး စပါးအုံးအကွက် အဆိပ်ဖားပြုပ် ရှိရာသို့ စိုက်ကြည့်လိုက်သည်။ ဒေါသ စိတ်ကြောင့် မျက်လုံးများ နီရဲနေပြီး အင်မတန် ဒေါသ ထွက်နေသည်။

“ဝူး..”

ဖျက်ဆီးခြင်းနတ်ဘုရား အမွေးရှည်ဆင်က (၁၀) ကီလိုမီတာအကွာမှ အသံရှည်ကြီးတစ်ခု အော်ဟစ်

လိုက်သည်။ နှာမောင်းကလည်း ရှည်လျားပြီး ကြီးမားသော သစ်ပင် ပင်စည်ကြီးတစ်ခုကို ထုချေပြီး မီးသွေးခဲရောင် ကံကြမ္မာစွမ်းအားကို ထည့်သွင်း၍ စပါးအုံးအကွက် အဆိပ်ဖားပြုပ် ရှိရာသို့ ပစ်လွှတ်လိုက်သည်။

ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်သည် အမြန်နှုန်းအတွက် မွေးဖွားလာသော မွန်းစတား မဟုတ်သော်ငြားလည်း အမြန်နှုန်းနှင့် ပတ်သက်သော တိုက်ခိုက်ခြင်းမျိုးဖြင့် တိုက်ခိုက်ခြင်းက ပညာနည်းသည်ဟု မဆိုလိုပေ။

ဤပြင်စည်ကို ကိုင်၍ ကြာပွတ် ရိုက်ချက်နှင့် ရိုက်ခြင်းသည် အမွေ ဆက်ခံထားသော မှတ်ဉာဏ်ထဲတွင် အကောင်းဆုံး၊ အမြန်ဆုံး အဝေးရောက် တိုက်ခိုက်မှု ဖြစ်သည်။ ၎င်း၏ တိုက်ခိုက်မှု အမြန်နှုန်းက ယခင်က စပါးအုံးအကွက် အဆိပ်ဖားပြုပ် တိုက်ခိုက်ခဲ့သည့် တိုက်ခိုက်မှုထက် နှေးကွေးခြင်း မရှိပေ။

စပါးအုံးအကွက် အဆိပ်ဖားပြုပ်သည် ၎င်း၏ ပြိုင်ဘက်ထံမှ ဤမျှ လျင်မြန်သော အဝေးရောက်

တိုက်ခိုက်မှုမျိုး ထွက်ပေါ်လာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

မီးခိုးရောင်ပင်စည် ကြာပွတ်က သူ့ခန္ဓာကိုယ်အနီး ရောက်လာသော အခါမှသာ အသိစိတ်ပြန်ဝင်လာသည်။ ခြေထောက် နှစ်ဖက်ကို အားထည့်၍ လေထဲခုန်ကာ တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်သည်။ ကံဆိုးသည်မှာ နောက်ကျသွားခဲ့ပြီ။ ပင်စည်ကြာပွတ်က ၎င်း၏ ခန္ဓာကိုယ်ကို ထိမှန်သွားသည်။

ကြောက်စရာကောင်းသော တိုက်ခိုက်မှု အောက်တွင် ၎င်း၏ ခန္ဓာကိုယ်တစ်ဝက်ကို ပြင်းထန်သော စွမ်းအားက ထိမှန် သွားခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် ၎င်း၏ ခန္ဓာကိုယ်သည် အမြှောက်မှ ပစ်လွှတ်လိုက်သော ကျည်ဆံတစ်ခု ကဲ့သို့ လွင့်ထွက်သွားပြီး ခပ်လှမ်းလှမ်းမှ တောင်ပေါ်သို့ ပြုတ်ကျသွားသည်။

လင်းဟွမ်သည် ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်၏ လှုပ်ရှားမှုကို ရှင်းရှင်းလင်းလင်း မမြင်လိုက်ရပေ။ သူ မြင်လိုက်ရသည်မှာ

ကောင်းကင်ပေါ်တွင် မီးခိုးရောင် အလင်းတစ်ခု ဖျတ်ခနဲ လက်သွားခြင်းသာ ဖြစ်သည်။ ထို့နောက် ခပ်လှမ်းလှမ်းမှ တောင်များ ပြိုကျသွားသည်ကို မြင်လိုက်ရသည်။

တောင်များ ပြိုကျ နေချိန်တွင် ကြာပွတ်ရိုက်သံများ အဆက်မပြတ် ထွက်ပေါ်နေသည်ကိုသာ ကြားနေရသည်။ ခဏအကြာ တောင်များ ပြိုကျနေသော အသံများ အဆက်မပြတ် ထွက်ပေါ်လာပြန်သည်။

တောင်၏ ကျောက်ဆောင် ကျောက်ခဲထဲတွင် နက်ရှိုင်းစွာနစ် မြှုပ်နေသော စပါးအုံးအကွက် အဆိပ်ဖားပြုပ်၏ မျက်နှာပြင် တစ်ခုလုံးတွင် ကြောက်ရွံ့ ထိတ်လန့်နေသော အမူအရာများ ပေါ်နေ၏။

ပြိုင်ဘက်တွင် ဤမျှ ကြောက်စရာ ကောင်းသော ကာကွယ်ရေး စွမ်းရည်မျိုး ရှိလိမ့်မည်ဟု မထင်ခဲ့သလို ကြောက်စရာ ကောင်းသော တိုက်ခိုက်မှု မျိုးလည်း ထွက်ပေါ်လိမ့်မည်ဟုလည်း

မထင်ထားခဲ့ချေ။ ဤတိုက်ခိုက်မှု တစ်ခုတည်းကပင် သူ့ခန္ဓာကိုယ် ပျက်စီးလုနီးပါး ဖြစ်သွားခဲ့သည်။

"ဒဏ္ဍာရီအဆင့် မွန်းစတား တစ်ကောင်က တကယ် ကြောက်စရာ ကောင်းတာပဲ.. ကြည့်လိုက်ရင်တော့ ခက်ခက်ခဲခဲ အားထုတ်စရာ မလိုဘဲ အလွယ်တကူ သတ်နိုင်မယ့် ပုံစံ ရှိသလိုလိုနဲ့"

နောက်ဆုံး၌ အဆိပ်ဖားပြုပ်သည် ပြိုင်ဘက်အပေါ် အလေးအနက် ထားလာသည်။ သူ့၏ရန်သူက အင်ပါယာ ရွှေခရမ်းရောင် အဆင့်သာ

ရှိသော်လည်း သူနှင့် အဆင့်တူသော တိုက်ခိုက်ရေး စွမ်းအားမျိုး ရှိနေ၏။

စပါးအုံးအကွက် အဆိပ်ဖားပြုပ်က အဝေး လွင့်ထွက်သွားသော်လည်း မသေ သေးကြောင်း ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်က သိနေသည်။ ခန္ဓာကိုယ် ဖျတ်ခနဲ လှုပ်သွားပြီး နောက်ထပ် အခိုက်အတန့်တွင် စပါးအုံးအကွက် အဆိပ်ဖားပြုပ် ရှိနေသော ချောက်ကမ်းပါး အပေါ်တွင် ပေါ်လာသည်။ အောက်ကိုပင် ငုံ့မကြည့်ဘဲ လေထဲ ဆောင့်နင်းလိုက်သည်။

တောင်တစ်ခုလုံးသည် မမြင်နိုင်သော အားတစ်ခုက သက်ရောက် လိုက်သကဲ့သို့ ပြားချပ်ပြီး မြေမှုန့်အဖြစ် ပြောင်းလဲသွားသည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် ဥက္ကာခဲတစ်ခု ကျရောက်သွားသကဲ့သို့ မီတာ (၂၀) ကျယ်သော တွင်းကြီးတစ်ခု ဖြစ်ပေါ်လာသည်။

ထိုအခိုက်တန့်တွင် တွင်း၏ အောက်ခြေမှ အနီရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာသည်။

ဤတစ်ကြိမ်တွင် စပါးအုံးအကွက် အဆိပ်ဖားပြုပ်၏ တိုက်ခိုက်မှုက ပထမဦးဆုံး

တစ်ခေါက် တိုက်ခိုက်ခဲ့သည့် တိုက်ခိုက်မှုထက် အဆအနည်းငယ် ပိုမြန်နေသည်။ ထို့အပြင် ယခုတစ်ကြိမ် တိုက်ခိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အနီရောင် အလင်းတန်းမှာ နေလုံးတစ်ခု ကဲ့သို့ တောက်ပလွန်း၏။

ဤတစ်ကြိမ်တွင် ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်က သူ၏ ခြေထောက်နှစ်ချောင်းကို စုံမြောက်ပြီး နောက်တစ်ကြိမ် နင်းချလိုက်သည်။

လေထဲတွင် ရောမတိုင်ကြီးနှင့် တူသော ဆင်ခြေထောက်ကြီး ပေါ်လာပြီး မြေပြင်ပေါ် ကျရောက်သွားသည်။

ထူးဆန်းစွာပင် အနီရောင် အလင်းတန်းနှင့် ဆင်ခြေထောက်ကြီးသည် ပြင်းပြင်းထန်ထန် ထိပ်တိုက် ထိမိသွားကြသည်။ ထို့နောက် ထိုနေရာကို ဗဟိုပြု၍ ချူကလီးယားဗုံး ဖောက်ခွဲလိုက်သကဲ့သို့ စူးရှ တောက်ပသော ရွှေရောင် အလင်းရောင်များ ဖြာထွက် လာသည်။ တစ်ခဏအတွင်းမှာပင်

ကီလိုမီတာ ထောင်ပေါင်းများစွာအထိ ညမှနေ့အဖြစ် ပြောင်းလဲသွားသည်။

မွန်းစတားများသည် တိုက်ခိုက်သော နေရာကို ကြောက်လန့်တကြား လှမ်းကြည့်လိုက်ကြသည်။

တိုက်ပွဲကို စောင့်ကြည့်နေသော လင်းဟွမ်ကိုပင် အမြီးကိုးချောင်း လင့်ကြောင်မြီးတိုက အနိမ့်အမြင့် ဒိုင်မေးရှင်းထဲ ဆွဲသွင်း လိုက်သည်။ တစ်ချိန်တည်းမှာပင် အပူချိန်က ဘီလီယံ ပေါင်းများစွာ မြင့်တက်နေသော မွန်းစတား နှစ်ကောင်၏ တိုက်ပွဲဗဟိုမှ ကီလိုမီတာ

ရာပေါင်းများစွာ ဝေးကွာသော နေရာသို့ ရောက်အောင် နောက်ဆုတ်သွားသည်။

ထိုနေရာအတွင်းမှ အရာအားလုံး ပျက်စီးကုန်သည်။ ထိုပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော စွမ်းအင်လှိုင်းများက ရေဖိအားပြင်းထန်သော ကီလိုမီတာ (၃,၀၀၀) အနက်မှ ရေထုကြီး တစ်ခုအလား အရာခပ်သိမ်းကို ဖျက်ဆီးသွားခဲ့သည်။

အဆင့် (၁၈) တိုင်ဖွန်း မုန်တိုင်းကြီးများ မရေမတွက်နိုင်အောင် တိုက်ခိုက်နေသကဲ့သို့

အပင်များ ပျက်စီးကုန်သည်။ ကီလိုမီတာ (၃,၀၀၀) အတွင်းက အင်ပါယာ ရွှေဝါရောင်အဆင့် မွန်းစတား အားလုံးသည် ထိုစွမ်းအင်လှိုင်း၏ သက်ရောက်မှုကြောင့် သေဆုံးကုန်၏။ အင်ပါယာ ရွှေဝါရောင် အဆင့်နှင့် အင်ပါယာ ရွှေဖြူရောင် အဆင့်များပင် တောင်ခံနိုင်ခြင်း မရှိဘဲ အသီးသီး ဒဏ်ရာ ရကုန်ကြသည်။

ထိုအချိန်တွင် တိုက်ပွဲ၏ အလယ်ဗဟိုတွင် ရှိနေသော ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်က အောက်ဘက် တစ်နေရာကို အန္တရာယ်ပေးချင်သော

မျက်လုံးများနှင့် စိုက်ကြည့်နေသည်။ ယခုအခါ၌ စပါးအုံးအကွက် အဆိပ်ဖားပြုပ်သည် အသက် ရှင်နေသေးသော်လည်း သေလုမျောပါး ဖြစ်နေပြီး အစောပိုင်းက ၎င်း၏ တိုက်ခိုက်မှုထဲတွင် ခန္ဓာကိုယ်ထဲက နတ်ဘုရား စွမ်းအားများကို ထည့်သွင်းခဲ့သည်။ သို့သော်လည်း ၎င်း၏ရန်သူက ကံကြမ္မာစွမ်းအား အသုံးပြု၍ သူ၏ အပြင်းထန်ဆုံး တိုက်ခိုက်မှုကို ဖိနှိပ်နိုင်လိမ့်မည်ဟု မမျှော်လင့် ထားခဲ့ပေ။

နတ်ဘုရား စွမ်းအားကို နောက်တစ်ကြိမ် အသုံးပြုရုံမှလွဲ၍ ရွေးချယ်စရာ မရှိသည့်အချိန်၌ ရန်သူ၏ ကံကြမ္မာစွမ်းအားများက အဆုံးမရှိ ဖြစ်နေပုံ ရသည်။ နောက်ဆုံး၌ သူ့ခန္ဓာကိုယ်ထဲက နတ်ဘုရား စွမ်းအားများ လုံး၀ ကုန်ဆုံးသွားပြီး လုံး၀ ရှုံးနိမ့်ခဲ့ရသည်။ ခန္ဓာကိုယ်ထဲရှိ နတ်ဘုရား စွမ်းအား ကုန်ဆုံး သွားသဖြင့် ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုကို ကာကွယ်ရန် ကံကြမ္မာစွမ်းအားကိုသာ အသုံးပြုခဲ့ရသည်။

သို့သော်လည်း နတ်ဘုရား စွမ်းအားကြောင့် ဖြစ်ပေါ်လာသော ပေါက်ကွဲမှုကို ကံကြမ္မာစွမ်းအား အသုံးပြု၍ ကာကွယ်ခြင်းက မလုံလောက်ခဲ့ပေ။

သူ၏ ပြိုင်ဘက်က အသက်ရှင်သေးနေသည့် အရိပ်အယောင်ကို ခံစားမိလျှင် ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်သည် နှစ်ခါပြန် မတွေးဘဲ နောက်တစ်ကြိမ် နင်းချလိုက်သည်။

အကာအကွယ် လုံး၀ မရှိသော စပါးအုံးအကွက် အဆိပ် ဖားပြုပ်သည် ကျောက်တုံး

ကျောက်ခဲများနှင့်အတူ အနင်းခံရပြီး နံပြားကဲ့သို့ ပြားကပ်သွားတော့သည်။

## အခန်း(၉၈၂) - ကျင့်ကြံခြင်း နည်းစနစ်၏ ဆိုးရွားလှသော ချို့ယွင်းချက်

"စပါးအုံးအကွက် အဆိပ် ဖားပြုပ် (နတ်ဘုရားတစ်ပိုင်းအဆင့်) ကို သတ်လိုက်တဲ့အတွက် ဂုဏ်ပြုပါတယ်။ ဒဏ္ဍာရီအဆင့် စပါးအုံးအကွက် အဆိပ်ဖားပြုပ် မွန်းစတားကတ် အပိုင်းအစနှစ်ခု ရရှိပါတယ်"

လင်းဟွမ်သည် ရှောင်ဖိန်ထံမှ အကြောင်းကြားချက်ကို ကြားရသည့် အချိန်မှသာလျှင်

စပါးအုံးအကွက် အဆိပ်ဖားပြုပ် သေဆုံးသွားကြောင်း သိလိုက်ရသည်။

"ဒီလိုပဲ ပြီးသွားတာလား...."

လင်းဟွမ်သည် အနိမ့်အမြင့် ဒိုင်မေးရှင်းထဲမှ ခုန်ထွက်လာပြီး နက်ရှိုင်းစွာ ပြိုကျနေသော တွင်းထဲ ခုန်ဆင်းသွားသည်။ ထို့နောက် စိတ်ဝိညာဉ် လှိုင်းများနှင့် မြေအောက်ထဲတွင် ပြားချပ်နေသော စပါးအုံးအကွက် အဆိပ်ဖားပြုပ် အလောင်းကို ထုတ်ယူလိုက်သည်။

ကြေကွဲစရာ ကောင်းသော အလောင်းကို မြင်လိုက်ရသည့် အချိန်တွင် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် နောက်တစ်ကြိမ် ထပ်ပေါ်လာသည်။

"စနစ်က နတ်ဘုရားတစ်ပိုင်း ဝိညာဉ်နဲ့ နတ်ဘုရား ဦးခေါင်း (အကျိုးအပဲ့) ကို တွေ့ထားပါတယ်။ သိမ်းယူချင်လား"

"သိမ်းမယ်..."

လင်းဟွမ်က အတည် ပြုလိုက်သည်။

ဒီတစ်ကြိမ် နတ်ဘုရား တစ်ပိုင်းများကို အမဲလိုက်ရသော ခရီးစဉ်၏ အဓိက ရည်ရွယ်ချက်မှာ နတ်ဘုရားတစ်ပိုင်း ဝိညာဉ်များကို ရရှိစေရန် ဖြစ်သည်။ ကျိုးပဲ့နေသော နတ်ဘုရား ဦးခေါင်းအတွက်မူ သိမ်းသာ သိမ်းလိုက်ရသော်လည်း ဘာလုပ်ရမလဲ ဆိုသည်ကို သူ မသိပေ။

အသေးစား ကမ္ဘာများနှင့် မဟာကမ္ဘာများမှ မှတ်ဉာဏ်များအရ နတ်ဘုရား ဦးခေါင်းများကို ပေါင်းစည်း နိုင်သော်လည်း နတ်ဘုရားဦးခေါင်း ပေါင်းစည်းခြင်းကြောင့် အဆင့်တက်လှမ်းလာသော

နတ်ဘုရားများသည် တိုက်ခိုက်ရေး အဆင့်ကို ထာဝရ မြှင့်တင်နိုင်ခြင်း မရှိတော့ပေ။ ထို့ကြောင့် လူအများက အခြားသူများ၏ ကျိုးပဲ့နေသော နတ်ဘုရား ဦးခေါင်းများ မဆိုထားနှင့် ကောင်းမွန်သော နတ်ဘုရားဦးခေါင်းကိုပင် ပေါင်းစည်း ချင်စိတ် မရှိကြပေ။

မိနစ်ဝက် မပြည့်ခင် အချိန်မှာပင် လင်းဟွမ် လက်ထဲတွင် နတ်ဘုရားတစ်ပိုင်း ဝိညာဉ်ကတ်နှင့် နတ်ဘုရားဦးခေါင်း (ကျိုးပဲ့) ကတ် ပေါ်လာသည်။

လင်းဟွမ်က နတ်ဘုရားတစ်ပိုင်း ဝိညာဉ်ကတ်ကို ခန္ဓာကိုယ်ထဲ သိမ်းလိုက်ပြီး ကျိုးပွဲနေသော နတ်ဘုရား ဦးခေါင်းကတ်ကို ချေမွလိုက်သည်။

ပုံမှန် မဟုတ်သော လက်မအရွယ် မီးသွေးခဲပုံစံ သလင်းကျောက်တစ်ခုက သူ့လက်ထဲ ပေါ်လာသည်။ ၎င်းသည် ဖန်သားပြင်ကဲ့သို့ ကြည်နေပြီး သူ့မျက်နှာကို ပင် ရောင်ပြန်ဟပ်နေ၏။

“ဒီနတ်ဘုရားဦးခေါင်း အကျိုးအပဲ့က ဘာလုပ်လို့ ရတာလဲ”

"တခြားလူတွေ အတွက်တော့ အသုံးဝင်ချင်မှ ဝင်လိမ့်မယ်။ ဒါပေမယ့် မင်းအတွက်တော့ အသုံးဝင်တဲ့ ပစ္စည်းပဲ.."

ကျောက်ပြားက ပြုံးပြီး ရုတ်တရုတ် ပြောလိုက်သည်။

"အသုံးဝင်တယ်.....။ တခြား သူတွေရဲ့ နတ်ဘုရားဦးခေါင်းနဲ့ မပေါင်းချင်ပါဘူးကွာ။ ဒီ ကျိုးပဲ့နေတဲ့ နတ်ဘုရားဦးခေါင်းဆို စကားထဲတောင် ထည့် မပြောချင်နဲ့တော့.."

လင်းဟွမ်သည် အတုယောင် နတ်ဘုရားအဆင့်သို့ တက်လှမ်းရန် ယုံကြည်ချက် အလွန် ရှိသော်လည်း အခြား သူတစ်ယောက်၏ နတ်ဘုရားဦးခေါင်းနှင့် ပေါင်းစပ်သည့် နည်းလမ်း မဟုတ်ပေ။

"ငါက မင်းကို ပြန်သန့်စင်ဖို့ ပြောနေတာ။ ပေါင်းစည်းဖို့ ပြောနေတာ မဟုတ်ဘူး"

ကျောက်ပြားက အနည်းငယ်ပြုံးပြီး ရှင်းပြသည်။

"သန့်စင်မယ်။ ဒီဟာကြီးကို သန့်စင်ပြီးရင် ဘယ်လိုလုပ် ရမှာတုန်း"

ယခုအခါမှ လင်းဟွမ်သည် ပို၍ပင် စဉ်းစားမရ ဖြစ်လာသည်။

"မင်းရဲ့ ကျင့်ကြံရေး နည်းစနစ်နဲ့ အင်ပါယာ အဆင့်ကို အောင်မြင်စွာ တက်လှမ်းနိုင်မယ်လို့ မင်း ထင်နေတာလား.."

ကျောက်ပြားက လင်းဟွမ်၏ မေးခွန်းကို ပြန်မဖြေဘဲ ထိုအစား မေးခွန်းတစ်ခု ထပ်မေး လိုက်သည်။

လင်းဟွမ်သည် ကျောက်ပြား၏ မေးခွန်းကို ကြားသောအခါ ကြောင်သွားသည်။ ယခင်က

ဤအကြောင်းကို တစ်ခါမှ မတွေးဖူးပေ။ အကြောင်းမူ သူသည် အင်ပါယာအဆင့်သို့ မတက်လှမ်းခင် ကျန်ရှိနေသော နတ်ဘုရားရုပ်ထု တိုက်ခိုက်ရေး ဝိညာဉ် သုံးခုကို စိတ်ကူးယဉ် မြင်ယောင်ကြည့်ရန် အချိန် တစ်လကျော် လိုအပ်နေသောကြောင့် ဖြစ်သည်။

ထို့အပြင် နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်များကို ပျိုးထောင်ရန် အချိန်လည်း လိုအပ် နေသေးသည်။ ထို့ကြောင့် အင်ပါယာအဆင့်သို့

အမှန်တကယ် တက်လှမ်းမည်ဆိုပါက အနည်းဆုံး နှစ်လကျော် ကြာမြင့်လိမ့်မည်။

သို့သော်လည်း ယခုအခါ ကျောက်ပြားက သူ့ကို မေးခွန်းထုတ်လာခဲ့ပြီ ဖြစ်သောကြောင့် လင်းဟွမ်အား အင်ပါယာအဆင့်သို့ မည်ကဲ့သို့ တက်လှမ်းရမလဲ ဆိုသည့်အချက်ကို ခက်ခက်ခဲခဲ စဉ်းစားစေခဲ့သည်။ လင်းဟွမ်သည် စဉ်းစားနေရင်း ပို၍ မျက်မှောင်ကြုတ်လာသည်။

"ငါ အမွေဆက်ခံထားတဲ့ နတ်မီးလျှံက အင်ပါယာအဆင့် မွန်းစတားရဲ့ ကံကြမ္မာ အုတ်မြစ်ကို

မယူနိုင်ဘူး။ ဒါဆို လက်ရှိ ကျင့်ကြံခြင်း နည်းစနစ်နဲ့ ငါက အင်ပါယာအဆင့် တက်လို့ မရနိုင်ဘူးပေါ့"

လင်းဟွမ်သည် ပြဿနာကို တွေးမိပြီးနောက် ချွေးစေးများ ထွက်လာပြီး ကျောက်ပြားကို ချက်ချင်း မေးလိုက်သည်။

"ဒီအတွက် မင်းမှာ အဖြေရှိလား.."

"တကယ် ရှိတာပေါ့။ မင်းတို့ကမ္ဘာရဲ့ ကျင့်ကြံမှု နည်းစနစ်အရ အတုယောင် နတ်ဘုရားအဆင့်ကို မြင့်တက်လို့ မရတဲ့ အကြီးမားဆုံး ပြဿနာက မင်းတို့ကမ္ဘာရဲ့ ကျင့်ကြံခြင်း နည်းစနစ်အရ

အင်ပါယာအဆင့်မှာ ပြဿနာ ရှိနေလို့ပဲ။ တကယ်တော့ လက်ရှိ နည်းစနစ်နဲ့ အဆင့်မတက်နိုင်တာက ပိုတောင် ကောင်းသေးတယ်”

“နိယာမ မပြည့်စုံတဲ့ ကမ္ဘာမှာ လူအနည်းစုကပဲ အတုယောင် နတ်ဘုရားအဆင့် ရောက်တာ ဒါကြောင့်ကိုး”

လင်းဟွမ်က စိတ်ရှုပ်ထွေးစွာ မေးလိုက်သည်။

“နိယာမ မပြည့်စုံတဲ့ ကမ္ဘာမှာ အစစ်အမှန် နတ်ဘုရားအဆင့် တက်လှမ်းမှ ကျရှုံးတာမျိုး ဖြစ်လိမ့်မယ်။ အတုယောင် နတ်ဘုရား

အရေအတွက်ကို အတိုင်းအတာ တစ်ခုအထိ ကန့်သတ်ထားတယ် ဆိုပေမယ့် အတုယောင် နတ်ဘုရား အဆင့်ကို မြှင့်တင်နိုင်သေးတယ်။”

“ မင်းရဲ့ လက်ရှိကမ္ဘာမှာ အတုယောင် နတ်ဘုရားအဆင့် တက်လှမ်းထားတဲ့ သူက နည်းနည်းလေးပဲ ရှိတာ မဟုတ်ဘူး လုံးဝကို မရှိတာ.....”

ကျောက်ပြားက စကား ပြင်ပေးလိုက်သည်။

“အင်ပါယာအဆင့်က ဘာမှားနေလို့လဲ။ ငါ သိထားသလောက်တော့ တခြား အသေးစား ကမ္ဘာနဲ့

မဟာကမ္ဘာတွေမှာလည်း ကံကြမ္မာနန်းတော် ထုဆစ်ပြီးတော့ အဆင့် တက်ကြတာပါပဲ။ သူတို့မှာ နာမည်တွေ မတူကြတာပဲ ရှိမယ်။ အတုယောင် နတ်ဘုရားနဲ့ အစစ်အမှန် နတ်ဘုရားအဆင့်ကို တက်လှမ်းတဲ့အခါမှာတော့ ဘာပြဿနာမှ မတွေ့မိပါဘူး”

“သေသေချာချာ စဉ်းစားကြည့်ပါအုံး။ တခြား ကျင့်ကြံခြင်း နည်းစနစ်တွေက ကံကြမ္မာနန်းတော်ကို ဘယ်အချိန်မှာ ထုဆစ်တာလဲ.....”

ကျောက်ပြားက ပြုံးပြီး မေးလိုက်သည်။

လင်းဟွမ်သည် ထိုအကြောင်းကို သေသေချာချာ စဉ်းစားပြီးနောက် မကြာခင် ပို၍ မျက်မှောင်ကြုတ်လာသည်။

"အင်း တော်တော်လေး ထူးဆန်းတယ်။ အခြေခံအားဖြင့်တော့ ကျင့်ကြံမှု စနစ်အားလုံးက ကျင့်ကြံမှု စစခြင်းမှာ ကံကြမ္မာ နန်းတော်ကို စိတ်ကူးယဉ် ပုံဖော်ကြတာပဲကို"

"ငါတို့ ကျင့်ကြံခြင်း နည်းစနစ်ရဲ့ ကံကြမ္မာနန်းတော် ထုဆစ်ခြင်း လုပ်ငန်းစဉ်က အစီအစဉ် မှားနေတယ်လို့ ပြောချင်တာလား.."

“ဟုတ်တယ်။ အစီအစဉ် မှားတာက အဓိက ပြဿနာပဲ”

လင်းဟွမ်က ပြဿနာကို သတိထားမိသည့် အချိန်တွင် ကျောက်ပြားက ဆက်ရှင်းပြသည်။

“မင်းတို့ ကံကြမ္မာ နန်းတော်လို့ ခေါ်နေတဲ့ အရာက မဟာကမ္ဘာမှာတော့ ကံကြမ္မာ အုတ်မြစ်လို့ ခေါ်တယ်။ ကျင့်ကြံခြင်း တစ်ခုလုံးရဲ့ အခြေခံ အုတ်မြစ်ပဲ။ အခြေခံ အုတ်မြစ် ကောင်းမှ မင်းရဲ့အိမ်ကလည်း တည်ငြိမ်မှာပေါ့”

“မဟာကမ္ဘာကြီးမှာ တစ်ချိန်တုန်းက ကျင့်ကြံခြင်း ခေတ်လို့ခေါ်တဲ့ ခေတ်တစ်ခေတ် ရှိခဲ့ဖူးတယ်။ အဲ့ဒီ ခေတ်ကာလတုန်းက မဟာကမ္ဘာကြီး တစ်ခုလုံးမှာ လူသားတွေက အင်အားအကြီးဆုံး လူမျိုးစု ဖြစ်ခဲ့တာပေါ့။ နောက်ပြီးတော့ အဲ့ဒီခေတ်က လူသားအားလုံး ကျင့်ကြံမှုရဲ့ ပထမဦးဆုံး ခြေလှမ်းက ကံကြမ္မာ အုတ်မြစ်ကို ထုဆစ်တာပဲ။ သူတို့ရဲ့ ပထမဦးဆုံး ကျင့်ကြံခြင်း အဆင့်ကို အုတ်မြစ် တည်ဆောက်ခြင်း အဆင့်လို့ ခေါ်တယ်”

"အဲ့ဒီခေတ်တုန်းက လူသားတွေ အင်အားကြီးမားလာရတဲ့ အကြောင်းအရင်းက သူတို့ရဲ့ ပထမဦးဆုံး ခြေလှမ်းဖြစ်တဲ့ ကံကြမ္မာအုတ်မြစ်ကို ခိုင်မာအောင် တည်ဆောက် ခဲ့လိုပဲ။ နောက်ပိုင်းမှာတော့ ကျင့်ကြံခြင်း နည်းစနစ်တွေ ပိုမိုအားကောင်းလာတော့.... နောက်ဆုံး သူတို့က မရေမတွက်နိုင်တဲ့ တန်ခိုးရှင်တွေ ပျိုးထောင်ပြီးတော့ မဟာကမ္ဘာကြီး တစ်ခုလုံးကို သိမ်းပိုက်လိုက်တော့တာပဲ"

"ဒါဆိုရင် အဲ့ဒီကျင့်ကြံခြင်း နည်းစနစ်က ဘာဖြစ်လို့ နောက်ပိုင်းမှာ ပင်မ ခေတ်ရေစီးကြောင်း မဖြစ်လာရတာလဲ.."

လင်းဟွမ်က ခေါင်းရှုပ်စွာ မေးလိုက်သည်။

"ဘာကြောင့်လဲ ဆိုတော့ အဲ့ဒီကျင့်ကြံခြင်း နည်းစနစ်မှာ ဆိုးရွားလှတဲ့ အားနည်းချက် ရှိနေလို့ပဲ။ ဒါက အချိန် အရမ်းကြာတဲ့ အချက်ပဲ။ လူတစ်ယောက်က ကမ္ဘာကြီးရဲ့ ထိပ်တန်း တိုက်ခိုက်ရေးအဆင့် ရောက်အောင် ကြီးထွားလာဖို့ဆိုရင် အနည်းဆုံး နှစ်သန်း

ပေါင်းများစွာ ဒါမှမဟုတ် နှစ်သန်း ဆယ်ဂဏန်းလောက် လိုအပ်နေတယ်”

ကျောက်ပြားက ပြောနေရင်း ရုတ်တရက် အနည်းငယ် ငြိုးငွေ့လာသည်။

“ငါ ပြောချင်တာက အခုခေတ် ကျင့်ကြံခြင်း နည်းစနစ် အများစုက ကျင့်ကြံမှုခေတ်ရဲ့ လွှမ်းမိုးမှုကြောင့် အစပိုင်းမှာ ကံကြမ္မာအုတ်မြစ်ကို ထုဆစ်ကြတယ်။ အခြေခံအားဖြင့်တော့ ကျင့်ကြံခြင်း နည်းစနစ် အားလုံးက ကံကြမ္မာအုတ်မြစ်ကို ထုဆစ်တဲ့အခါ ပြင်ပ ပစ္စည်းတွေကို အားကိုး

ကြတဲ့အပြင် သူတို့က ကိုယ်ပိုင်စွမ်းရည်နဲ့ ဖြည်းဖြည်းချင်း ပျိုးထောင်ကြတာ.....”

“ထုဆစ်ထားတဲ့ ကံကြမ္မာ အခုတ်မြစ်က တခြားသူဆီက ယူထားတဲ့ ကံကြမ္မာ အခုတ်မြစ် ထက်စာရင် ပိုလည်း လိုက်ဖက်သလို ကြီးထွားမှုကလည်း အဆပေါင်းများစွာ ပို အားကောင်းတယ်။ နောက်ပြီးတော့ အဲ့ဒီ ကံကြမ္မာအခုတ်မြစ်က သူတို့ အဆင့်မြင့်တက်တိုင်း လိုက်ပါ မြင့်တက်ပြီး အဆမတန် ကြီးထွားလာတယ်။ ကျင့်ကြံလာရင်း နောက်ဆုံး

အဲ့ဒါက အသွင်ပြောင်းပြီးတော့ နတ်ဘုရား စွမ်းအား ဖြစ်လာတော့တာပဲ”

“မင်းတို့ရဲ့ ကျင့်ကြံခြင်း နည်းစနစ်က တခြား မွန်းစတားတွေ ဆီက ထုတ်ယူထားလို့ သာမန် အရည်အသွေးပဲ ရှိနိုင်မှာ။ တခြား ကျင့်ကြံခြင်း နည်းစနစ်နဲ့ နှိုင်းယှဉ်ရင် ကြီးထွားမှုနဲ့ လိုက်ဖက်ညီမှုက ဆယ်ပုံတစ်ပုံတောင် မရှိဘူး။ ပြီးတော့ ကံကြမ္မာအုတ်မြစ် တည်ဆောက်တဲ့ အချိန်ကလည်း နောက်ကျတာကြောင့် ကျင့်ကြံမှုအုတ်မြစ် သိပ်သည်းမှု မရှိလို့ ကံကြမ္မာ

အုတ်မြစ်ကနေ နတ်ဘုရားဦးခေါင်း ပြောင်းဖို့ လုံးဝ မဖြစ်နိုင်တော့ဘူး။ အရေးအကြီးဆုံး အချက်က ကံကြမ္မာ အုတ်မြစ် အသွင်းပြောင်းလဲမှု အဲ့ဒီလောက် မရှိရှင်းဘူး”

“မင်းကမ္ဘာမှာရှိတဲ့ အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင်တွေက နတ်ဘုရား စွမ်းအားကို ဖြည်းဖြည်းချင်း စုပ်ယူပြီး ကံကြမ္မာအုတ်မြစ် ထုဆစ်ဖို့ နှစ် ထောင်ပေါင်းများစွာ ဒါမှမဟုတ် နှစ်သောင်းနဲ့ချီပြီး အချိန်ပေးရင်တော့

အောင်မြင်ဖို့ ဖြစ်နိုင်သလို အသွင်ပြောင်းဖို့လည်း ဖြစ်နိုင်လောက်မယ်”

“ဒါပေမယ့် မင်းတို့တွေက နတ်ဘုရားတစ်ပိုင်း မွန်းစတားတွေကို သတ်ပြီး နတ်ဘုရားတစ်ပိုင်း မွန်းစတားရဲ့ နတ်ဘုရား စွမ်းအားကို အားကိုးပြီးတော့ အဆင့်တက်လှမ်းဖို့ အားထုတ်ကြတာ.... ဒါ လုံးဝ အမှားကြီးပဲ။ နတ်ဘုရားတစ်ပိုင်း ခန္ဓာကိုယ်ထဲမှာ ရှိတဲ့ နတ်ဘုရားစွမ်းအားက နတ်ဘုရားဦးခေါင်း ဖွဲ့စည်းဖို့ မလုံလောက်သလို လုံလောက်အောင်

မကျင့်ကြံထားတဲ့ ကံကြမ္မာအုတ်မြစ်က နတ်ဘုရားစွမ်းအားရဲ့ သက်ရောက်မှုကို တောင့်မခံနိုင်ဘူး..”

“ဒါဆိုရင် မင်းက အင်ပါယာအဆင့်မွန်းစတားတွေရဲ့ ကံကြမ္မာအုတ်မြစ်ကို ထုတ်ယူမယ့်အစား ကံကြမ္မာအုတ်မြစ်ကို ကိုယ်တိုင် ဖွဲ့စည်းဖို့အကြံ ပေးချင်တာလား..”

နောက်ဆုံး၌ လင်းဟွမ်သည် ကျောက်ပြား၏ဆိုလိုရင်းကို ဆုပ်ကိုင်မိသွားသည်။

“ ဒါဆို ငါ့မှာရှိနေတဲ့ ဒီနတ်ဘုရားဦးခေါင်းအကျိုးအပဲ့နဲ့ ဘာဆိုင်လို့လဲ”

"မင်းကို မေးပါရစေအုံး။ ဒီနတ်ဘုရား ဦးခေါင်း အကျိုးအပဲ့က ဘယ်ကရတာလဲ"

ကျောက်ပြားက ပြုံးပြီး မေးလိုက်သည်။

"အတုယောင် နတ်ဘုရားအဆင့် တက်လှမ်းဖို့ ကျရှုံးခဲ့တဲ့ နတ်ဘုရား တစ်ပိုင်း မွန်းစတားတွေဆီက ဖြစ်တည်လာတာ"

"ဟုတ်ပြီ.. အဲ့ဒါဆို နတ်ဘုရား ဦးခေါင်း အကျိုးအပဲ့က ဘယ်ကနေ ပြောင်းလဲလာတာလဲ.."

"ကံကြမ္မာ နန်းတော်"

နောက်ဆုံး၌ လင်းဟွမ်သည် ကျောက်ပြား၏ ဆိုလိုရင်းကို နားလည်သွားခဲ့သည်။

"ဒီပျက်ဆီးနေတဲ့ နတ်ဘုရားဦးခေါင်းကို သတ္တုပစ္စည်းအနေနဲ့ သဘောထားပြီး ကံကြမ္မာ အုတ်မြစ်နဲ့ ပေါင်းစည်းဖို့ ပြောချင်တာလား"

"တစ်ခုတည်း မဟုတ်ဘူး။ အများမှ အများကြီး။ မင်းရဲ့ ကိုယ်တွင်းကမ္ဘာ ကိုင်တွယ်နိုင်သလောက် အထိပေါ့"

ကျောက်တုံးက ဟက်ဟက် ပက်ပက် ရယ်မောလိုက်ပြီး ..

“ဒါဆိုရင် မင်းရဲ့ ကံကြမ္မာအုတ်မြစ်က နတ်ဘုရားဦးခေါင်းတွေ ထက်တောင် အဆပေါင်း မရေတွက်နိုင်အောင် အစွမ်း ထက်လာလိမ့်မယ်”

## အခန်း(၉၈၃) - နတ်ဘုရားတစ်ပိုင်းများကို အမဲလိုက်ခြင်း

လင်းဟွမ်သည် သနား ကြေကွဲဖွယ်ကောင်းသော စပါးအုံးအကွက် အဆိပ် ဖားပြုပ် အလောင်းကို သိမ်းပြီးနောက် ရယ်ရမလား၊ ငိုရမလား ဆိုသည်ကိုပင် မသေချာတော့ပေ။ ထို့နောက် ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်ကို သူ့ခန္ဓာကိုယ်ထဲ ပြန်ထည့်လိုက်သည်။

ယခုအခါ ပြားချပ်နေသော စပါးအုံးအကွက် အဆိပ်ဖားပြုပ်သည် မစ္စတာဖူးကို ဟင်းချက် ခိုင်းသည်မှလွဲ ၍ ဘာမှ အသုံးမဝင်တော့ပေ။

လင်းဟွမ်သည် လုံးဝ ပျက်စီးသွားသော နေရာတစ်ဝိုက်ကို တစ်ချက် ကြည့်လိုက်သည်။ ထို့နောက် ကောင်းကင်ပေါ် ပျံတက်ပြီး မြောက်ဘက်သို့ ဦးတည် ပျံသန်းသွားသည်။

ရှောင်ဖိန်က အဆိပ်ဖားပြုပ်၏ နတ်ဘုရားတစ်ပိုင်း ဝိညာဉ်ကို ရယူပြီးနောက် ကတ်တစ်ခု ပြုလုပ်ခဲ့သည်။

ထုံးစံအတိုင်း သွေးရဲရဲလေးက သူ့ခေါင်းထဲမှ မှတ်ဉာဏ်များကို မဖတ်နိုင်ပေ။ သူ လုပ်နိုင်သည်မှာ အခြားသော နတ်ဘုရား တစ်ပိုင်းများ၏ ကိုဩဒိနိတ် တည်နေရာများကို ရယူရန်နှင့် အခြားသော အင်ပါယာအဆင့် မွန်းစတားများကို ရှာဖွေခြင်းသာ ဖြစ်သည်။

လင်းဟွမ်သည် အသူရာ ချောက်ကမ်းပါး တတိယအလွှာရှိ အရှေ့တောင်ထောင့်မှ မြောက်ဘက်သို့ ကီလိုမီတာ (၂,၀၀၀) ကျော် ကွာဝေးအောင် ပျံသန်း လာခဲ့သည်။ သူ့

မြင်ကွင်းထဲတွင် မီးလောင် ပျက်စီးသွားသော ကွင်းပြင်ကြီးသား ကြီးစိုးနေသေး၏။ ထို့အပြင် ပျံ့သန်းလာရာ လမ်းတစ်လျှောက်တွင် သက်ရှိ သတ္တဝါများ၏ အရိပ်အယောင်ကိုလည်း အာရုံ မခံမိပေ။

ထိုအချိန် နတ်ဘုရားတစ်ပိုင်း၏ စွမ်းအားက မည်မျှ အစွမ်းထက်ကြောင်း ပထမဦးဆုံး အနေနှင့် သတိထားမိခဲ့ခြင်း ဖြစ်သည်။

"တိုက်ပွဲရဲ့ သက်ရောက်မှုကြောင့် ကီလိုမီတာ သုံးထောင်အတွင်းက အရာအားလုံးကို

ပျက်စီးသွားတာပဲ။ အသက်ရှင် ကျန်ရစ်ခဲ့တဲ့ အင်ပါယာအဆင့် မွန်းစတားတွေလည်း မတွေ့ဘူး။ နတ်ဘုရားတစ်ပိုင်းရဲ့ စွမ်းအားက တကယ်ကို ကြောက်စရာ ကောင်းတာပဲ"

“နတ်ဘုရား စွမ်းအားနဲ့ ထိပ်တိုက် တွေ့ဆုံခဲ့လို့ ဒီလောက် ကြီးမားတဲ့ အပျက်အစီး ဖြစ်သွားတာ။ အဲဒါက အဓိက အကြောင်းရင်းပဲ။ တကယ်လို့ စပါးအုံးအကွက် အဆိပ်ဖားပြုပ်က သူ့ရဲ့နတ်ဘုရား စွမ်းအားကို အသုံးမပြုခဲ့ရင် ပျက်စီးမှုက ဒီလောက်

ပြင်းထန်မှာ မဟုတ်ဘူး… အများဆုံးမှ ကီလိုမီတာ တစ်ထောင် ပတ်လည်အတွင်းပဲ ဖြစ်လိမ့်မယ်။ “

“ တိုက်ပွဲ သက်ရောက်မှုကြောင့် မွန်းစတားအားလုံး သေသွားတာ မဟုတ်ဘူး။ အများစုက ဒဏ်ရာရပြီး ထွက်ပြေးနေကြတာ။ ဒီလိုမျိုး တိုက်ခိုက်မှုက နောက်တစ်ကြိမ် ထပ်ဖြစ်လာဦးမလားဆိုတာ သူတို့လည်း မသိဘူးလေ။ အသက်ရှင်ရက် ကျန်ခဲ့တဲ့ အကောင်တွေက ဒီနေရာကနေ တတ်နိုင်သမျှ အဝေးဆုံးကို ထွက်ပြေးကြတာ သဘာဝပဲ”

ကျောက်ပြားက ရှင်းပြလိုက်သည်။

လင်းဟွမ်သည် ကီလိုမီတာ သုံးထောင် အကွာအဝေးကို မကျော်မချင်း အပျက်အစီးကို မြင်နေရပြီး နောက်တွင် တိုက်ပွဲနယ်မြေ၏ အဆုံးသတ်စည်းကို မြင်ခဲ့ရသည်။

ထို စည်းကြောင်းသည် လင်းဟွမ် မျက်စိနှင့် ကြည့်၍ မမြင်နိုင်လောက်အောင် အရှေ့ဘက်နှင့် အနောက်ဘက် မြေပြင်တစ်ခုလုံးကို ဖြတ်သန်းသွားသည်။ စည်းတစ်ဖက်က မီးလောင်ပြာကျနေပြီး နောက်တစ်ဖက်က စိမ်းလန်း

စိုပြေနေသောကြောင့် လောကဓံကို ဖော်ပြသော ပန်းချီကားတစ်ချပ်နှင့်ပင် တူနေ၏။

နောက်ဆုံး၌ လင်းဟွမ်သည် မြောက်ဘက်သို့ ကီလိုမီတာ တစ်ထောင်ခန့် ဆက်လက်ပျံသန်းလာသောအခါ သက်ရှိ သတ္တဝါ၏ အရိပ်အယောင်ကို ခံစားမိလိုက်သည်။

တစ်ချိန်တည်းမှာပင် သူ၏ အော်ရာကို ခံစားမိသော မွန်းစတားများကလည်း တိုက်ခိုက်လာကြသည်။

လေထဲတွင် အစိမ်းရောင် အလင်းတန်းတစ်ခု ဖြတ်ခနဲ လက်သွားပြီး ကြာပွတ်တစ်ခုကဲ့သို့ မြင့်တက်လာသည်။

လင်းဟွမ် ဘာမှ မလုပ်ရသေးခင် ကောင်းကင်ပေါ်၌ အဖြူရောင် အလင်းတန်းတစ်ခု တောက်ပသွားသည်။ နောက်ထပ် တစ်စက္ကန့်တွင် လင်းဟွမ် ပခုံးပေါ်၌ အဖြူရောင် ကြောင်လေး တစ်ကောင် ပေါ်လာသည်။

အောက်ကို ငုံ့ကြည့်လိုက်ရာ အင်ပါယာ ရွှေဖြူအဆင့် ဝိညာဉ် စပါးအုံးမြွေက အမြီးပြတ်လျှက် သေဆုံးနေသည်ကို တွေ့လိုက်ရသည်။

လင်းဟွမ်က ခေါင်းယမ်းပြီး မြေပြင်ပေါ် ဖြည်းဖြည်းခြင်း ဆင်းသက်လိုက်သည်။

သွေးရဲရဲလေးက ဝိညာဉ် စပါးအုံးမြွေ၏ ပြတ်သွားသော ဦးခေါင်းနှင့် ခန္ဓာကိုယ်ကို ချိတ်ဆက်လိုက်သည်။ ခဏအကြာ ဝိညာဉ်စပါးအုံးမြွေ ခေါင်းထဲမှ အချက်အလက် အားလုံးကို ရယူခဲ့သည်။

"မြောက်ဘက် ကီလိုမီတာ တစ်ထောင်က နတ်ဘုရားတစ်ပိုင်း အဆင့် မွန်းစတား တိုက်တန် စပါးအုံးမြွေရဲ့ နယ်မြေပဲ။ နောက် ရုပ်ဆိုးပင့်ကူ အမျိုးသမီးရဲ့ နယ်မြေက အနောက်ဘက် ကီလိုမီတာ (၃,၀၀၀) လောက်အကွာမှာပဲ "

လင်းဟွမ်သည် မွန်းစတား စွယ်စုံကျမ်းထဲတွင် ဤမွန်းစတားများကို မြင်ဖူးခဲ့သောကြောင့် ထိုမွန်းစတား နှစ်ကောင်နှင့် ရင်းနှီးနေသည်။

တိုက်တန် စပါးအုံးမြွေသည် ကြီးမားသော ဧရာမ မွန်းစတား တစ်ကောင် ပင်။ ၎င်းတွင် ကြီးမားသော

ခန္ဓာကိုယ်ရှိပြီး အင်ပါယာအဆင့် တိုက်ခိုက်ရေး စွမ်းအားကို ပိုင်ဆိုင် ထားသည်။ အရွယ်ရောက်သောအခါ ခန္ဓာကိုယ်က အနည်းဆုံး ကီလိုမီတာ ထောင်ပေါင်းများစွာ ရှည်လျားး၏။

နတ်ဘုရားတစ်ပိုင်း အစွမ်းရှိသော အကောင် ဆိုပါက အနည်းဆုံး မီတာငါးသောင်းအထိ ရှည်လျှား နိုင်သည်။ ၎င်းသည် အာဏာရှင်၏ ပြီးပြည့်စုံသော ပုံစံထက်ပင် ပို၍ ကြီးမားနေသေးသည်။

တိုက်တန် စပါးအုံးမြွေ၏ ကြီးမားသော ပုံစံကြောင့် ကြောက်မက်ဖွယ် ကောင်းသော

တိုက်ခိုက်ရေး စွမ်းရည် ရှိရုံသာမက ကြောက်စရာကောင်း ခုခံနိုင်စွမ်းလည်း ရှိနေသည်။

ငင်း၏ တိုက်ခိုက်ရေး နည်းစနစ်က ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်နှင့် ဆင်တူပြီး သူတို့ နှစ်ကောင်လုံးက ပြိုင်ဘက်ကို အင်အားသုံးပြီး တိုက်ခိုက် တတ်ကြသည်။

ထို့အပြင် ဤ မွန်းစတား၏ ကြောက်စရာ ကောင်းသော စွမ်းရည် တစ်ခုမှာ ကြယ်ဝါးမျိုခြင်း ဖြစ်သည်။ ထိုစွမ်းရည်ကို အားသွင်းလိုက်သည်နှင့် တပြိုင်နက် ငင်း၏ ပါးစပ်မှ ကြောက်စရာ

ကောင်းသော စွမ်းအားတစ်ခု ထွက်ပေါ်လာပြီး ၎င်း၏ ပြိုင်ဘက်များကို ခန္ဓာကိုယ် အတွင်းရှိ သီးခြား ဟင်းလင်းပြင်ထဲသို့ စုပ်ယူသွားတတ်သည်။

ထိုအချိန်တွင် ရုပ်ဆိုးပင့်ကူ အမျိုးသမီး၏ နာမည်တွင် ပင့်ကူဟူသော စာလုံးပါသော်လည်း ပင့်ကူအမျိုးအစားနှင့် လုံးဝ မသက်ဆိုင်ပေ။ သူမသည် လူသားအမျိုးသမီးနှင့် ခပ်ဆင်ဆင်တူသော မသေမျိုး မွန်းစတားတစ်ကောင် ဖြစ်သည်။

သူမသည် ဆံပင်ရှည်ပြီး လှပသော မျက်နှာ ရှိသော်လည်း အသားအရည်က ဖြူဖပ်ဖြူဖျော့

ဖြစ်နေသည်။ လူသား အမျိုးသမီးများနှင့် နှိုင်းယှဉ်ပါက အကြီးမားဆုံး ကွာခြားချက်မှာ ရုပ်ဆိုးပင့်ကူ အမျိုးသမီးတွင် လူသားများ၏ ရင်သား မရှိသလို၊ လူသားများကဲ့သို့ လိင်အင်္ဂါ သို့မဟုတ် အမွေးအမျှင်များလည်း မရှိပေ။ ထို့ကြောင့် အဝေးမှ ကြည့်ပါက ရေထဲတွင် အချိန် အကြာကြီး စိမ်ထားသော အလောင်း တစ်လောင်းနှင့် တူနေသည်။

ပင့်ကူအမျိုးသမီးဟု ခေါ်ရသည့် အကြောင်းအရင်းမှာ သူမ၏ ဆံပင်များက

တိုက်ခိုက်ရေး လက်နက် ဖြစ်နေသောကြောင့် ပင်။ တိုက်ခိုက်မှု ပုံစံကလည်း ပင့်ကူများ အမဲလိုက်သည့် ပုံနှင့် ဆင်တူနေသည်။

ရုပ်ဆိုးပင့်ကူ အမျိုးသမီးသည် သမိုင်း တစ်လျှောက်တွင် ရေတွက်နိုင်အောင် ပေါ်ထွန်းခဲ့ပြီး မွန်းစတား စွယ်စုံကျမ်းထဲတွင် သူမအကြောင်းနှင့် ပက်သက်၍ မှတ်တမ်းတင်ထားသော အချက်အလက် များစွာ ရှိ၏။

သူမ၏ ဆံပင်က ဖြတ်တောက်ခြင်း၊ အပေါက် ဖောက်ခြင်း၊ ချည်နှောင်ခြင်း၊ ယက်လုပ်ခြင်းနှင့်

ထောင်ချောက်များ ပြုလုပ်ခြင်း အပါအဝင် ကျယ်ပြန့်သော လုပ်ဆောင်ချက်များ လုပ်ဆောင်နိုင်သည်။ ဒိုင်းကာနှင့် ကာကွယ်ရေး လက်နက်အဖြစ်လည်း ပေါင်းစည်းနိုင်သေးသည်။

သူမတွင် အားကောင်းသော မွေးရာပါ စိတ်စွမ်းအား ရှိသည်။ ဆံပင်ကို နည်းလမ်းမျိုးစုံနှင့် အသုံးပြုနိုင်ရုံ သာမက ထိုအထဲတွင် စိတ်စွမ်းအားကိုလည်း ထည့်သွင်းနိုင်သေးသည်။

သူမ၏ မွေးရာပါ စိတ်စွမ်းအားနှင့် တစ္ဆေဆံပင်တို့ကို ပေါင်းစပ် ထားသောကြောင့်

ပြည့်စုံသော တိုက်ခိုက်ရေး စွမ်းရည်ကို ပိုင်ဆိုင်ထားသည်။ အနီးကပ် တိုက်ခိုက်ရေး အပိုင်းတွင် စွမ်းရည် အနည်းငယ် အားနည်းနေသည်မှ လွဲ၍ အပြစ် အနာအဆာ မရှိသလောက် ဖြစ်နေသည်။

ထို့အပြင် သူမက မသေမျိုး ဖြစ်သောကြောင့် သူမကို သတ်ပစ်ချင်ပါက ဆံပင်အားလုံးကို ဖြတ်တောက် ပစ်ရလိမ့်မည်။ ဆံပင်တစ်ချောင်း ကျန်နေသေးလျှင်ပင် သေဆုံးလိမ့်မည် မဟုတ်ချေ။

လင်းဟွမ်အတွက်မူ ဤမွန်းစတားတွင် အလွန် အစွမ်းထက်သော ဆံပင်များ ရှိနေသောကြောင့် အဆိပ်ဖားပြုပ်နှင့် နှိုင်းယှဉ်ပါက ပိုမို ခက်ခဲသည်။

နတ်ဘုရားတစ်ပိုင်း အဆင့် ရုပ်ဆိုးပင့်ကူ အမျိုးသမီး၏ ဆံပင်သည် နတ်ဘုရားတစ်ပိုင်း ဓာတ်ကြွင်းကဲ့သို့ အစွမ်းထက်ခြင်း မရှိသော်လည်း ဆံပင်ဆယ်ဂဏန်းမျှ ပေါင်းစည်း လိုက်သောအခါ နတ်ဘုရားတစ်ပိုင်း ဓာတ်ကြွင်းနှင့် အဆင့်တူသွားသည်။

ထို့ကြောင့် ရာပေါင်းများစွာသော ဆံပင်များနှင့် ပိတ်လျှောင်ခြင်း ခံလိုက်ရမည်ဆိုပါက အခြေအနေက မည်မျှ ခက်ခဲ သွားနိုင်ကြောင်း တွေးကြည့်နိုင်သည်။

"ဒါဆို တိုက်တန် စပါးအုံးမြွေဆီ အရင်ဆုံး သွားရအောင်"

လင်းဟွမ်သည် အချိန် အတော်ကြာအောင် နှိုင်းယှဉ်ပြီး နောက်ဆုံး၌ ဆုံးဖြတ်ချက် ချလိုက်သည်။

တိုက်တန် စပါးအုံးမြွေသည် ရုပ်ဆိုးပင့်ကူ အမျိုးသမီးနှင့် ယှဉ်ပါက သတ်ဖြတ်ရ ပိုလွယ်ကူသည်။

လင်းဟွမ်သည် တိုက်တန် စပါးအုံးမြွေ၏ ကိုသြဒိနိတ် တည်နေရာကို ရယူပြီးနောက် မြောက်ဘက်သို့ ခရီး ဆက်သွားခဲ့သည်။

မိနစ်အနည်းငယ် ကြာသောအခါ အဝေးမှ ကြည့်လိုက်လျှင်ပင် ရောမတောင်ကြီးနှင့် တူသော ကြောက်စရာကောင်းသည့် ရောမ စပါးအုံးမြွေကြီး တစ်ကောင်ကို တွေ့လိုက်ရသည်။

လင်းဟွမ်၏ ခန့်မှန်းချက်အရ ဤတိုက်တန် စပါးအုံးမြွေ၏ ခန္ဓာကိုယ်သည် အနည်းဆုံး မီတာ (၇၀,၀၀၀) ခန့် ရှည်လျားနိုင်သည်။

“ကြီးလိုက်တာ..”

ဤမွန်းစတား၏ ပုံစံသည် လင်းဟွမ် မြင်ဖူးသမျှထဲတွင် အကြီးမားဆုံး မွန်းစတား သုံးကောင်ထဲ ပါဝင်နေသည်။

တိုက်တန် စပါးအုံးမြွေသည် အိပ်ချင်ယောင် ဆောင်ကာ မျက်လုံးမှေးပြီး အိပ်နေသည်။ လင်းဟွမ် တည်ရှိမှုကို မသိသလို ဖြစ်နေသော်လည်း

အမှန်တကယ် လက်တွေ့တွင်မူ ကီလိုမီတာ ရာနှင့်ချီပြီး ဝေးနေသော အချိန်ကတည်းက လင်းဟွမ် လာနေသည်ကို သတိထားမိခဲ့သည်။

သို့သော်လည်း လင်းဟွမ်၏ တိုက်ခိုက်ရေးအဆင့် သို့မဟုတ် လင်းဟွမ်၏ ပုံစံကြောင့် အလေးအနက် မထားခဲ့ပေ။ ဤ အင်မော်တယ်အဆင့် လူသားက သူ့ကြောင့် လာခဲ့ခြင်း ဖြစ်လိမ့်မည်ဟု မထင်ထားခဲ့ပေ။ ထိုအစား လင်းဟွမ်က ဖြတ်သွား ဖြတ်လာ တစ်ယောက်ဟုသာ ထင်နေခဲ့သည်။

နောက်ဆုံး၌ လင်းဟွမ်က ၎င်းနှင့် ကီလိုမီတာ (၂၀) အကွာကို ရောက်လာပြီး ၎င်း၏တည်ရှိမှုကို ရှင်းရှင်းလင်းလင်း မြင်နေရသော်လည်း အနီးအနားကို တိုးလာနေဆဲ ပင်။ ထိုအခါ တိုက်တန် စပါအုံးကြီး မြွေကြီးက မျက်လုံးဖွင့်ပြီး လင်းဟွမ်ကို တည့်တည့် စိုက်ကြည့်လိုက်သည်။

တိုက်တန် စပါးအုံးမြွေက အကြည့်တစ်ချက် ကြည့်လိုက်ရုံဖြင့် လင်းဟွမ်သည် နတ်ဘုရား တစ်ပိုင်း၏ ဖိနှိပ်နိုင်သော အော်ရာကို ခံစား လိုက်ရသည်။

"ကြည့်ရတာ ငါ့ကို တော်တော်လေး အထင်သေးနေတဲ့ ပုံပဲ"

လင်းဟွမ်က ခေါင်းခါရင်း ပြုံးလိုက်မိသည်။

အကယ်၍ သူသာ အင်မော်တယ်အဆင့် အခြား တန်ခိုးရှင် တစ်ယောက် ဖြစ်ပါက ဤအကြည့် တစ်ချက်မှ ထွက်ပေါ်လာသော ပြင်းထန်သည့် အော်ရာကြောင့် အသတ်ခံရရန် လုံလောက်နေသည်။

သို့သော်လည်း လင်းဟွမ် ခန္ဓာကိုယ်ထဲတွင် နတ်မီးလျှံနှင့် နတ်ဘုရား ရုပ်တုများ ပိုင်ဆိုင်ထားပြီး နတ်မီးလျှံက သူ့အသိစိတ် အကွာအဝေးအတွင်း

ရောက်လာသည်နှင့် တပြိုင်နက် တိုက်စားပစ်လိုက်သည်။ ထို့ကြောင့် လင်းဟွမ်အတွက် ခြိမ်းခြောက်နိုင်ခြင်း လုံးဝ မရှိခဲ့ပေ။

“ ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်ရေး စွမ်းရည်ကျွမ်းတဲ့ အကောင်က ငါ့ကို ဖိနှိပ်ဖို့အတွက် သူ့ရဲ့စိတ်စွမ်းအားကို အသုံးပြုနေတာ မယုံနိုင်ဘူး။ ဒီပညာမှာ တကယ်ကျွမ်းကျင်တဲ့လူက ဘယ်သူလဲဆိုတာ ငါ ပြပေးမယ်”

လင်းဟွမ်က စပ်ဖြဲဖြဲ ပြုံးလိုက်ပြီး

“အိပ်မက်ဆိုး ကြွံသူတော် ထွက်လာခဲ့.....

## အခန်း(၉၈၄) - တိုက်တန် စပါးအုံးမြွေကြီး သေစမ်း။

တိုက်တန် စပါးအုံးမြွေသည် သူ၏ ဝိညာဉ်ရေးရာ တိုက်ခိုက်မှုက သူ့ရှေ့မှ အင်မော်တယ်အဆင့် လူသားကို ဘာမှ မလုပ်နိုင်ခဲ့သောကြောင့် အနည်းငယ် အံ့အောသင့်သွားသည်။

သူသည် စိတ်ဝိညာဉ် တိုက်ခိုက်ရာတွင် ကျွမ်းကျင်သည့် မွန်းစတားမျိုး မဟုတ်သော်လည်း နတ်ဘုရားတစ်ပိုင်း အဆင့် မွန်းစတားတစ်ကောင်၏

စိတ်ဝိညာဉ် တိုက်ခိုက်မှုသည် အင်ပါယာ ရွှေခရမ်းရောင် အဆင့် တန်ခိုးရှင်ပင် လျစ်လျူနိုင်သော အရာ မဟုတ်ချေ။ ယခင်ကလည်း ဤနည်းလမ်းဖြင့် အင်ပါယာ ရွှေဖြူရောင်အဆင့် လူသားများကိုပင် သတ်ခဲ့ဖူးသည်။

သို့ရာတွင် ဤလူသားက ၎င်း၏ စိတ်ဝိညာဉ် တိုက်ခိုက်မှုကို လုံးဝ လျစ်လျူရှုထားကြောင်း ရှင်းရှင်းလင်းလင်း ခံစားမိသည်။ ၎င်း၏ စိတ်ဝိညာဉ်က မာကျောသော ကျောက်ဆောင်ကို

ဝင်တိုက်ခဲ့သည် ရေလှိုင်းကဲ့သို့ လုံးဝ အရာ မထင်ခဲ့ပေ။

နောက်တစ်စက္ကန့်တွင် လင်းဟွမ်သည် ဆင်နှာမောင်းလေးနှင့် ကျားသစ်တစ်ကောင်ကို ဆင့်ခေါ်ခဲ့သည်။

တိုက်တန် စပါးအုံးမြွေသည် ထိုမွန်းစတား၏ အော်ရာကို ခံစားမိသောအခါ ထိတ်လန့်သွားသည်။

ထိုမွန်းစတား၏ တိုက်ခိုက်ရေး အဆင့်က အင်ပါယာ ရွှေခရမ်းရောင်အဆင့်သာ ရှိသော်လည်း

အလိုလို ကြောက်ရွံ့စေနိုင်သော ထူးဆန်းသည့် အော်ရာတစ်ခု ရှိနေသည်။

“ငါ့ စိတ်ဝိညာဉ်ကိုတောင် ထိခိုက်စေနိုင်တဲ့ အေးစက်မှု”

မကြာခင် တိုက်တန် စပါးအုံးမြွေသည် ပြိုင်ဘက်ထံမှ စိမ့်ထွက်လာသော အအေးဓာတ် ဖိနှိပ်မှုကို သတိထားလိုက်မိသည်။

"ဒီကောင်က ဒဏ္ဍာရီအဆင့်မှာ ရှိနေတာကိုး"

အိပ်မက်ဆိုး ကြုံသူတော်ကို လှမ်းကြည့်သောငင်း၏ မျက်လုံးထဲတွင် ကြောက်ရွံ့မှုများနှင့်ပြည့်နှက်လာသည်။

စပါးအုံးအကွက် အဆိပ်ဖားပြုပ်နှင့် ယှဉ်ပါကငင်းသည် သူ၏ ဒဏ္ဍာရီအဆင့် ပြိုင်ဘက်ကိုလျှော့မတွက်ဝံ့ပေ။

ဆင်နှာမောင်းနှင့် ကျားသစ်လေးသည်သုံးမီတာအောက်သာ ရှိ၏။

သို့သော်လည်း ယခုအချိန်တွင် တိုက်တန်စပါအုံးမြွေကြီးက အိပ်မက်ဆိုး ကြုံသူတော်ကို ငင်း

ယခင်က မကြုံခဲ့ဖူးသော သေမင်းတမန် ပြိုင်ဘက် တစ်ယောက်အဖြစ် သတ်မှတ်လိုက်သည်။

ငင်းနှင့် မီတာ ထောင်ပေါင်းများစွာ ဝေးသော နေရာတွင် ရှိနေသည့် အိပ်မက်ဆိုး ကြံ့သူတော်၏ မျက်လုံးများသည် ရုတ်တရက် လုံးဝ မည်းမှောင် သွား၏။

တိုက်တန် စပါးအုံးမြွေသည် နှစ်ခါပြန် မစဉ်းစားဘဲ တိုက်ခိုက်လိုက်သည်။

လဲလျောင်းနေသော ငင်း ခန္ဓာကိုယ်က နေရာလွတ် မလပ် လှုပ်ခါသွားပြီး

မျက်စိတစ်မှိတ်အတွင်း ရော မတောင်တန်းကြီးတစ်ခုက လွင့်စင် လာပြီး လူသားနှင့် မွန်းစတားတို့ ရှိရာတွင် ပေါ်လာကာ သူတို့ကို ဖုံးအုပ်သွားသည်။

၎င်း၏အမြီးမှ ရိုက်လိုက်သော စွမ်းအားကြောင့် မြေပြင်ပေါ်တွင် အချင်းဝက် ကီလိုမီတာ (၈၀၀) ခန်းရှိသော တွင်းပေါက်ကြီး တစ်ခု ပေါ်လာသည်။ နေရာ တစ်ခုလုံးရှိ သစ်ပင်များနှင့် ပန်းပင်များသည် ဖုန်မှုန့်များ ဖြစ်သွားကြသည်။

၎င်းတိုက်ခိုက်မှုသည် တိုက်တန် စပါးအုံးမြွေက နတ်ဘုရားစွမ်းအား အသုံးမပြုဘဲ ပစ်လွှတ်နိုင်သည့် အပြင်းထန်ဆုံး တိုက်ခိုက်မှု ဖြစ်သည်။

၎င်းတိုက်ခိုက်မှုကို ပြုလုပ်ပြီးသော်လည်း အားရကျေနပ်နိုင်ခြင်း မရှိသေးပေ။ ထိုအစား ၎င်း၏ တိုက်ခိုက်မှုက သက်ရောက်မှု အနည်းငယ်မျှ မရှိကြောင်း သိသွားသောအခါ မျက်နှာ နည်းနည်း ပျက်သွားသည်။

"ဘယ်ရောက် သွားတာလဲ..."

တိုက်တန် စပါးအုံးမြွေသည် လင်းဟွမ်၏ တည်နေရာကို ရှာဖွေရန် ၎င်း၏ နယ်မြေ ပိုက်နက်အတွင်းရှိ အရာအားလုံးကို အာရုံခံလိုက်သည်။

တစ်စုံတစ်ခုကို အာရုံခံမိလိုက်သည်နှင့် ရှေ့သို့ ရုတ်တရုတ် လှုပ်ရှားလိုက်သည်။

သို့သော်လည်း ချွန်ထက်သော လက်သည်းက ၎င်း၏လည်ပင်းကို ထိုးဖောက်သွားပြီး လည်ပင်းတွင် အနည်းဆုံး မီတာ (၂၀) ခန့်ရှည်သော ဒဏ်ရာကို ချန်ထားရစ်ခဲ့သည်။

ပြင်းထန်သော ခံစစ်စွမ်းရည်ရှိသည့် ၎င်း၏ အရေပြားသည် ပြိုင်ဘက်၏ ချွန်ထက်သော ခြေသည်းများကို ခုခံနိုင်စွမ်း လုံးဝ မရှိခဲ့ပေ။

တိုက်တန် စပါးအုံးမြွေသည် နာကျင်မှုကို တောင့်ခံရင်း အိပ်မက်ဆိုး ကြွံသူတော်ကို ကြည့်ရန် ခေါင်းကို လှည့်လိုက်သည်။ ကနဦးတွင် တုန်လှုပ်သွားသော်လည်း ယခုမူ အနည်းငယ် စိတ်တည်ငြိမ်သွားသည်။

အကယ်၍ ဤတိုက်ခိုက်မှုကို မီလီစက္ကန့် အနည်းငယ် နောက်ကျပြီးမှ ရှောင်တိမ်း

ခွဲမည်ဆိုလျှင် ၎င်း၏ ဦးခေါင်းက ပြတ်ကျသွားနိုင်သည်။

“နောက်တစ်ခါ ဒီလောက် ကံကောင်းမှာ မဟုတ်တော့ဘူး”

အိမ်မက်ဆိုး ကြံသူတော်က အေးစက်စွာပြုံးပြီး အသံပို့လွှတ်ကာ ပြောလိုက်သည်။

"မင်း အစွမ်းထက်တယ် ဆိုတာ ငါ ဝန်ခံပေမယ့် ငါ့ဆီမှာ မင်းယှဉ်လို့ မရတဲ့ အရာတစ်ခု ရှိနေတယ်”

တိုက်တန် စပါးအုံးမြွေက ဆူညံ ကျယ်လောင်စွာ အော်ပြောလိုက်သည်။

"မင်းမှာ နတ်ဘုရားစွမ်းအား မရှိဘူး"

"နတ်ဘုရား စွမ်းအား မရှိလည်း မင်းကို သတ်နိုင်တယ်"

အိပ်မက်ဆိုး ကြံ့သူတော်က ၎င်း၏ဦးခေါင်းကို မြှောက်ကာ စကား ပြောပြီးသည်နှင့် ဆင်နှာမောင်းကို ကြာပွတ်ကဲ့သို့ လွှဲရင်း ရိုက်ချလိုက်သည်။

ဆင်နှာမောင်းက ကြာပွတ် တစ်ခုကဲ့သို့ လေထုကို ဖြတ်သန်းသွားသည်။ လေထဲတွင် ဓားပြည့ာရှင်ကြီး တစ်ယောက်က ခုတ်ချလိုက်သလို အရာအားလုံး တစ်ဝက်မှ လှီးဖြတ်သွားသည်။

ရှည်လျားသော ကြာပွတ်သည် တိုက်တန် စပါးအုံးမြွေရှေ့သို့ လျှပ်တပြက် ရောက်ရှိလာပြီး ၎င်း၏ အရေးကြီးသော နေရာသို့ တည့်တည့် တိုးဝင်လာသည်။

တိုက်တန် စပါးအုံးမြွေသည် နှစ်ကြိမ်မတွေးဘဲ ၎င်း၏ အမြီးကို ပြင်းပြင်းထန်ထန်

လှုပ်ရမ်းလိုက်သည်။ ဤ တစ်ကြိမ်တွင် နတ်ဘုရားစွမ်းအားကို ထက်ဝက်နီးပါး ထည့်သွင်းခဲ့သည်။

ရောမတောင်ကြီးနှင့် တူသော မြွေအမြီးသည် အချင်း (၁၂) စင်တီမီတာအောက်သာ ရှိသော ဆင်နှာမောင်းနှင့် တိုက်မိသွားသည်။

ထိုအချိန်တွင် တိုက်မိသည့် နေရာမှ နေရောင်ကဲ့သို့ တောက်ပနေသော ရွှေရောင်မီးတောက်တစ်ခု ထွက်ပေါ်လာသည်။

အရွယ်အစားမှာ လျင်မြန်စွာ ကြီးထွားလာသည်နှင့် အမျှ ရွှေရောင်မီးတောက်က ပိုမို တောက်ပလာသည်။ အသက်ရှူချိန် အနည်းငယ်အတွင်းမှာပင် အချင်း မီတာ ထောင်ပေါင်းများစွာ ရှိသော အလုံးကြီးတစ်လုံး ဖြစ်လာသည်။

နောက်ဆုံးတွင် ရွှေအလုံးကြီးသည် လျင်မြန်စွာ ဖောင်းကားလာနေသော အရှိန်ကို တောင့်ခံနိုင်ခြင်း မရှိတော့ဘဲ ပေါက်ကွဲသွားသည်။ အဖြူရောင်

အလင်းတန်းများလည်း နေရာအနှံ့ လင်းထိန်သွားသည်။

ထိုအချိန်တွင် ညကောင်းကင်ကြီး တစ်ခုလုံး လင်းထိန်သွား သကဲ့သို့ ကီလိုမီတာ ထောင်ပေါင်းများစွာအတွင်း နေ့ခင်း ဘက်ကဲ့သို့ လင်းထိန်သွား၏။

ထိုနေရာကို ဗဟိုပြု၍ အဆုံးမရှိသော စွမ်းအင်လှိုင်းများနှင့် လေများ တိုက်ခတ်လာသည်။

ကီလိုမီတာ (၂,၀၀၀) အတွင်းရှိ နေရာ တစ်ခုလုံးသည် အပျက်အစီးများ ဖြစ်သွားခဲ့ပြီ။

အင်ပါယာအဆင့် မွန်းစတား အများစုမှာ သေဆုံးသွားကြပြီး မသေဆုံးသည့် အကောင်များမှာ ဒဏ်ရာ အပြင်အထန် ရသွားကြသည်။

အပင်အားလုံးက ဖုန်မှုန့်များ အဖြစ် ပြောင်းလဲသွားသည်။ စွမ်းအင်လှိုင်း ဘေးကပ်ဘေးကြီးမှ မွန်းစတား အနည်းငယ်မျှသာ တစ်ကိုယ်လုံး ဒဏ်ရာရနေသော ခန္ဓာကိုယ်များနှင့် အတူ ထွက်ပြေး လွတ်မြောက် သွားခဲ့ကြသည်။

...

လေထုအလယ်တွင် ပျံဝဲနေသော လင်းဟွမ်သည် တိုင်တန် စပါးအုံးမြွေ၏ မျက်လုံးများက လုံးဝ မည်းနက်သွားသည်ကို မြင်လိုက် ရသည်။ ၎င်းခန္ဓာကိုယ် အတွင်းရှိ နတ်ဘုရားစွမ်းအားက တုန်ခါလာပြီး ခဏအကြာ ၎င်း၏အော်ရာက လုံးဝ ပျောက်ကွယ်သွားသည်။

ထို့ကြောင့် သူ့ဘေးနားတွင် ရှိနေသော အိပ်မက်ဆိုး ကြံ့သူတော်ကို မနေနိုင်ဘဲ မေးလိုက်သည်။

"ဒီကောင် ဘာကို အိပ်မက် မက်နေတာလဲ"

“အတိအကျ ပြောရရင် ငါ့ကို တိုက်ခိုက်နေတယ်လေ”

အိပ်မက်ဆိုး ကြုံသူတော်က လင်းဟွမ်ကို ပြုံးရင်း ရှင်းပြလိုက်သည်။

"အဝေးရောက် တိုက်ပွဲလား"

“ဟုတ်တယ်”

"အဝေးရောက် တိုက်ပွဲမှာ မင်း မနိုင်ဘူး မဟုတ်လား"

လင်းဟွမ်က စိတ်ရှုပ်ထွေးစွာ မေးလိုက်သည်။

“ဒီလို လုပ်တာ ပိုကောင်းမယ်ထင်လို့ တမင် လုပ်ခဲ့တာ။ ငါ့ရဲ့ အနီးကပ် တိုက်ခိုက်ရေး အစွမ်းက မတရား အစွမ်းထက်တယ်လေ။ “

အိမ်မက်ဆိုး ကြံ့သူတော်က စိတ်မထိန်းနိုင်ဘဲ ကျယ်လောင်စွာ အော်ရယ်ပြီး ပြောလိုက်သည်။

“ငါ့ဆီမှာ အမြီးကိုးချောင်း လင့်ကြောင်မြီးတိုရဲ့ အမြန်နှုန်းနဲ့ ခြေသည်းတွေတင် မကသေးဘူး ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်နဲ့တူတဲ့ ခုခံနိုင်စွမ်းလည်း ရှိသေးတယ်။ ရိုက်ရတာ တကယ် အရသာ ရှိတယ်”

"အိုး၊ မင်းက တကယ် အစွမ်းထက်တာပဲ"

လင်းဟွမ်သည် မနေနိုင်ဘဲ အိပ်မက်ဆိုး ကြံ့သူတော်ကို လက်မ ထောင်ပြလိုက်သည်။

အိမ်မက်ဆိုး ကြံ့သူတော်သည် သူ၏ အိပ်မက်ထဲတွင် အစစ်အမှန် ဝိညာဉ်ကိုးခု၏ အစွမ်းအထက်ဆုံး စွမ်းရည်များကို ပေါင်းစည်းထားပါက ၎င်း၏ အိပ်မက်ထဲတွင် ပြိုင်ဘက်ကင်း ဖြစ်နေလိမ့်မည်။

သူတို့နှစ်ယောက် စကားပြောနေစဉ် တိုက်တန် စပါးအုံးမြွေ ခန္ဓာကိုယ်ထဲရှိ လက်ကျန် နတ်ဘုရား

စွမ်းအားများသည် လျင်မြန်စွာ လျော့ကျလာပြီး မကြာခင် သေဆုံးရတော့မည်။

တိုက်တန် စပါးအုံးမြွေသည် အိပ်မက်ကမ္ဘာထဲတွင် ဆိုးဆိုးရွားရွား အရိုက်ခံနေရသည့် ပုံရှိသည်။

၎င်း၏ ခန္ဓာကိုယ်တွင် ဓားဖြင့် အခုတ်ခံရသကဲ့သို့ ထောင်ပေါင်း များစွာသော ဒဏ်ရာများ ဖြစ်ပေါ်လာသည်။ ဖြည်းညင်းစွာ လှီးဖြတ်ခြင်း ခံထားရသကဲ့သို့ ၎င်း၏ခေါင်းမှ အမြီးအထိ အသားများ ပျောက်ကွယ်လာသည်။

ငင်း၏ မာကျောလှပါသည် ဆိုသော အကြေးခွံများနှင့် အရေပြားများက ခုခံနိုင်စွမ်း လုံး၀ မရှိတော့ချေ။ ခန္ဓာကိုယ်ပေါ်ရှိ ဒဏ်ရာ တစ်ခုချင်း စီသည် အနည်းဆုံး မီတာ ဆယ်ဂဏာန်းမျှ ရှည်လျားသည်။

ဟောင်းလောင်း ပွင့်နေသော အကြေးခွံများ ကြားမှ အနီရောင် အသားများကိုပင် မြင်နေရသည်။ အချို့သော ဒဏ်ရာများသည် အလွန် နက်ရှိုင်းပြီး အတွင်းအင်္ဂါများကိုပင် မြင်နေရလု နီးပါးပင်....။

ပြတ်ရှ ဒဏ်ရာများက အနာ ပြန်ကျက်လာမည့် လက္ခဏာ လုံးဝမပြဘဲ သွေးများ ဆက်တိုက် ထွက်ကျနေသည်။ သွေးများသည် တိုက်တန် စပါးအုံးမြွေ၏ ပါးစပ်ထဲမှ စမ်းချောင်းတစ်ခု ကဲ့သို့ စီးကျလာသည်။

"ငါရှုံးတယ်..."

သူ့ဆီမှ အသံတစ်ခု ထွက်ပေါ်လာသည်။

"ဒါ ကြုံခဲ့ဖူးသမျှ ငါ့ဘဝထဲက တိုက်ပွဲတွေထဲမှာ အပြင်းထန်ဆုံး တိုက်ပွဲပဲ။ လုံးဝ ဖိနှိပ်ခံခဲ့ရတဲ့ တိုက်ပွဲဆိုလည်း ဟုတ်တယ်။ ငါ ဂုဏ်ယူရတဲ့

စွမ်းအားနဲ့ ခံစစ်စွမ်းရည်က မင်းအတွက်တော့ ကလေး ကစားစရာတွေလိုပဲ။ ငါ့ရဲ့ အစွမ်းအထက်ဆုံး စွမ်းရည် ဖြစ်တဲ့ ကြယ်ဝါးမျိုခြင်းကလည်း မင်းကို ဘာမှ မလုပ်နိုင်ခဲ့ဘူး။"

"အစကတည်းက မင်းကို ဘယ်တုန်းကမှ လျှော့ မတွက်ခဲ့ဖူးဘူး။ ဒါပေမယ့် ဒဏ္ဍာရီ အဆင့် မွန်းစတားတစ်ကောင်က ငါစိတ်ကူးထားတာ ထက်တောင် ပိုကြောက်စရာ ကောင်းနေလိမ့်မယ်လို့ တစ်ခါမှ မတွေးခဲ့ဖူးဘူး"

"မင်းကို အမှန်တိုင်းပဲ ပြောပြလိုက်မယ်"

လေထဲတွင် ပျံ့ဝဲနေသော အိပ်မက်ဆိုး ကြံ့သူတော်က တိုက်တန် စပါးအုံးမြွေကို အထင်သေးသော ပုံစံနှင့် ကြည့်လိုက်ပြီး

“ ဒဏ္ဍာရီ အဆင့် မဟုတ်ဘူး။ ငါက ဒဏ္ဍာရီ အဆင့်ထက်တောင် ပိုမြင့်တဲ့အဆင့်မှာ ရှိနေတာ”

သို့သော်လည်း အိပ်မက်ဆိုး ကြံ့သူတော်သည် လျှို့ဝှက်ချက် တစ်ခုကို သိမ်းထားသေးသည်။ သူသည် ယခုမှ ကလေးပဲ ရှိသေးသည်။

"ဟုတ်လား။ ဒါဆို ငါ့အရှုံးက အချည်းအနှီး မဟုတ်ဘူးပေါ့"

တိုက်တန် စပါးအုံးမြွေသည် အမှန်တရားကို သိလိုက်ပြီး နောက်ဆုံးတွင် မိန်ဖျော့သွားသည်။

"တိုက်တန် စပါးအုံးမြွေ (ဒဏ္ဍာရီအဆင့်) ကတ်အပြည့်အစုံ နှစ်ကတ်ရရှိတဲ့အတွက် ဂုဏ်ပြု ပါတယ်"

" စနစ်က နတ်ဘုရား တစ်ပိုင်း ဝိညာဉ်နဲ့ နတ်ဘုရားဦးခေါင်း (အကျိုးအပဲ့) ကို ရှာတွေ့ခဲ့တယ်။ မင်း သိမ်းထားချင်လား"

# အခန်း(၉၈၅) - လျှို့ဝှက် စွမ်းရည် (ကိုယ်ပျောက်မြွေ)

လင်းဟွမ်သည် တိုက်တန် စပါးအုံးမြွေ မွန်းစတားကတ် အပြည့်အစုံ ရရှိသည့် အကြောင်းကြားချက်ကို ရှောင်ဖိန်ထံမှ ကြားလိုက်သောအခါ လွန်စွာ အံ့သြသင့်သွားသည်။

သာမန် အခြေအနေအောက်တွင် မွန်းစတားများကို သတ်ဖြတ်ခြင်းမှ မွန်းစတားကတ်

အပြည်အစုံကို ရရှိနိုသည့် အခွင့်အလမ်းက အလွန် နည်းပါး သောကြောင့်ပင်။

လင်းဟွမ်၏ အတွေ့အကြုံများအရ ဤကဲ့သို့ ရရှိနိုင်ခြေက တစ်ရာပုံ တစ်ပုံထက်ပင် နည်းပါးသေး၏။ တစ်ခါတစ်ရံတွင် မွန်းစတား သန်းပေါင်းများစွာကို သတ်ဖြတ်ပြီးမှသာ မွန်းစတားကတ် အပြည့်အစုံ ရာဂဏန်းမျှသာ ရရှိတတ်သည်။

သို့သော်လည်း ယခုအခါ ဒုတိယမြောက် မွန်းစတားကို သတ်ဖြတ်ပြီးနောက် မွန်းစတားကတ် အပြည့်အစုံကို ရရှိခဲ့သည်။

"ဒီနေ့ ကံကောင်းနေတဲ့ ပုံပဲ"

လင်းဟွမ်သည် ရောမ မွန်းစတားအလောင်းကို သိုလှောင် လက်စွပ်ထဲ ထည့်သိမ်းပြီးနောက် နတ်ဘုရားတစ်ပိုင်း ဝိညာဉ်နှင့် နတ်ဘုရား ဦးခေါင်းကို ပြန်သိမ်းလိုက်သည်။

အခြားတစ်ဖက်တွင် အိပ်မက်ဆိုး ကြံ့သူတော်က ရယူထားခဲ့သော မှတ်ဉာဏ်များကို သွေးရဲရဲလေးနှင့် မျှဝေနေသည်။

"အခြေအနေ ဘယ်လိုလဲ။ တခြား နတ်ဘုရားတစ်ပိုင်း မွန်းစတားတွေရဲ့ ကိုသြဒိနိတ် တည်နေရာတွေ ရှိသေးလား။"

လင်းဟွမ်သည် အိပ်မက်ဆိုး ကြံ့သူတော်၏ ဆင်နှာမောင်းက သွေးရဲရဲလေး၏ ဦးခေါင်းမှ ခွာလိုက်သည်ကို မြင်လျှင် သွေးရဲရဲလေးကို မေးလိုက်သည်။

သွေးရဲရဲလေးက ခေါင်းညိတ်ပြီး အတည်ပြုလိုက်သည်။

"အင်း... ဒီအလွှာမှာ ငါတို့သတ်ခဲ့တဲ့ မွန်းစတားနှစ်ကောင်အပြင် နောက်ထပ် နတ်ဘုရားတစ်ပိုင်းအဆင့် မွန်းစတား (၁၄) ကောင် ရှိသေးတယ်။ ငါတို့နဲ့ အနီးဆုံးက စောစောက မင်းကို ငါပြောခဲ့တဲ့ ရုပ်ဆိုးပင့်ကူ အမျိုးသမီးပဲ။"

" သူမက ဒီနေရာကနေ အနောက်တောင်ဘက် ကီလိုမီတာ (၃,၅၀၀) အကွာမှာ ရှိတယ်။

နောက်ပြီးတော့ မြောက်ဘက် ကီလိုမီတာ (၅,၀၀၀) အကွာမှာ ဝိညာဉ်မယ်တော် ရှိမယ်”

ဝိညာဉ် မယ်တော်သည် ဝိညာဉ်အမျိုးအစား မွန်းစတားတစ်ကောင် ဖြစ်သည်။ ဤမွန်းစတားကို မြင်ဖူးခဲ့သည့် လူအများစု သေဆုံးသွားသောကြောင့် မွန်းစတား စွယ်စုံကျမ်းထဲတွင် မှတ်တမ်း တင်ထားခြင်း မရှိပေ။

ဤမွန်းစတားသည် ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှု အများစုကို ခုခံနိုင်စွမ်းရှိပြီး ၎င်းကို စိတ်ဝိညာဉ် တိုက်ခိုက်မှုကသာ ထိခိုက်စေနိုင်သည်။ ထို့အပြင်

၎င်းက ဝိညာဉ်အမျိုးအစား တိုက်ခိုက်ရေး နည်းစနစ်များ၊ လှည့်စားမှုများနှင့် ညှို့ယူခြင်းဆိုင်ရာ နည်းစနစ်များကို ကျွမ်းကျင်သည်။

"ရုပ်ဆိုးပင့်ကူ အမျိုးသမီးပဲ ဖြစ်ဖြစ်၊ ဝိညာဉ်မယ်တော်ပဲ ဖြစ်ဖြစ် ကိုင်တွယ်ရတာ ခက်တယ်"

လင်းဟွမ်သည် ခဏမျှ တိတ်ဆိတ်သွားသည်။

“ကဲ ငါတို့နဲ့ အနီးဆုံးကနေ စသွားရအောင်။ သွေးရဲရဲလေးရေ လမ်းကြောင်း စီစဉ်ပေးပါအုံး”

"ကောင်းပြီ။"

မကြာခင် သွေးစွန်းသော လမ်းကြောင်းကို စီစဉ်လိုက်သည်။

"အခု ငါတို့က အနောက်မြောက်ဘက်ကို ဦးတည် နေတာဆိုတော့ ရုပ်ဆိုးပင့်ကူ အမျိုးသမီးကို သတ်ပြီးရင် မြောက်ဘက်ကို တည့်တည့် သွားကြမယ်။ ဒီလမ်းကြောင်းအတိုင်း သွားမယ်ဆိုရင် ဝိညာဉ်မယ်တော်က ငါတို့ရဲ့ နောက်ဆုံးသားကောင် ဖြစ်လာလိမ့်မယ်။"

"ကောင်းပြီ"

လင်းဟွမ်က ကန့်ကွက်ခြင်း မရှိပေ။ သူ့အတွက်မူ မည်သည့် သားကောင်ကို အရင်သတ်သတ်၊ နောက်ကျသတ်သတ် ကွာခြားခြင်း မရှိပေ။

မည်သို့ပင် ဆိုစေကာမူ သူက နတ်ဘုရားတစ်ပိုင်း အဆင့် မွန်းစတား (၁၄) ကောင်ထဲမှ တစ်ကောင်ကိုမှ လွှတ်ပေးရန် အစီအစဉ် မရှိပေ။

လင်းဟွမ်သည် နတ်ဘုရားဝိညာဉ်နှင့် နတ်ဘုရား ဦးခေါင်းကို သိမ်းပြီးနောက် အိပ်မက်ဆိုး ကြွံသူတော်ကို သူခန္ဓာကိုယ်ထဲ ပြန်ထည့်ကာ

သွေးရဲရဲလေး ပြောသည့်အတိုင်း ရုပ်ဆိုးပင့်ကူ အမျိုးသမီး နယ်မြေသို့ သွားခဲ့သည်။

မိနစ် (၂၀) ခန့် ကြာသောအခါ သူတို့သည် ရုပ်ဆိုးပင့်ကူ အမျိုးသမီး၏နယ်မြေထဲ ရောက်ရှိလာကြသည်။

လင်းဟွမ်သည် ကံကောင်းခြင်းကတ် တစ်ခုကို ချေမွပြီးနောက် ရုပ်ဆိုးပင့်ကူ အမျိုးသမီးနှင့် ရင်ဆိုင်ရန် ရွေးချယ်ထားသော အမြီးကိုးချောင်း လင့်ကြောင်မြီးတိုကို ဆင့်ခေါ်လိုက်သည်။

ယခုအချိန်တွင် သူနှင့်အတူ အင်ပါယာ ရွှေခရမ်းရောင်အဆင့် ရှိသော တိုက်ခိုက်ရေး ဝိညာဉ် သုံးခု ရှိသည်။

သူတို့မှာ ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်၊ အမြီးကိုးချောင်း လင့်ကြောင်မြီးတိုနှင့် အိပ်မက်ဆိုး ကြံသူတော်တို့ ပင်။

ကျန်သည့် တိုက်ခိုက်ဝိညာဉ်များက အင်ပါယာ ရွှေဖြူရောင် အဆင့်တွင် ရှိကြပြီး နတ်ဘုရား တစ်ပိုင်းများကို တိုက်ခိုက်နိုင်သော်လည်း

အလွယ်တကူ အနိုင် မရနိုင်ပေ။ ထို့အပြင် ယခုမှ လောလောလတ်လတ် ရရှိထားသော နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်သုံးခုကို ယခုအချိန်အထိ စိတ်ကူးယဉ် မြင်ယောင်ကြည့်၍ မပြီးဆုံးသေးသောကြောင့် မပေါင်းစည်း ရသေးချေ။

ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှည်ဆင်၊ အမြီးကိုးချောင်း လင့်ကြောင်မြီးတိုနှင့် အိပ်မက်ဆိုး ကြံ့သူတော်တို့ကသာ ယခုလက်ရှိ အချိန်တွင် သူ အသုံးပြုနိုင်သော တိုက်ခိုက်ရေး ဝိညာဉ်များ ဖြစ်ကြသည်။

သီအိုရီအရ နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်သုံးခုထဲတွင် အိပ်မက်ဆိုး ကြွံသူတော်က ရုပ်ဆိုးပင့်ကူ အမျိုးသမီးကဲ့သို့ မွန်းစတားမျိုးနှင့် တိုက်ခိုက်ရန် အသင့်တော်ဆုံး ဖြစ်နေသည်။

အိပ်မက်ဆိုး ကြွံသူတော်သည် ပြိုင်ဘက်ကို သတိမထားမိစေဘဲ ရောက်သည့် နေရာမှာပင် သေသွားသည်အထိ ညှို့ယူနိုင်သည့် နေရာတွင် အကျွမ်းအကျင်ဆုံး ဖြစ်သည်။

ရုပ်ဆိုးပင့်ကူ အမျိုးသမီး၏ စွမ်းရည်က မည်မျှပင် ရှုပ်ထွေးနေပါစေ အိပ်မက် နယ်မြေထဲတွင်

အိပ်မက်ဆိုး ကြုံသူတော်က သူမကို ထိန်းချုပ်ထားနိုင်သည်။

ယခုတစ်ကြိမ်၌ လင်းဟွမ်က အမြီးကိုးချောင်း လင့်ကြောင်မြီးတိုကို ရွေးချယ်ရသည့် အကြောင်းရင်းမှာ အစောပိုင်းက ဖျက်ဆီးခြင်းနတ်ဘုရား အမွေးရှည်ဆင်နှင့် အိပ်မက်ဆိုး ကြုံသူတော်တို့၏ တိုက်ပွဲများကို ကြည့်ပြီးနောက် အမြီးကိုးချောင်း လင့်ကြောင်မြီးတိုက တိုက်ခိုက်ရန် လက်ယား နေသောကြောင့် ဖြစ်သည်။

အခြားတစ်ဖက်တွင်မူ လင်းဟွမ်ကလည်း နတ်ဘုရားတစ်ပိုင်းအဆင့် တန်ခိုးရှင်များကို စမ်းသပ်ကြည့်ချင်နေသည်။

အစောပိုင်းက အိပ်မက်ဆိုး ကြံ့သူတော်နှင့် တိုက်တန် စပါးအုံးမြွေတို့ကြားက တိုက်ပွဲကို သူ မမြင်ခဲ့ရပေ။ သူ မသိလိုက်သည့် အချိန်မှာပင် အိပ်မက်ဆိုး ကြံ့သူတော်က တိုက်တန် စပါးအုံးမြွေကို အိပ်မက်နယ်မြေထဲ ဆွဲခေါ်သွားခဲ့သည်။

သူက ကြိုမပြောထားသောကြောင့်၊ အိပ်မက်ဆိုး ကြံ့သူတော်ကလည်း ထိုတိုက်ပွဲကို လင်းဟွမ်က စောင့်ကြည့်ရန် ရည်ရွယ်ထားကြောင်း မသိခဲ့ချေ။

ရုပ်ဆိုးပင့်ကူ အမျိုးသမီးသည် လျှင်မြန်သော အရှိန်နှင့် သူမထံ လာနေသော လင်းဟွမ်ကို အသေ စိုက်ကြည့်နေသည်။ အမှန်တကယ်ဆို ကီလိုမီတာ ရာပေါင်းများစွာ ဝေးကွာသည့် အချိန်တည်းက ဤလူသားကို သူမ သတိထားမိခဲ့သည်။

သူမ၏ အမဲလိုက်ခြင်း ဗီဇက စိတ်ရှည်တတ်မှုကို သင်ကြား ပေးထားသောကြောင့် ပြိုင်ဘက်ကို

တစ်ချက်တည်း အသေ သတ်ပစ်နိုင်မည့် ချက်ကောင်း ပေါ်လာသည့်အထိ စိတ်ရှည်စွာ စောင့်ဆိုင်း နေခဲ့သည်။

သို့သော်လည်း သူမအား အံ့အားသင့်စေသည့် အရာမှာ ဤလူသား၏ တိုက်ခိုက်ရေးက အင်မော်တယ် အဆင့်သာ ရှိသော်လည်း မည်သည့် အားနည်းချက်၊ ချို့ယွင်းချက် မပြသခြင်း ဖြစ်သည်။ သူသည် အရှိန်ပြင်းပြင်းနှင့် လျင်မြန်စွာ ရွေ့လျား နေသော်လည်း အဘက်ဘက်မှ တိုက်ခိုက်လာသော

တိုက်ခိုက်မှုကို ခုခံနိုင်ရန် သတိနိုးကြား နေဆဲ ဖြစ်သည်။

"ဒီလူက ကျွမ်းကျင်ပေမယ့် ဆိုးတာက သူ့ရဲ့ တိုက်ခိုက်ရေး အဆင့်က အားနည်းလွန်းတယ်။ တကယ်လို့ သူသာ ငါနဲ့ တိုက်ခိုက်ရေး အဆင့်တူရင် ခက်ခဲတဲ့ပြိုင်ဘက် ဖြစ်လာမှာ "

ဒါက လင်းဟွမ်အတွက် ရုပ်ဆိုးပင့်ကူ အမျိုးသမီး၏ ပထမဆုံး ခံစားချက် ဖြစ်သည်။

မကြာခင် လင်းဟွမ်က သူမထံ တိုးဝင်လာသည်ကို သတိထားမိသောအခါ အကြံ့များစွာဖြင့် ပြုံးလိုက်သည်။

သူမ၏ ဆံပင်နှစ်ချောင်းက အသက်ရှိနေသကဲ့သို့ ဝှေ့ယမ်းနေသည်။ ထို့နောက် ဖြည်းဖြည်းချင်း မှေးမှိန်သွားပြီး မမြင်နိုင်သောအခြေအနေသို့ ပြောင်းလဲသွားခဲ့သည်။ ၎င်းတို့သည် အမှောင်ထဲတွင် ပုန်းအောင်းနေသော အဆိပ်ပြင်းမြွေများကဲ့သို့ လင်းဟွမ်ထံ လျှောဝင်သွားကြသည်။

၎င်းတို့ ဖြတ်သန်းရာ နေရာတိုင်းတွင် အသံ သို့မဟုတ် မည်သည့် သဲလွန်စမှ မကျန်ရစ်ခဲ့ပေ။ ဒါသည် သူမ၏ လုပ်ကြံ သတ်ဖြတ်ခြင်း လျှို့ဝှက်စွမ်းရည် ဖြစ်သည့် ကိုယ်ပျောက်မြေ စွမ်းရည် ဖြစ်သည်။

ဤလျှို့ဝှက် စွမ်းရည်သည် တိုက်ခိုက်မှုကို မမြင်နိုင်စေရုံ သာမက ပြိုင်ဘက်၏ နယ်မြေပိုင်နက်အသိ ထောက်လှမ်းမှုကိုလည်း ရှောင်ရှားနိုင်သည်။

ရုပ်ဆိုးပင့်ကူ အမျိုးသမီးသည် ညှိုလျှို့ဝှက် စွမ်းရည်နှင့် မရေမတွက်နိုင်သော သားကောင်များကို သတ်ပစ်ခဲ့ဖူးသည်။ ထိုသားကောင်များသည် သေသာ သေသွားခဲ့ရပြီး သူတို့ကို ဘာက တိုက်ခိုက်ခဲ့လဲ ဆိုသည်ကို မသိခဲ့ကြပေ။

လင်းဟွမ်သည် ရုပ်ဆိုးပင့်ကူ အမျိုးသမီးနှင့် ကီလိုမီတာ (၂၀) အကွာအဝေး အတွင်းသို့ ရောက်သောအခါ ရုတ်တရက် မျက်မှောင် ကြုတ်သွားသည်။

သူက စိတ်စွမ်းအား အသုံးပြု၍ သူ့ထံ လျင်မြန်စွာ ချဉ်းကပ်လာနေသည့် သာမန်မျက်စိနှင့် မမြင်နိုင်သော ဆံပင် (၃၀) ကျော်ကို တွေ့ရှိခဲ့သည်။ အံ့သြစရာ ကောင်းသည်မှာ သူ၏ နယ်မြေပိုင်နက် အသိက ထိုဆံပင်များကို အာရုံခံနိုင်ခြင်း မရှိခဲ့ပေ။ သာမန် အတိုင်းသာ ဖြစ်နေပြီး မည်သည့် သဲလွန်စကိုမှ ထူးခြားခြင်း မရှိပေ။

“ဒါက အစွမ်းထက်တဲ့ ပုံပဲ။ ငါ့ဆီမှာ စိတ်စွမ်းအားသာ မရှိရင် အခုချက်ချင်း သေသွားမှာတောင် ကြောက်မိတယ်။"

လင်းဟွမ်က အမြီးကိုးချောင်း လင့်ကြောင်မြီးတိုကို ချက်ချင်း ဆင့်ခေါ်လိုက်သည်။ သူက ဝှက်ဖဲ အသုံးပြု၍ တိုက်ခိုက်ရေး အဆင့် မြှင့်တင်လျှင်ပင် ဤကဲ့သို့ နတ်ဘုရားတစ်ပိုင်း အဆင့်အား မတိုက်ခိုက်နိုင်ကြောင်း သိနေသည်။

"မမြင်ရတဲ့ ဆံပင်ကို မင်း သိလား”

လင်းဟွမ်က အသံပို့လွှတ်ပြီး မေးလိုက်သည်။

အမြီးကိုးချောင်း လင့်ကြောင်မြီးတိုက ခေါင်းညိတ် လိုက်ပြီး

“ ဒီ လျှို့ဝှက်စွမ်းရည်က သိပ်မမိုက်ပါဘူး။ ဆံပင်ရဲ့ မျက်နှာပြင်ပေါ်မှာ နယ်မြေပိုင်နက်ရဲ့ အာရုံခံနိုင်စွမ်းကို တားဆီးနိုင်တဲ့ ထူးခြားတဲ့ အလွှာတစ်ခု ရှိနေတာပဲ။ ကံဆိုးတာက ဒီဆံပင် ဘယ်လောက်ပဲ သေးသေး ငါ့ရဲ့ နယ်မြေပိုင်နက်ထဲမှာ ဟင်းလင်းပြင် ပိတ်လှောင်ထားလို့ ဘယ်အရာမဆို ငါ့မျက်စိအောက်က မလွတ်မြောက်နိုင်ဘူး ဆိုတာ သူ မသိသေးတာပဲ”

ဆံပင်ပေါ်ရှိ ထူးခြားသော အလွှာကို တစ်ချက် လှမ်းကြည့်လိုက်သည်။ လင်းဟွမ်သည်

အမြီးကိုးချောင်း လင့်ကြောင်မြီးတို၏ စကားကို ကြားလျှင် လုံးဝ စိတ်သက်သာရာ ရသွားသည်။ အကယ်၍ အမြီးကိုးချောင်း လင့်ကြောင်မြီးတိုက ဆံပင်များကို အာရုံခံနိုင်ခြင်း မရှိပါက အိပ်မက်ဆိုး ကြံ့သူတော်ကို ပြန်ဆင့်ခေါ်ရန် စိတ်ကူးထားခဲ့သည်။

အိပ်မက်ဆိုး ကြံ့သူတော်က ပြိုင်ဘက် မတိုက်ခိုက်ခင်ကပင် ပြိုင်ဘက်ကို အိပ်မက် နယ်မြေထဲ ဆွဲသွင်းသွားနိုင်သည်။

လူတစ်ယောက်နှင့် ကြောင်တစ်ကောင်တို့ စကား ပြောနေကြစဉ် ကိုယ်ပျောက် မြွေစွမ်းရည်

အသုံးပြုထားသော ဆံပင် (၃၀) ကျော်သည့် လင်းဟွမ်နှင့် မီတာ (၁၀၀)ပင် မဝေးသော နေရာသို့ ရောက်ရှိလာသည်။

လေထဲတွင် တောက်ပသော အဖြူရောင် အလင်းတန်း တစ်ခု ဖြတ်ခနဲ လက်သွားပြီး ကြောင်ဖြူလေးက လင်းဟွမ်၏ ပခုံးပေါ်တွင် ပြန်ပေါ်လာသည်။

ထိုအချိန်တွင် လင်းဟွမ်သည် စိတ်စွမ်းအားမှ တဆင့် သူ့ကို တိုက်ခိုက်ရန် ကြိုးစားလာသော

ဆံပင် (၃၆) ချောင်းသည် ယခုအခါ၌ အပိုင်းပိုင်း ပြတ်နေကြောင်း အာရုံခံမိလိုက်သည်။

ကီလိုမီတာ (၂၀) အကွာတွင် ရှိနေသော ရုပ်ဆိုး ပင့်ကူအမျိုးသမီးသည် နာကျင်စွာ အော်ဟာစ် ညည်းတွားနေသည်။ သူမ၏ ဖြူဖျော့သော မျက်နှာကို အပေါ်သို့ ဖြည်းဖြည်းချင်း မြောက်ပြီး အကြည့်ပြောင်းလိုက်သည်။

ယခုအခါ သူမသည် ကီလိုမီတာ (၂၀) အကွာတွင် ရှိနေသော လင်းဟွမ်ပခုံးပေါ်က ကြောင်ဖြူလေးကို စိုက်ကြည့်နေသည်။ ထို့နောက် မကောင်းဆိုး

ဝါးဆန်သော အပြုံးနှင့် ဖြူဖွေးသော သွားများကို ပေါ်လာအောင် ပြုံးလိုက်ပြီ

“ဒါဆို သူ့မှာ အကူတစ်ယောက် ရှိတာပေါ့ "

## အခန်း(၉၈၇) - ပိုင်က အဆင့်တက်လှမ်းရန် သဘောတူခြင်း။

လင်းဟွမ်သည် ရုပ်ဆိုးပင့်ကူ အမျိုးသမီးကို အမဲ မလိုက်ခင်က ကံကောင်းခြင်းကတ်ကို ရည်ရွယ်ချက်ရှိရှိ အသုံးပြုခဲ့သော်လည်း ရုပ်ဆိုး ပင့်ကူ အမျိုးသမီးကတ် အပြည့်အစုံ ရလာလိမ့်မည်ဟု မည်သည့် အချိန်ကမှ မမျှော်လင့် ထားခဲ့ပေ။ ထို့အပြင် နတ်ဘုရားတစ်ပိုင်း ဝိညာဉ် သလင်းကျောက်ကိုပင် ရရှိခဲ့သေးသည်။ ထို့အပြင်

သူမ ခန္ဓာကိုယ်ထဲမှ နတ်ဘုရားတစ်ပိုင်း ဝိညာဉ်နှင့် နတ်ဘုရားဦးခေါင်း ကိုလည်း ရရှိခဲ့သေးသည်။

လင်းဟွမ်သည် ရုပ်ဆိုးပင့်ကူ အမျိုးသမီး၏ နတ်ဘုရားတစ်ပိုင်း ဝိညာဉ်နှင့် သူမကိုယ်ထဲက နတ်ဘုရား ဦးခေါင်းကို သိမ်းပြီးနောက် အင်္ကျီလက်စအောက်ထဲက သွေးရဲရဲလေးကို လှမ်းမေးလိုက်သည်။

"နောက်တစ်နေရာက ဘယ်လဲ...."

"အနောက်တောင်ဘက် ကီလိုမီတာ ၆၈၀၀ အကွာက ရွှေအဆိပ် ပိုးတုံးလုံး ..."

"သွားကြစို့..."

လင်းဟွမ်က အမြီးကိုးချောင်း လင့်ကြောင်မြီးတိုကို ပြန်သိမ်းပြီးနောက် ကောင်းကင်ပေါ် ပျံတက်ပြီး အနောက်တောင်ဘက် တည့်တည့်သို့ ဦးတည် ပျံသန်းသွားသည်။

နောက်တစ်နေ့ မနက် (၁၀) နာရီကျော်တွင် လင်းဟွမ်သည် အသူရာ ချောက်ကမ်းပါး တတိယအလွှာမှ ဒုတိယအလွှာသို့ ပြန်ရောက်လာသည်။

အသူရာ ချောက်ကမ်းပါး တတိယအလွှာရှိ နတ်ဘုရားတစ်ပိုင်း အဆင့် မွန်းစတား (၁၆) ကောင်ကို တစ်ညလုံး အမဲလိုက်ပြီး သတ်ပစ်ခဲ့သည်။

ကံကောင်းခြင်းကတ်နှင့် ဆုလာဘ် နှစ်ဆကတ်များ၏ အကျိုး သက်ရောက်မှုများနှင့် အတူ ထိုညသည် ဆုငွေများနှင့် ပြည့်နှက်နေသော ညတစ်ည ဖြစ်ခဲ့ပြီး တော်တော်လေး အဆင်ပြေ သာယာခဲ့သည်။

မွန်းစတားကတ် အပြည့်အစုံ (၆) ခု ရရှိခဲ့ပြီး နတ်ဘုရားတစ်ပိုင်း ဝိညာဉ်သလင်းကျောက် (၄) ခု၊

နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်း (၄) ခု၊ နတ်ဘုရားတစ်ပိုင်း ဝိညာဉ် (၃၂) ခု နှင့် နတ်ဘုရား ဦးခေါင်း အကျိုးအပဲ့ (၃၂) ခုတို့ ရရှိခဲ့သည်။

အပြည့်အစုံ ရရှိခဲ့သော မွန်းစတားကတ် (၆) ခုမှာ တိုင်တန် စပါးအုံးမြွေကတ် (၂) ကတ်၊ ရုပ်ဆိုးပင့်ကူ အမျိုးသမီးကတ် (၂) ကတ်နှင့် ဝိညာဉ် မယ်တော်ကတ် (၂) ကတ်တို့ ဖြစ်သည်။

ထိုမွန်းစတား အားလုံး၏ တိုက်ခိုက်ရေး အဆင့်မှာ နတ်ဘုရားတစ်ပိုင်း အဆင့် ဖြစ်သော်လည်း လင်းဟွမ်၏ လုပ်ပိုင်ခွင့်အာဏာ

အကန့်အသတ်ကြောင့် ယခုအခါ၌ ပိုင်ကဲ့သို့ပင် သူတို့၏ တိုက်ခိုက်ရေး အဆင့်များက အင်ပါယာ ရွှေဝါရောင်အဆင့်မှာ ရှိကြသည်။

ထို့အပြင် လင်းဟွမ်သည် အဆင့်ကျော် သတ်ဖြတ်ခြင်းဆု (၁၆) ဆုကိုလည်း ရရှိခဲ့သည်။ နတ်ဘုရားတစ်ပိုင်း တစ်ကောင်ကို သတ်ဖြတ်ပါက ကံစမ်းမဲကတ် (၈၀) ရရှိသည်။ ဆုလာဘ် နှစ်ဆကတ်ကို အသုံးပြုခဲ့သောကြောင့် ကံစမ်းမဲကတ်ပေါင်း (၂,၅၆၀) ရရှိခဲ့သည်။

လင်းဟွမ်သည် အာဏာရှင်နှင့် ကျန်သည့်လူများ အဆင့် တက်လှမ်းနေသည့် နေရာသို့ ရောက်သောအခါ ပိုင့်ကို ဆင့်ခေါ်လိုက်သည်။

ပိုင်သည် ရွှေရောင်ဥကြီး သုံးလုံးကို မြင်သောအခါ တော်တော်လေး အံ့အားသင့်သွားသည်။ မကြာခင် ဤဥများအတွင်းမှ သူနှင့် ရင်းနှီးနေသော အော်ရာကို ခံစားမိလိုက်သည်။ ထိုအထဲတွင် အာဏာရှင်နှင့် ကျန်သည့် မွန်းစတားများ ရှိနေကြသည်။

လင်းဟွမ်သည် ပိုင်က ရွှေရောင်ဥများအား စိုက်ကြည့်နေသည်ကို မြင်လျှင်

"အာဏာရှင်နဲ့ တခြား နှစ်ယောက်ကို ဒဏ္ဍာရီအဆင့် မြှင့်တင်ပေးထားတာ..."

ထိုစကားကို ကြားသောအခါ ပိုင်၏ မျက်လုံးထဲတွင် အားကျစိတ် ဖျတ်ခနဲ ပေါ်လာသော်လည်း မကြာခင် သူ့ခံစားချက်ကို ဖုံးကွယ်လိုက်သည်။

" မင်းအတွက်လည်း ပစ္စည်းတွေ စုဆောင်းပြီးသွားပြီ အားကျနေစရာ မလိုဘူး။ အခုပဲ အဆင့်တက်လှမ်း ပေးဖို့ ခေါ်လိုက်တာ ။

လင်းဟွမ်က စကားပြောနေရင်း ပစ္စည်းများကို တစ်ခုပြီးတစ်ခု ထုတ်ယူလိုက်သည်။

“ အဆင့်တက်သွားရင် မင်း ငါ့ကို ဆင့်ခေါ်လို့ မရတော့ဘူး မဟုတ်ဘူးလား…”

ပိုင်က မေးလိုက်သည်။

“ဟုတ်တယ်။ ဒါပေမယ့် ယာယီပါကွာ…”

လင်းဟွမ်က ပြုံးရင်း ရှင်းပြလိုက်သည်။

“အခု ငါ အင်ပါယာအဆင့် တက်လှမ်းဖို့ နည်းလမ်း ရှာတွေ့ထားတာကြောင့် မကြာခင် အဆင့် တက်လှမ်း လာခဲ့မယ်.... စိတ်မပူနဲ့...”

ပိုင်သည် ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် နောက်တစ်ကြိမ် ထပ်မေးလိုက်သည်။

“မင်းရဲ့ တိုက်ခိုက်ရေး ဝိညာဉ်က ငါတို့ထက် အများကြီး ပိုအစွမ်းထက်တယ် မဟုတ်လား....”

ဤမေးခွန်းကို ကြားသောအခါ လင်းဟွမ် တိတ်ဆိတ်နေရမည့် အလှည့် ဖြစ်သွားသည်။

ခတ္တမျှ တိတ်ဆိတ် နေပြီးနောက်...

"အခုတော့ နတ်ဘုရားတစ်ပိုင်းကို သတ်နိုင်တာ သုံးကောင် ရှိတယ်။ ကျန်တဲ့ လေးကောင်ကလည်း နတ်ဘုရားတစ်ပိုင်းကို ထိပ်တိုက် ရင်ဆိုင် တိုက်ခိုက်နိုင်တာဆိုတော့ မကြာခင် သူတို့လည်း သတ်နိုင်လာလိမ့်မယ်"

" ဒါဆို ... ငါ အဆင့်တက် တော့မယ်"

ထိုအဖြေကို ကြားပြီးနောက် ပိုင်က ခေါင်းညိတ်လိုက်သည်။

"ဒါဆိုလည်း စလိုက်ရအောင်..."

လင်းဟွမ်သည် ကတ်ထဲတွင် ဖော်ပြထားသည့် ညွှန်ကြားချက်အတိုင်း ပေါင်းစည်းရန်အတွက် ပစ္စည်းများကို ပိုင့်ထံ တစ်ခုပြီး တစ်ခု ပေးအပ်လိုက်သည်။

ပေါင်းစည်းခြင်း လုပ်ငန်းစဉ်သည် ညှင်းပန်းနှိပ်စက်သော လုပ်ငန်းစဉ်နှင့် တူပြီး အထူးသဖြင့် နတ်ဘုရားတစ်ပိုင်း သွေးနှင့် နတ်ဘုရား ဝိညာဉ်တို့ကို ပေါင်းစပ်သည့် အချိန် ဖြစ်သည်။

အခြားအချိန်နှင့် မတူဘဲ ပိုင်၏မျက်နှာသည် နာကျင်မှုကြောင့် ရှုံ့တွနေ၏။

ပုံမှန်ဆိုလျှင် နတ်ဘုရားတစ်ပိုင်းသွေး တစ်တန်နှင့် နတ်ဘုရားဝိညာဉ် ဆယ်ခုသာ ပေါင်းစည်းရန် လိုအပ်သည်။ သို့သော်လည်း ကတ်နောက်ဘက်တွင် ဖော်ပြထားသော ညွှန်ကြားချက်က ပိုများလေ ပိုကောင်းလေဟု သဘော သက်ရောက်နေသည်။

ထို့ကြောင့် ပိုင်သည် နတ်ဘုရားတစ်ပိုင်း သွေးသုံးတန်နှင့် နတ်ဘုရားတစ်ပိုင်း ဝိညာဉ် (၃၂) ခု ပေါင်းစပ်ခဲ့သည်။

ဖြစ်စဉ် တစ်လျှောက်လုံးတွင် ပိုင် ခန္ဓာကိုယ်သည် ချွေးညှင်းပေါက်များ မှတစ်ဆင့် သွေးများ အဆက်မပြတ် စီးကျနေပြီး တဆတ်ဆတ် တုန်နေသော်လည်း တစ်စက်မှ မညည်းခဲ့ပေ။

ဘေးတွင် မတ်တပ်ရပ်၍ ကြည့်နေသော လင်းဟွမ်ပင် ဤမျှ ရက်စက် ကြမ်းကြုတ်လှသော မြင်ကွင်းကို ကြည့်ရင်း တော်တော်လေး

မျက်နှာပျက်နေသည်။ သို့သော်လည်း ပိုင်ကို မတားခဲ့ပေ။ ထိုအစား အဆင့်မြှင့်တင်ခြင်းကတ် ငါးကတ်ကို ချေမွလိုက်သည်။

အဆင့်မြှင့်တင်ခြင်း ကတ် ငါးကတ်က ရွှေရောင်အဖြစ် ပြောင်းလဲပြီး ပိုင်၏ ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်သွားသောအခါ....

နောက်ဆုံး၌ ပိုင်၏ နာကျင်မှုများသည် ယူပစ်သလို ပျောက်ကွယ်သွားသည်။ မကြာခင် အာဏာရှင်နှင့် ကျန်သည့် မွန်းစတာများကဲ့သို့

သူ့ခန္ဓာကိုယ်ကလည်း ရွှေရောင်ဥကြီး တစ်လုံး ဖြစ်သွားခဲ့သည်။

ပိုင်က အဆင့်တက်လှမ်းခြင်း အခြေအနေထဲ ဝင်ရောက်သွားသည်ကို မြင်လျှင် လင်းဟွမ်က သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။

"ဟူး.... နောက်ဆုံးတော့ ဒီတစ်ကြိမ် အဆင့်မြှင့်တင်မှု ပြီးဆုံးသွားပြီ"

သူ၏ အဓိက ပန်းတိုင်ဖြစ်သော အင်ပါယာ မွန်းစတား လေးကောင် အဆင့်မြှင့်တင်ခြင်း ပန်းတိုင် ပြီးမြောက်ပြီးနောက် လင်းဟွမ်က ခေါင်းလှည့်ပြီး

သူ့ဘေးနားရှိ နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်နှစ်ခုကို လှမ်းကြည့်လိုက်သည်။ ထို့နောက် အင်ပါယာ ရွှေဖြူရောင်အဆင့် နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်လေးခုကို ဆင့်ခေါ်လိုက်သည်။

နတ်ဘုရား နေသစ်ပင်သည် မီးနိယာမကို ကျွမ်းကျင်သည်။ သူ၏ ခွန်အားအား အဆုံးစွန်အထိ မြှင့်တင်ပြီးပါက အရာအားလုံး မီးလောင်ပြာကျစေနိုင်သည်။

လနတ်သမီးသည် ရေခဲနိယာမ ကျွမ်းကျင်သည်။ သူမ၏ အထွတ်ထိပ် အခြေအနေအထိ

မြှင့်တင်လိုက်ပါက လောကတစ်ခုလုံး အေးခဲသွားစေနိုင်သည်။

မသေမျိုး မရဏမယ်တော်က ဝိညာဉ်နိယာမကို ကျွမ်းကျင်သည်။ အထွတ်အထိပ် အခြေအနေအထိ မြှင့်တင်ပြီးပါက သက်ရှိအားလုံးက သူမကို စိတ်ပါလက်ပါ ကိုးကွယ်ပြီး သစ္စာရှိသော လူများအဖြစ် ပြောင်းလဲနိုင်ကာ မရေမတွက်နိုင်သော မသေမျိုး စစ်တပ်ကို တည်ဆောက်နိုင်သည်။ ထို့အပြင် မြောက်များလှစွာသော ဝိညာဉ်များထံမှ

မရေမတွက်နိုင်သော အမွေများကိုလည်း ပိုင်ဆိုင်နိုင်သေး၏။

ခြောက်သွေ့ပန်းသည် အသက်နိယာမကို ကျွမ်းကျင်သည်။ ၎င်းကို အထွတ်အထိပ် အခြေအနေအထိ မြှင့်တင်ပြီးပါက သေဆုံးနေသော လူအုပ်ကြီးကိုပင် ပြန်လည် ရှင်သန်စေနိုင်သည်။ ထို့အပြင် ကမ္ဘာတစ်ခုလုံးရှိ သက်ရှိအားလုံးကို ဝါးမျိုပြီး ကျတ်တီးမြေအဖြစ် ပြောင်းလဲပစ်နိုင်၏။

ဤတိုက်ခိုက်ရေး ဝိညာဉ် လေးခုလုံးသည် အမြီးကိုးချောင်း လင့်ကြောင်မြီးတိုနှင့် ကျန်သည့်

တိုက်ခိုက်ရေး ဝိညာဉ်များထက် အားနည်းခြင်း မရှိပေ။ တိုက်ခိုက်ရေး အဆင့်ချင်း ယှဉ်ပါက အဆင့်နိမ့်နေခြင်းသာ ရှိသည်။

အစပိုင်းတွင် လင်းဟွမ်သည် ပိုင်ဟောင် (နတ်ဘုရား လုံခါတ်ကြွင်း) ရောင်းချပြီး ရခဲ့သော နတ်ဘုရားတစ်ပိုင်း ဝိညာဉ် သလင်းကျောက် နှစ်တုံးကို အသုံးပြုပြီး မည်သည့် တိုက်ခိုက်ရေး ဝိညာဉ်နှစ်ခုကို တိုက်ခိုက်ရေးအဆင့် မြှင့်တင်ရမလဲ ဆိုသည်ကို မဆုံးဖြတ်နိုင် ဖြစ်နေခဲ့သည်။

သို့သော်လည်း ယခုတစ်ကြိမ် အမဲလိုက်ခရီးစဉ်တွင် နတ်ဘုရားတစ်ပိုင်း ဝိညာဉ်သလင်းကျောက် နောက်ထပ် လေးခု ထပ်ရလာသောကြောင့် လုံလောက် သွားခဲ့သည်။

လင်းဟွမ်သည် နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်လေးခုကို ဆင့်ခေါ်ပြီးနောက် နတ်ဘုရားတစ်ပိုင်း ဝိညာဉ် သလင်းကျောက်လေးခုကို ထုတ်ယူလိုက်သည်။

ထို့နောက် နှစ်ကြိမ် မစဉ်းစားဘဲ နတ်ဘုရားတစ်ပိုင်း ဝိညာဉ် သလင်းကျောက်များကို တိုက်ခိုက်ရေး ဝိညာဉ်လေးခုထံ ပစ်ပေးလိုက်သည်။

(၁၀) မိနစ်ခန့် ကြာသောအခါ တိုက်ခိုက်ရေး ဝိညာဉ်များသည် သူတို့၏ တိုက်ခိုက်ရေး အဆင့်မြှင့်တင်မှုကို ပြီးစီးအောင်မြင် သွားကြသည်။ ယခုအခါ သူတို့အားလုံးသည် အင်ပါယာ ရွှေခရမ်းရောင်အဆင့်ထိ မြင့်တက်လာခဲ့ပြီး သူတို့၏ အောဲရာများက ဖျက်ဆီးခြင်း နတ်ဘုရား အမွေးရှင်ဆင် ကဲ့သို့ ပြင်းထန် သန်မာလာကြသည်။

လင်းဟွမ်သည် နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်သုံးခုကို ပြန်သိမ်းလိုက်ပြီး မရဏမယ်တော်ကို ဒီနေရာအား စောင့်ကြပ် ထားခိုင်းလိုက်သည်။

ထို့နောက် သူကိုယ်တိုင် စတင် လေ့ကျင့်တော့သည်။

မရဏမယ်တော်၏ အင်ပါယာအဆင့် စစ်တပ်ထဲတွင် ရာပေါင်းများစွာ အင်ပါယာ အဆင့်များရှိပြီး ထိုအထဲတွင် အင်ပါယာ ရွှေခရမ်းရောင် အဆင့် အယောက် (၂၀၀) ခန့် ရှိ၏။

သူမ ကိုယ်တိုင် မတိုက်ခိုက်လျှင်ပင် အင်အား တစ်သိန်းရှိသော စစ်တပ်က နတ်ဘုရားတစ်ပိုင်း နှစ်ကောင်၊ သုံးကောင်ကို တိုက်ခိုက်ရန် လုံလောက်နေသည်။ ထို့အပြင် တိုက်ပွဲဖွဲ့စည်းပုံ မဖွဲ့စည်းရသေးသည့် အခြေအနေကို ရည်ညွှန်းခြင်း ဖြစ်သည်။

မရဏမယ်တော်က သူမ၏ မသေမျိုးစစ်တပ်ကို ဖွဲ့စည်းပြီးသည့် အချိန်ကတည်းက တိုက်ပွဲဝင် ဖွဲ့စည်းပုံနှင့် သက်ဆိုင်သော အသိပညာအားလုံးကို မျှဝေပေးရန် သွေးရဲရဲလေးကို ပြောခဲ့သေးသည်။

ယခုလက်ရှိ အချိန်၌ မရဏမယ်တော်က တိုက်ပွဲဝင်ဖွဲ့စည်းပုံကို မည်မျှ ကျွမ်းကျင် ပိုင်နိုင်နေလဲဆိုသည်ကို သူလည်း မသိတော့ချေ။

....

ဝတ်ရုံဖြူဝတ်ထားသော လူနှစ်ယောက်သည် အနီးအနားရှိ မွန်းစတား အောင်ရာများကို လုံးဝ လျစ်လျူရှုပြီး ဒုတိယအလွှာသို့ ခပ်သွက်သွက် ဖြတ်ကျော်နေကြသည်။

အမှန်တကယ်ဆို သူတို့ နှစ်ယောက်လုံးသည် အင်ပါယာ ရွှေခရမ်းရောင်အဆင့် တန်ခိုးရှင်များ

ဖြစ်နေသောကြောင့် စိုးရိမ်စရာ ဘာမျှ မရှိပေ။ သူတို့၏ အော်ရာကိုပင် ဖုံးကွယ်ထားခြင်း မရှိချေ။ လမ်းတစ်လျှောက်ရှိ မွန်းစတားများက သူတို့၏ အော်ရာကို ခံစားမိသည်နှင့် တစ်ပြိုင်နက် ပြေးပုန်းကြတော့သည်။ ပေါ်သွားမည်ကိုပင် ကြောက်ရွံ့နေကြသည်။

အသူရာချောက်ကမ်းပါး ဒုတိယအလွှာ အထဲတွင် အစွမ်းထက်ဆုံး မွန်းစတားမှာ အင်ပါယာ ရွှေဝါရောင်အဆင့်သာ ရှိ၏။ သူတို့ထက် တိုက်ခိုက်ရေးအဆင့် နှစ်ဆင့်မြင့်သော တန်ခိုးရှင်နှင့်

တိုက်ခိုက်ရန် ရွေးချယ်ခြင်းသည် သေခြင်းတရားကို တောင်းဆိုခြင်းသာ ဖြစ်လိမ့်မည်။

"ဒုတိယ အလွှာထဲက ပုံမှန် အမဲလိုက်တတ်တဲ့ နေရာတွေကို ရှာပြီးပြီ။ လင်းဟွမ်ရဲ့ ခြေရာလက်ရာ သဲလွန်စကို မတွေ့သေးဘူး။ ဒီကောင် အမဲလိုက်တဲ့ နေရာတွေကို မလာဘူးလား "

"ဒါဆို ဖြစ်နိုင်ခြေနှစ်ခုပဲ ရှိတော့တယ်... အမဲလိုက်ဇုန်ထဲမှာ ရှိရင်ရှိ မရှိရင် တတိယအလွှာ ရောက်သွားတာပဲ ဖြစ်လိမ့်မယ်..."

“သူက အမဲလိုက်ဇုန်တွေ မသွားဘူးဆိုရင် ဘာဖြစ်လို့ အသူရာ ချောက်ကမ်းပါးထဲ ရောက်နေတာလဲ...”

“ဘယ်သူ သိမှာတုန်း။ မြေပုံအတိုင်းသာ လိုက်ပြီးရှာကွာ။ ငါတို့ ဇုန်တစ်ခုတောင် ကျန်ခဲ့လို့ မဖြစ်ဘူး”

## အခန်း(၄၈၈) - နတ်ဘုရား ကောင်းချီး

အဖြူရောင် ပုံရိပ်နှစ်ခုတွင် တစ်ယောက်က အရပ်မြင့်ပြီး တစ်ယောက်က အရပ်ပုသည်။ သူတို့နှစ်ယောက်လုံးသည် အသူရာ ချောက်ကမ်းပါး ဒုတိယအလွှာ အရှေ့မြောက်ဘက်ရှိ တောထူထပ်သော နေရာကို ခပ်မြန်မြန် ဖြတ်သန်း၍ မြောက်ဘက်သို့ ဦးတည် ပျံသန်းနေကြသည်။

“ဒါ နောက်ဆုံးဇုန်ပဲ။ လင်းရှီကို ဒီနေရာမှာ ရှာမတွေ့ရင် သူ တတိယအလွှာကို ရောက်ရင်ရောက်

မရောက်ရင် အသူရာ ချောက်ကမ်းပါးထဲက ထွက်သွားပြီလို့ သတ်မှတ်ရမှာပဲ…”

အရပ်ရှည်သော တစ်ယောက်က ခံစားချက်ကင်းမဲ့သော မျက်နှာဖြင့် ပြောလိုက်သည်။

“ငါကတော့ နောက်ထပ် ဖြစ်နိုင်ခြေ တစ်ခု ရှိဦးမယ်လို့ ထင်တယ်…”

အရပ်ပုသော လူ၏ မျက်နှာပေါ်တွင် အထင်သေးနေမှုကို အတိုင်းသား မြင်နေရသည်။

"လင်းရှီလို့ ခေါ်တဲ့ ဒီကောင်လေးက အရင်ကတည်းက အသူရာ ချောက်ကမ်းပါးထဲ လုံးဝရောက်မလာခဲ့လောက်ဘူး။ အစကတည်းက ငါတို့ရခဲ့တဲ့ သတင်း မှားနေတာလည်း ဖြစ်နိုင်တာပဲ"

" ဖြစ်နိုင်ခြေ နည်းတယ်..."

အရပ်ရှည်သော လူက ခံစားချက်ကင်းမဲ့စွာ ခေါင်းခါလိုက်သည်။

"နောက်ဆုံးဇုန်မှာ သူ့ကို မတွေ့ရင် ဘာဆက်လုပ်မလဲ"

အရပ်ပုသောလူက မေးလိုက်သည်။

“ငါတို့တွေ အနားမယူဘဲ လိုက်ရှာနေတာ နှစ်ရက်နဲ့ တစ်ည ရှိနေပြီ”

“ ဒီအလွှာမှာ ရှာမတွေ့ရင် တတိယအလွှာ သွားရှာမယ်…”

အရပ်ရှည်သည့် တစ်ယောက်က စကားပြောနေရင်း မျက်မှောင်ကြုတ် နေသည်။

“ငါကတော့ ဒါ အချိန် ဖြုန်းနေတာလို့ပဲ ထင်တယ်…”

အရပ်ပုသော လူက ချက်ချင်း ကန့်ကွက်လိုက်သည်။

“သူက အင်မော်တယ်အဆင့်။ တုံးအနေတာလည်း မဟုတ်ဘူး... ဘယ်လိုလုပ်ပြီးတော့ တတိယအလွှာကို သွားမှာလဲ။ မဖြစ်နိုင်ပါဘူးကွာ... အဲ့ဒီလို သွားတာက သေမင်းကို သွားရှာတာနဲ့ အတူတူပဲ... ငါတို့တွေ ဒုတိယအလွှာ တစ်ခုလုံးကို ရှာပြီးရင် မေ့လိုက်တော့။ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို ဒုက္ခခံနေမှာတုန်း...”

“ ဆရာက မင်း အကြောင်း သိနေလို့ မြန်မြန် လက်မလျှော့ဖို့ အတန်တန် မှာလိုက်တာပေါ့။ ကဲ.... ဒီတော့ လက်လျှော့ဖို့ ဘယ်တော့မှ မစဉ်းစားနဲ့”

“ရပ်လိုက်.....”

အရပ်ပုသော လူက အသံပို့လွှတ်ပြီး အရပ်ရှည်သောလူကို စကားဆက် မပြောရန် ချက်ချင်း တားဆီးလိုက်သည်။

“ဘာလဲ...”

အရပ်ရှည်သောလူက စိတ်ရှုပ်ထွေးစွာ ကြည့်လိုက်သည်။

"ရှူး... တိုးတိုး..."

အရပ်ပုသောလူက ပါးစပ်ပေါ်တွင် လက်ညှိုးတင်ပြီး တိတ်တိတ်နေရန် အမူအရာ လုပ်ပြကာ ညာဘက်သို့ လက်ညှိုး ထိုးပြလိုက်သည်။

"တစ်ခုခု တွေ့လို့လား..."

ဤတစ်ကြိမ်တွင် အရပ်မြင့်သော လူက အသံပို့လွှတ်ပြီး ပြောလိုက်သည်။

"တစ်ယောက်ယောက်က အသူရာ ချောက်ကမ်းပါး မြောက်ဘက်ခြမ်းက လှိုဏ်ထဲမှာ ပုံရိပ်ယောင်တွေ ဖန်တီးထားတယ်။ ငါတော့ လင်းရှီ ဖြစ်မယ်လို့ သံသယ ဖြစ်မိတယ်..."

အရပ်ပုသောလူသည် အနည်းငယ် စိတ်လှုပ် ရှားလာသည်။

"သွားကြည့်ရအောင်..."

အရပ်မြင့်သော လူ ပြောပြီးသည်နှင့် သူတို့ နှစ်ယောက်လုံးသည် သူတို့၏ အော်ရာများကို ချက်ချင်း ဖုံးကွယ်လိုက်ကြသည်။ ပျံသန်းမှု အရှိန်ကို

လျှော့ချကာ ရှာတွေ့သော နေရာဆီသို့ ဖြည်းဖြည်းချင်း ပျံသန်းသွားကြသည်။

......

ထိုနေရာနှင့် ကီလိုမီတာ (၁၀၀) ကျော် ဝေးကွာသော လှိုဏ်ထဲတွင် ဓါးကျင့်စဉ် လေ့ကျင့်နေသော လင်းဟွမ်က လျောင်သလိုလို ရှုတ်တရုတ် ပြုံးလိုက်သည်။

"နောက်ဆုံးတော့ ဒီကောင်တွေ ရောက်လာပြီပေါ့..."

မနေ့က လင်းပွှမ်သည် အသူရာ ချောက်ကမ်းပါး တတိယအလွှာမှ ဒုတိယ အလွှာသို့ ပြန်ရောက်လာသောအခါ သွေးရဲရဲလေး ဖြန့်ဝေထားသော မျှော့မျိုးစေ့များမှ တစ်ဆင့် အင်ပါယာ ရွှေခရမ်းရောင် အဆင့် ဝတ်စုံဖြူ ဝတ်ထားသော လူနှစ်ယောက် အကြောင်းကို သိရှိခဲ့သည်။

သွေးရဲရဲလေးက ဤ လူနှစ်ယောက်သည် ချန်းသွမ်ကို ဖမ်းသွားသော အဖွဲ့အစည်းနှင့်

ပက်သက်နေလိမ့်မည်ဟု ယူဆထားသည်။ သူတို့နှစ်ယောက်လုံး၏ အယူအဆ တူညီနေကြသည်။

ယခုမူ သူတို့ထံ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာလိမ့်မည်ဟု မည်သူက ထင်ထားမည်နည်း။

လင်းဟွမ်က အိပ်မက်ဆိုး ကြုံသူတော်ကို ဆင့်ခေါ်လိုက်သည်။

"သူတို့ကို မသတ်နဲ့... သူတို့စိတ်ကိုပဲ ဖတ်..... ဘယ်အဖွဲ့အစည်းကလဲ။ ချန်းသွမ်ကို ဘယ်နေရာခေါ်သွားတာလဲ ရှာပေး... အသက်ရှင် နေသေးလား။

ပြီးရင် အဲ့ဒီ အဖွဲ့အစည်းထဲမှာ နတ်ဘုရားတစ်ပိုင်းတွေ ဘယ်လောက်များများ ရှိလဲ။ သူတို့ရဲ့ ရုံးချုပ်က ဘယ်မှာလဲ... အဲ့ဒါတွေကို စုံစမ်းလိုက်"

အိပ်မက်ဆိုး ကြွဲသူတော်က ခေါင်းညိတ်လိုက်သည်။

ခပ်မြန်မြန် ချဉ်းကပ်လာသော အော်ရာနှစ်ခုကို အာရုံခံမိသည်နှင့် နားရွက်ကို ခတ်၍

နှာမောင်းကိုမြှောက်ကာ အကျယ်ကြီး အော်ဟစ်လိုက်သည်။

အသံ၏ ပျံ့နှံ့နှုန်းသည် အသံ အမြန်နှုန်းထက် အဆတစ်ရာ ပိုမြန်၏။ မျက်စိ တစ်မှိတ်အတွင်းမှာပင် အဖြူရောင် ဝတ်ဆင်ထားသော လူနှစ်ယောက်ထံ ရောက်ရှိသွားသည်။

ဝတ်စုံဖြူဝတ်ထားသော လူနှစ်ယောက်က ရုတ်တရက် အရှိန် လျှော့ချလိုက်ပြီး...

"ဟော့ရောင်... မင်း ကြားလိုက်လား..."

အရပ်ပုသော လူက မေးလိုက်သည်။

"အင်း... ကြားတယ်။ မွန်းစတား တစ်ကောင်ရဲ့ အော်သံလိုမျိုးပဲ... မသဲကွဲဘူး..."

အရပ်မြင့်သောလူက ခေါင်းညိတ်ပြီး ပြန်ပြောလိုက်သည်။

"ဒီချောက်ထဲက ထွက်လာတဲ့ ပုံပဲ..."

ယခုအခါ အရပ်ပုသောလူသည် အနည်းငယ် ကျောတွန့်နေသည်။

“ ဘာပဲဖြစ်ဖြစ် တိုက်ခိုက်ရေး အဆင့်က အများဆုံးမှ အင်ပါယာ ရွှေဝါရောင်အဆင့်ပဲ ရှိလောက်မှာပါ။ တိုက်ခိုက်ရေး အဆင့်မြင့်တဲ့ မွန်းစတားတွေက ဒုတိယအလွှာကို လုံးဝ မဝင်နိုင်ဘူးလေ”

အရပ်မြင့်သော လူက အေးအေးဆေးဆေး ရှိနေသည်။

“အေး ဟုတ်သားပဲ ဒီအချက်ကို ငါ မေ့သွားတယ်”

အရပ်ပုသော လူသည် အခုမှ စိတ်သက်သာရာ ရသွားသည်။

မကြာခင် သူတို့နှစ်ယောက်သည် ကီလိုမီတာ (၁၀၀) ကျော် ဖြတ်သန်းပြီးနောက် လှိုဏ်မြောင်ထဲ ရောက်လာကြသည်။

မြေပြင်ပေါ်တွင် အနက်ရောင် ကြေးခွံများနှင့် ဦးခေါင်းပေါ်တွင် ချိုရှိသော မွန်းစတားတစ်ကောင်က ခွေပြီး သူ့ကလေး နှစ်ကောင်ကို နို့တိုက်နေသည်။

“ဒါ... ဒါ... သန်းခေါင်ယံ ယူနီကွန်း မဟုတ်လား...”

အရပ်ရှည်သောလူက ထိုသက်ရှိကို မြင်လျှင် မျက်ခုံးပင့်သွားသည်။

“ ငါတို့မြင်ခဲ့တဲ့ ပုံရိပ်ယောင် နယ်ပယ်က ဒီကောင် လုပ်ထားတာပဲဖြစ်ရမယ်။ ငါတို့ရဲ့ ကြိုးစားအားထုတ်မှုကို နောက်တစ်ကြိမ် ဖြုန်းတီးနေတာပဲ…”

အရပ်ပုသောလူက လုံးဝ စိတ်ပျက်သွားသည်။

“ ဟာ… ငါတို့တွေ ကံကောင်းတာ ဟ။ သန်းခေါင်ယံ ယူနီကွန်းက ပုံရိပ်ယောင် စွမ်းရည်မှာ အထူး ကျွမ်းကျင်တဲ့ ဝိညာဉ်အမျိုးအစား မွန်းစတားပဲ… ရှားလည်းရှားပါးတယ်၊

ကလေးနှစ်ကောင် ဆိုတော့ ငါတို့ တစ်ယောက် တစ်ကောင်စီ ယူလိုက်ရုံပဲ...”

အရပ်ရှည်သောလူက စကားပြောနေရင်း မိခင် မွန်းစတားကို ခပ်မြန်မြန် သတ်ပစ်လိုက်သည်။ ကလေးနှစ်ကောင်ကို ဖမ်းပြီး တစ်ကောင်ကို အရပ်ပုသောလူထံ ပေးလိုက်သည်။

“ငါ့အတွက် မလိုဘူး။ အိမ်မွေးမွန်းစတားတွေ မွေးရတာ ဝါသနာ မပါဘူး”

အရပ်ပုသောလူက ချက်ချင်း ငြင်းလိုက်သည်။

"အခု ငါတို့ ဘာလုပ်ကြမလဲ။ နောက်ဆုံး နေရာကိုလည်း ရှာပြီးပြီ။ အခုအချိန်ထိ လင်းဟွမ်ရဲ့ အရိပ်အယောင် မတွေ့ရသေးဘူး"

" နောက်ထပ် ဘာလုပ်နိုင်မှာလဲ။ တတိယအလွှာပဲ သွားကြည့် ရတော့မှာပေါ့။ ငါတို့တွေ တတိယအလွှာကို မကြည့်ဘဲ ပြန်လို့ မရဘူး။ ငါ ပြောတာ မှန်တယ် မဟုတ်လား။ မင်းကို ဆရာကြီးမေးရင် မေးခွန်းတွေ ရှောင်လွှဲနိုင်မယ်လို့ ထင်နေတာလား..."

အရပ်ပုသောလူသည် ခေတ္တမျှ တိတ်ဆိတ်သွားပြီး နောက်ဆုံး၌ စိတ်မပါ လက်မပါ ခေါင်းညိတ်လိုက်သည်။

"ဒါဆိုလည်း တတိယအလွှာကို သွားကြတာပေါ့။ ဒါပေမယ့် ညဘက် လှုပ်ရှားချင်ရင်တော့ မင်းဘာသာ မင်းသွား။ ငါတော့ ပြန်အိပ်တော့မယ်..."

"ရတယ်လေ။ ဒီည အနားယူကြမယ်။ မနက်ဖြန်မှ တတိယအလွှာကို အတူတူ သွားကြည့်တာပေါ့..."

အရပ်ရှည်သောလူက တစ်ခါတည်း သဘော တူလိုက်သည်။

...

လင်းဟွမ်က သူ့ရှေ့ပေါ်လာသော ဝတ်စုံဖြူ နှစ်ယောက်ကို သေသေချာချာ အကဲခတ်နေသည်။

အရပ်ရှည်သောလူက ပိန်သည်။ အရပ်က အနည်းဆုံး (၁.၉) မီတာခန့်ရှိပြီး ဝါးလုံးတစ်ချောင်း ထောင်ထားသည်နှင့် တူနေသည်။ အသားအရေကတော့ တော်တော်လေး ဖြူသည်။ နေရောင်ခြည်အောက်တွင် အကြာကြီးမနေဘဲ

အိမ်တွင်းပုန်းနေသော ကျန်းမာရေး မညီညွတ်သည့် လူဖြူတစ်ယောက်နှင့် တူ၏။

အရပ်ပုသောလူက (၁.၇) မီတာထက်ပင် ပုသေးသည်။ အများဆုံးမှ (၁.၆) မီတာခန့်သာ ရှိနိုင်သည်။ နှာခေါင်းပေါက်တွင် ချွေးသီး ချွေးပေါက်များနှင့် အမဲစက်များ များစွာရှိနေပြီး မဲကြုတ်နေသည်။

သူတို့ ဝတ်ထားသည့် ဝတ်စုံများက တံဆိပ်များ မပါဘဲ အဖြူရောင် အဝတ်အစားများသာ ဖြစ်နေသည်။ လင်းဟွမ်သည် သူတို့၏ ကိုယ်ပေါ်တွင်

အင်ပါယာ နှလုံးသားလက်စွပ် (၂) ကွင်းမှလွဲ၍ ဘာမှမတွေ့ပေ။

လင်းဟွမ်သည် သူတို့ကို စောင့်ကြည့် အကဲခတ်နေစဉ် အိပ်မက်ဆိုး ကြွေသူတော်က ရရှိထားသော အချက်အလက်များကို သွေးရဲရဲလေးထံ လွှဲပြောင်းပေးလိုက်သည်။

“ဘယ်လိုလဲ…ချန်းသွမ်ကို ခေါ်သွားတာလား…”

လင်းဟွမ်က သွေးရဲရဲလေးကို ချက်ချင်း လှည့်ကြည့်ပြီး မေးလိုက်သည်။

"ဟုတ်တယ်..."

သွေးရဲရဲလေးက အတည်ပြုလိုက်သည်။

"ချန်းသွမ် အသက် ရှင်နေသေးလား..."

"အသက် ရှင်နေသေးတယ်။ ဒါပေမယ့် ငါတို့ ထင်ထားတာထက် အများကြီး ပိုရှုပ်ထွေးတယ်..."

သွေးရဲရဲလေးသည် စကားလုံးများကို မည်ကဲ့သို့ စီရမလဲ မသိတော့ပေ။

"သူတို့က နတ်ဘုရားကောင်းချီးလို့ ခေါ်တဲ့ အဖွဲ့အစည်းက လာတာပဲ။ အဲ့ဒါက မြေအောက်

အဖွဲ့အစည်း အသစ် မဟုတ်ဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၈၀၀) ကျော်ကတည်းက လူမြင်ကွင်းကနေ ပုန်းအောင်း နေခဲ့တာ။ သူတို့ကို ပြည်ထောင်စု အစိုးရနဲ့ မဆိုးအဖွဲ့အစည်း တည်ထောင်တဲ့ အဖွဲ့အစည်းက လူတွေတောင် မသိကြဘူး။ အဲ့ဒီ အထဲမှာလည်း သူတို့လူတွေ ရှိနေတယ်။”

“ သူတို့လူတွေက ပြည်ထောင်စု အစိုးရနဲ့ မဆိုးအဖွဲ့အစည်း အပါအဝင် အဖွဲ့အစည်း တော်တော်များများရဲ့ အဆင့်မြင့် စီမံခန့်ခွဲမှုထဲ ထိုးဖောက် ဝင်ရောက် နေကြပြီ။ ပြည်ထောင်စု

အစိုးရ အဖွဲ့အစည်းအပြင် အဓိက မြေအောက် အဖွဲ့အစည်းတွေရဲ့ အဆင့်မြင့် စီမံခန့်ခွဲမှု နေရာအားလုံးကို ထိုးဖောက် သိမ်းပိုက်ထားတာ"

"မှတ်ဉာဏ်တွေ စီပြီးရင် ငါ့ဆီ လွှဲပေးလိုက်... ငါကိုယ်တိုင် ရှာကြည့်မယ်"

လင်းပွမ် ပြီးနောက် သွေးရဲရဲလေးက လက်တံတစ်ခု ဆန့်ထုတ်ပြီး လင်းပွမ်၏နဖူးကို ထိလိုက်သည်။

သတင်း အချက်အလက် ပင်လယ်ကြီးက လင်းပွမ် ခေါင်းထဲ လျှင်မြန်စွာ စီးဝင်လာသည်။

သွေးရဲရဲလေးက လက်တံ ပြန်ရုပ်သိမ်းသွားပြီး အချိန် အတော်ကြာမှသာ လင်းဟွမ်၏ မျက်လုံးများက ပြန်ပွင့်လာသည်။ တော်တော်လေး စိတ်ရှုပ်သွားပုံပင်....

“ ဒီလူတွေမှာ မျိုးနွယ်ကို စောင့်ရှောက်နေတဲ့ နတ်ဘုရား တစ်ပိုင်းရှိနေတော့ ချန်းသွမ်ကို ဖမ်းရဲတာ မဆန်းတော့ဘူး။ အကြမ်းအားဖြင့်တော့ ဒီကမ္ဘာပေါ်က အဓိကအဖွဲ့အစည်း အားလုံးကို သူ့တို့လူတွေ စိမ့်ဝင် ထိန်းချုပ်နေတာပဲ”

" ဆရာ့ကို တိုက်ခိုက်ခဲ့တာလည်း ဒီကောင်တွေ ဖြစ်နိုင်တယ်။ သူတို့က ဘာလုပ်ချင်နေတာလဲ။ ဒီကောင်တွေ ဆရာ့ကို ထောင်ချောက်ဆင်ဖို့အတွက် ပြည်ထောင်စု အစိုးရနာမည်ကို သုံးပြီးတော့ သဲလွန်စတွေကို သေသေချာချာ ဖျက်ဆီးခဲ့တာပဲ"

"အခု ဒုက္ခအပေးဆုံး အချက်က နတ်ဘုရားကောင်းချီး အဖွဲ့ဝင်က ဘယ်သူလဲဆိုတာ ခွဲခြားဖို့ နည်းလမ်း မရှိတာပဲ"

သွေးရဲရဲလေးက အကြီးဆုံး ပြဿနာကို ထုတ်ပြောလိုက်သည်။

လင်းဟွမ်သည် သူ့ခေါင်းထဲမှ သတင်း အချက်အလက်များကို အစာ ခြေဖျက်ပြီးနောက် ပို၍ပင် လေးနက်လာသည်။

နတ်ဘုရားကောင်းချီး အဖွဲ့ ဆိုသည်မှာ တစ်ကမ္ဘာလုံးရှိ အဖွဲ့အစည်းများ၏ ရန်သူနှင့် မခြားပေ။

## အခန်း(၉၈၉) - သန္ဓေလေးကြိမ်ပြောင်း ဟာကျူလီဘုရင်။

လင်းဟွမ်သည် ဝတ်ရုံဖြူ ဝတ်ထားသော လူနှစ်ယောက်ကို စိတ်ဖတ်ပြီးနောက် ချန်းသွမ် အသက် ရှင်နေသေးကြောင်း သိသော်လည်း မည်သည့် နေရာတွင် ချုပ်နှောင်ထားမှန်း မသိခဲ့ရပေ။

နတ်ဘုရားကောင်းချီး အဖွဲ့အစည်းသည် အလွန် ကြီးမားပြီး ဘေးကင်းရေးဇုန် တစ်ခုစီတိုင်းတွင် အဖွဲ့ခွဲများရှိကာ ထိုအဖွဲ့ခွဲထဲရှိ ဌာနခွဲ

တစ်ခုချင်းစီကလည်း မတူညီသော လုပ်ငန်းဆောင်တာ များကို ထမ်းဆောင် နေကြသည်။

ဝတ်စုံဖြူဝတ်ထားသော လူနှစ်ယောက်က သူတို့ ဌာနအတွင်းမှ အဖြစ်အပျက်ကို သိသော်လည်း အခြား ဌာနများနှင့် ရုံးချုပ်အကြောင်းကို မသိကြပေ။ ထိုဌာနခွဲများနှင့် ရုံးချုပ်များ၏ တည်နေရာ အတိအကျကိုပင် မသိကြချေ။

လင်းဟွမ်သည် သူတို့ နှစ်ယောက်လုံးကို စိတ်ဖတ်ကြည့်ခဲ့ပြီး ရရှိသော အချက်အလက်များ အရ နတ်ဘုရားတစ်ပိုင်း တစ်ယောက်ရှိကြောင်း

သိခဲ့ရသော်လည်း ရန်သူကို သတိပေးမည့် အစီအစဉ် မရှိပေ။

သွေးရဲရဲလေးနှင့် ဆွေးနွေးသော အခါတွင်လည်း အမြင်တူနေသည်။

"အခုလက်ရှိ ငါတို့ သိထားတဲ့ အချက်အလက်တွေအရတော့ သူတို့ ဌာနခွဲကို ဖျက်ဆီးရတာ လွယ်တယ်။ ဒါပေမယ့် အဲ့ဒီဌာနခွဲ ပျက်စီးသွားတာနဲ့ နတ်ဘုရားကောင်းချီးက လူတွေက ပိုပြီး သတိထားလာကြ လိမ့်မယ်။ အဲ့ဒီလို ဆိုရင် နောက်ထပ် စုံစမ်းဖို့အတွက်

အတားအဆီးက အကြီးကြီး ဖြစ်လာလိမ့်မယ်။ ဒါကြောင့် ငါတို့က ဒီဌာနခွဲလေးကို ခု ဘာမှလုပ်လို့ မရသေးဘူး”

“ ငါအတွေးလည်း ဒီအတိုင်းပဲ ။ အခုလက်ရှိ ပြဿနာက ဒီဌာနခွဲကို နက်နက်ရှိုင်းရှိုင်း မထိုးဖောက်ရင် နောက်ထပ် အချက်အလက်တွေ မရနိုင်ဘူး ဆိုတာပဲ”

“ငါတို့ကိုယ်တိုင် စုံစမ်း စစ်ဆေးစရာ မလိုပါဘူး”

သွေးရဲရဲလေးက ပြုံးရင်း အိပ်မက်ထဲ လျှောက်သွားနေသော ဝတ်စုံဖြူ နှစ်ယောက်ကို ကြည့်လိုက်သည်။

"သူလျှိုနှစ်ယောက် ထည့်လို့ ရတယ်လေ.."

လင်းဟွမ်၏ အာရုံက ဝတ်ရုံဖြူ ဝတ်ထားသော လူနှစ်ယောက်ထံ ပြောင်းသွားသည်။ ခေတ္တမျှ စိုက်ကြည့်ပြီးနောက် နောက်လှည့်ကာ အိပ်မက်ဆိုး ကြံ့သူတော်ကို မေးလိုက်သည်။

"မင်း လုပ်နိုင်လား.."

“ပြဿနာ မရှိဘူး။ သူတို့ရဲ့ ခန္ဓာကိုယ်ထဲမှာ ငါရဲ့ အစိတ်အပိုင်း တစ်ခုကို ရိုက်နှိပ်လိုက်ရုံပဲ။ ဘယ်လောက် ဝေးဝေး သူတို့ အိပ်ပျော်နေတဲ့ အချိန်မှာ ခေါင်းထဲက အချက်အလက်တွေကို ထုတ်ယူနိုင်တယ်။ ဒါကို သူတို့အပါအဝင် ဘယ်သူမှ သတိထားမိမှာ မဟုတ်ဘူး”

အိပ်မက်ဆိုး ကြွံသူတော်က ထိုကဲ့သို့ ပြောပြီး ခေါင်းညိတ် ပြခဲ့သော်လည်း ..

“ ဒါပေမယ့် ပြဿနာတစ်ခုတော့ ရှိမယ်။ အိပ်မက်နယ်မြေထဲမှာ တွေ့ခဲ့တဲ့ ကိစ္စ တော်တော်

များများက ပြန်ရှင်းပြလို့ မရဘူး။ ဒီအတိုင်း လွှတ်ပေးလိုက်လို့ တစ်ယောက်ယောက်က သူတို့ကို မေးခွန်း မေးလိုက်ရင် ဟာကွက်တွေ အများကြီး ပေါ်လာလိမ့်မယ်။ ဒါဆို ဒီအကြောင်းကို အနေးနဲ့အမြန် သိသွားမှာပဲ။ ငါတို့ တစ်ခုခုလုပ်ခဲ့မှန်း သူတို့ သိသွားမှာ သေချာသလောက်ပဲ”

“သူတို့ ဖြတ်သန်းခဲ့တဲ့ အကြောင်းအရာတွေကို ပြောပြ။ ငါ ဇာတ်ညွှန်းအသစ် လုပ်ပေးလိုက်မယ်..”

သွေးရဲရဲလေးက တာဝန် ယူလိုက်သည်။ ခဏအကြာ သူတို့ခေါင်းထဲမှ အရာအားလုံးကို သွေးရဲရဲလေး တွေ့လိုက်ရသည်။

"အခု ရပြီ.. မှတ်ဉာဏ် အပိုင်းအစတွေ ဖျောက်ဖို့အတွက် မင်း အကူအညီ လိုတယ်။ ချောက်ကမ်းပါးကို ရောက်ပြီး သန်းခေါင်ယံ ယူနီကွန်းရဲ့ ပုံရိပ်ယောင် နယ်ပယ်ကို ပြန်မြင်တဲ့ နေရာကစမယ်။ ဇာတ်ညွှန်းထဲမှာတော့ အဝေးကနေ လှမ်းတွေ့လိုက်တဲ့ သန်းခေါင်ယံ ယူနီကွန်းက အထီး ဖြစ်နေမယ်"

....

နှစ်ရက် ကြာသွားပြီးနောက်......

ဝတ်စုံဖြူဝတ်ထားသော လူနှစ်ယောက်သည် အသူရာ ချောက်ကမ်းပါး တတိယအလွှာမှ ဒုတိယအလွှာသို့ ပြန်ရောက်လာကြသည်။

"ငါမင်းကို ပြောပါတယ် အသူရာ ချောက်ကမ်းပါး တတိယအလွှာမှာ လုံးဝ မရှိပါဘူးလို့။ အခု ကြည့် နှစ်ရက်လုံးလုံး အချိန်ကုန် လူပန်းတာပဲ အဖက်တင်တယ်"

အရပ်ပုသောလူက စိတ်တိုတိုနှင့် တမြစ်မြစ် တတောက်တောက် ညည်းညူနေသည်။

“ ကြည့်ရတာတော့ လင်းရှီက အသူရာ ချောက်ကမ်းပါးထဲက ထွက်သွားတဲ့ပုံပဲ..”

အရပ်ရှည်သော လူက သူကိုယ်သူ ပြန်ပြောလိုက်သည်။

“ ဒုတိယအလွှာနဲ့ တတိယအလွှာမှာ မရှိတော့ ပထမအလွှာကို ဝင်ကြည့်သင့်တယ် ထင်တာပဲ..”

"မင်း ဘာသာမင်းပဲ သွားလိုက် ငါတော့ မင်းနဲ့လိုက်ပြီး ကစားဖို့ အချိန်မရှိဘူး။ အခုပဲ ပြန်ပြီး သတင်းပို့တော့မယ်.."

အရပ်ပုသောလူက ထိုကဲ့သို့ ပြောပြီးနောက် အရပ်ရှည်သောလူကို ပြန်ပြောခွင့် မပေးဘဲ ဒုတိယအလွှာ ထွက်ပေါက်သို့ တန်းပြေးသွားသည်။

အရပ်ရှည်သောလူသည် အနည်းငယ် မျက်မှောင် ကြုတ်သွားသည်။ အရပ်ပုသောလူ သူ့မြင်ကွင်းထဲမှ ပျောက်သွားသောအခါ ခိုကိုးရာမဲ့စွာ လိုက်ပါ သွားသည်။

ခဏအကြာ သူတို့နှစ်ယောက်သည် အသူရာ ချောက်ကမ်းပါး ဒုတိယအလွှာမှ တစ်ယောက်ပြီး တစ်ယောက် ထွက်လာကြသည်။ ထို့နောက် ကုန်းမြေသို့ ပြန်သွား ကြသည်။

သူတို့နှစ်ယောက်သည် ကုန်းမြေပေါ်သို့ ခြေချလိုက်သည်နှင့် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်ကာ လမ်းလျှောက် ဝင်သွားကြသည်။

......

အဖွဲ့ခွဲ (၃) မှော်ကောင်းကင်မြို့....

အထက်မြင့် ရုံးအဆောက်အဦး တစ်ခု၊ နံရံသုံးဖက်မှ အလင်းရောင်များ ကောင်းမွန်စွာ ဖြာကျနေသော ရုံးခန်းတစ်ခု...

စားပွဲခုံတွင် ဖြူဆွတ်နေသော ဆံပင်ကို ကျစ်ဆံမြီး ကျစ်ထားသည့် အဘိုးအိုတစ်ယောက် ထိုင်နေသည်။ သူသည် နှာခေါင်းပေါ်က ဘောင်မပါသော မျက်မှန်ကို ဖြတ်ကျော်၍ သူ့ရှေ့က ဝတ်စုံဖြူဝတ်ထားသော လူနှစ်ယောက်ကို ကြည့်နေသည်။

ဝတ်စုံဖြူဝတ်ထားသော လူနှစ်ယောက်ထဲတွင် တစ်ယောက်က အရပ်ပုပြီး တစ်ယောက်က အရပ်ရှည်သည်။

အရပ်ရှည်သောလူက အနည်းဆုံး (၁.၉)မီတာခန့် မြင့်သည်။ အသားအရေက ကျန်းမာရေးနှင့် မညီညွတ်သလို ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

အရပ်ပုသောလူ၏ အရပ်မှာ (၁.၇) မီတာအောက် ရှိသည်။ အရေပြားက ညိုးခြောက်ခြောက် ဖြစ်နေပြီး ခမ်းလှမ်းလှမ်းမှ ကြည့်လျှင်ပင် နှာခေါင်းမှ ချွေးပေါက်များကိုပင် မြင်နေရသည်။

အဘိုးအိုက စားပွဲခုံပေါ်တွင် တံတောင်ထောက်ထားပြီး မေးစေ့ကို လက်ဖြင့်ထောက်ကာ သူတို့နှစ်ယောက် ပြောနေသည်ကို နားထောင်နေသည်။

"မင်းတို့ နှစ်ယောက်က အသူရာ ချောက်ကမ်းပါး ဒုတိယအလွှာနဲ့ တတိယအလွှာကို ရှာခဲ့ပေမယ့် လင်းရှိရဲ့ ခြေရာလက်ရာ သဲလွန်စကို မတွေ့ခဲ့ဘူးလို့ ပြောချင်တာလား.."

"ဟုတ်ကဲ့ ခေါင်းဆောင်။ ကျွန်တော်တို့ အမဲလိုက်ဇုန် တွေကိုလည်း ကြည့်ခဲ့ပါတယ်..

တောင်ကနေမြောက်၊ အရှေ့ကနေ အနောက်၊ တစ်လက်မ မကျန်အောင် လိုက်ရှာခဲ့ပေမယ့် လင်းရှီကို မတွေ့ခဲ့ဘူး”

အဖိုးအိုက အရပ်ပုသောလူကို လုံး၀ မကြည့်ပေ။ ထိုအစား အရပ်ရှည်သော တစ်ယောက်ကို လှည့်မေးလိုက်သည်။

“တစ်နေရာမှ မကျန်တာ သေချာလား..”

အရပ်ရှည်သောလူက ခေါင်းညိတ်လိုက်ပြီး

"ဟုတ်ကဲ့.. ကျွန်တော်တို့ ဒုတိယအလွှာနဲ့ တတိယအလွှာကို တစ်လက်မကျန်အောင် ရှာခဲ့ပါတယ်.."

"ဒါဆိုရင် မင်းတို့နှစ်ယောက် ပထမအလွှာကို မရှာခဲ့ဘူးပေါ့.."

အဘိုးအိုက အနည်းငယ် မျက်မှောင်ကြုတ်သွားသည်။

အရပ်ပုသော လူသည် သူ့ဘေးနားက အရပ်ရှည်သောလူကို တံတောင်နှင့် တွတ်လိုက်ပြီး...

"ကြည့်စမ်း.. ပထမအလွှာကို ရှာပါမယ်လို့ ငါ ပြောပါတယ်။ မင်းက လင်းရှီက ပထမအလွှာသွားဖို့ မဖြစ်နိုင်ဘူး ပြောပြီးတာနဲ့ သတင်း ပြန်ပို့တော့မယ်ဆိုပြီး ချက်ချင်း ထွက်သွားတာကိုး။ အခု ခေါင်းဆောင်က မေးနေပြီ"

"မင်း...."

အရပ်မြင့်သော လူသည် ထိုစကားကို ကြားသောအခါ ဒေါသ ထွက်သွားသည်။ အရပ်ပုသောလူက စကားကို ဗလောင်းဗလဲ လုပ်နေသည်။

"ကဲ ထားလိုက်တော့။ မင်းတို့ သွားရှာရှာ၊ မရှာရှာ အရေးမကြီးဘူး။ တကယ်တော့ လင်းရှီက ပထမအလွှာထဲ ဝင်သွားဖို့ မဖြစ်နိုင်ဘူး"

အဖိုးအိုက စကားများနေသော နှစ်ယောက်လုံးကို လက်ဆန့်တန်းပြီး တားလိုက်သည်။

"ကောင်းပြီ။ အခု မင်းတို့ နှစ်ယောက်လုံး သွားလို့ရပြီ။ ဒါပေမယ့် အဝေးကြီး မသွားဘဲ အသင့်စောင့်နေ။ မကြာခင် စစ်ဆင်ရေး တစ်ခု ရှိတယ်.."

"ဘာစစ်ဆင်ရေးလဲ ခေါင်းဆောင်.."

အရုပ်ပုသောလူက သိချင်စိတ်နှင့် မေးလိုက်သည်။

"ခရမ်းရောင် ကျိုးကန်းနဲ့ သက်ဆိုင်တဲ့ တစ်ခုခုပဲ။ အသေးစိတ်ကိုတော့ နောက်မှ အေးဆေး ပြောပြမယ်.."

အဘိုးအိုက လက်ခါပြပြီး တစ်ခါတည်း မောင်းထုတ်လိုက်သည်။

.....

လင်းဟွမ်က အသူရာ ချောက်ကမ်းပါး ဒုတိယအလွှာတွင် ရှိနေသေးသည်။

သူက နေ့စဉ်နေ့တိုင်း ဓါးကျင့်စဉ်များကို လေ့ကျင့်နေရင်း ရွှေဥလေးလုံးကို စောင့်ကြည့်နေခဲ့သည်။

ကိုးရက်မြောက်နေ့ သန်းခေါင်ယံ အချိန်တွင် ရွှေဥများ ပေါက်လာသည်။

လင်းဟွမ်သည် လက်ထဲတွင် ဓါးကိုင်၍ လေ့ကျင့်နေစဉ် ဥများ အက်ကွဲသံကို ကြားလိုက်ရသည်။ ဥများကို လိုက်ကြည့်ရာ ဟာကျူလီဘုရင်၏

ရွှေဥက အက်ကွဲနေကြောင်း မကြာခင် သိလိုက်ရသည်။

အက်ကွဲကြောင်းက အလိုလို ဖြစ်ပေါ်လာပုံ ရသည်။ အစပိုင်းတွင် ဆံချည် တစ်မျှင်စာမျှသာ ရှိသော်လည်း နောက်ပိုင်းတွင် (၁၀) စင်တီမီတာ ကျော်လာသည်။ မကြာခင် အက်ကွဲကြောင်း အရှည်သည် မီတာရာနှင့်ချီပြီး ကျယ်ပြန့်လာကာ လက်မ အရွယ်အစား ပြောင်းသွားသည်။ အက်ကွဲသံများ အဆက်မပြတ် ထွက်ပေါ်နေသည်နှင့် အမျှ အက်ကွဲကြောင်းက ပိုမို များပြားလာသည်။

မကြာခင် ဥတစ်ခုလုံး အက်ကွဲကြောင်းများ ပြည့်နှက်သွား၏။ ထို အက်ကွဲကြောင်းများထဲမှ မရေမတွက်နိုင်သော ရွှေရောင်အလင်းများ ဖြာထွက်လာသည်။

ဘုန်း.......

ထို့နောက် အခွံတစ်ခုလုံး ပေါက်ကွဲကာ အပိုင်းပိုင်း ဖြစ်သွားသည်။

ထောင်ပေါင်းများစွာသော ဥခွံ အပိုင်းအစများသည် လေထဲတွင် ရွှေရောင် အစက်အပြောက်များ အဖြစ် ပြောင်းလဲသွားပြီး

မသိလျှင် ညကောင်းကင်ယံက ကြယ်များကဲ့သို့ လင်းလက်နေသည်။

လင်းဟွမ်သည် ရွှေရောင် တဖိတ်ဖိတ် တောက်ပနေသော ရွှေရောင် မျောက်ဝံကြီးကို မြင်လိုက်ရသည်။

မျောက်ဝံကြီးသည် နက်ရှိုင်းစွာ အိပ်မောကျနေရာမှ ပြန်နိုးထလာ သကဲ့သို့ မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ ထိုအခိုက်အတန့်တွင် လေထဲရှိနေသော ရွှေရောင် အစက်ပျောက်များက တစ်ချက် တုန်ခါသွားပြီး

ရွှေရောင် အလင်းတန်းများ အဖြစ် ပြောင်းလဲကာ ရွှေမျောက်ဝံကြီး၏ ရင်ဘတ်ထဲ ထိုးဖောက် ဝင်ရောက်သွားသည်။

အချိန်တစ်ခု ကြာပြီးနောက် ရွှေရောင် အလင်းစက်များသည် မှိန်ဖျော့၍ လုံးဝပျောက်ကွယ် သွားသည်။

ရောမမျောက်ဝံကြီးသည် ရှေ့သို့ ခြေလှမ်း လှမ်းလာရင်း တဖြည်းဖြည်း ကျုံ့ဝင်သွားသည်။ လင်းဟွမ်ရှေ့သို့ ရောက်သောအခါ အမြင့်က သုံးမီတာအထိ ကျုံ့ဝင်သွားခဲ့ပြီ ။

လင်းဟွမ်သည် မီးပုံမှ အလင်းရောင် အကူအညီဖြင့် ဟာကျူလီဘုရင်၏ အသွင်ပြောင်းသော ပုံစံကို မြင်လိုက်ရသည်။

ယခုအခါ အမွေးများ တိုနေပြီး မတ်တပ် ရပ်လိုက်သောအခါ လူသားတစ်ယောက်နှင့် ပိုတူလာသည်။ အကြီးမားဆုံး အပြောင်းအလဲမှာ သူ့ခန္ဓာကိုယ်က အစိတ်အပိုင်း တော်တော်များများကို ရွှေရောင် ချပ်ဝတ်တန်ဆာ အလွှာတစ်ခုနှင့် ဖုံးအုပ်ထားခြင်း ပင်။ သူ့ခါးပေါ်တွင်

ထူးခြားသော ရွှေရောင်ခါးပတ် တစ်ခုရှိပြီး မျက်လုံးများက ရွှေရောင် တောက်ပနေသည်။

"အော်.. အချိန်တန်တော့ မျောက်ဘုရင်က မျောက်ဘုရင် ပြန်ဖြစ်သွားတာပဲ.."

လင်းဟွမ်သည် ဟာကျူလီဘုရင်၏ အသွင်ကူးပြောင်းမှုကို မြင်လျှင် စိတ်ထဲက တွေးလိုက်မိသည်။

## အခန်း(၉၉၀) - ပေါက်ဖွားလာသော အင်ပါယာ မွန်းစတားများ

လင်းဟွမ်သည် ဟာကျူလီဘုရင်၏ အော်ရာက ယခင်ထက် ပိုမို အားကောင်းလာကြောင်း ရှင်းရှင်းလင်းလင်း သိလိုက်သည်။ ယခင်ကထက် အဆ (၁၀၀) ပိုမို အားကောင်းနေသည်။

လင်းဟွမ်ကို မြင်သောအခါ ဟာကျူလီဘုရင်၏ မျက်လုံးထဲမှ ရွှေရောင်မီးတောက်များ ဖြည်းဖြည်းချင်း မှိန်ကျသွား၏။

စကားမပြောခင် လင်းဟွမ်ထံ လျှောက်လာပြီး

" သခင်...... ငါတို့အနားမှာ မရှိတဲ့အခါ မင်းကိုယ်မင်း ဂရုစိုက်ပါ..."

“ စိတ်မပူနဲ့။ မင်းတို့တွေသာ ငါ အင်ပါယာအဆင့် တက်လှမ်းလာမဲ့ အချိန်ကို စောင့်နေကြ"

လင်းဟွမ်က ဟာကျူလီဘုရင်၏ လက်မောင်းကို ပုတ်ပြီး ပြောလိုက်သည်။

"မင်းရဲ့ပုံစံ အသစ်က အရမ်းမိုက်တာပဲ... တော်တော်လေး ကြည့်ကောင်းတယ်"

ဟာကျူလီဘုရင်က ထို ချီးကျူးစကားကို ကြားသောအခါ စပ်ဖြဲဖြဲ ပြန်ပြုံးပြသည်။ လင်းဟွမ် ရှေ့မှောက်တွင် သူ၏ ခန္ဓာကိုယ်သည် လိမ္မော်ရောင်အတုံးများ အဖြစ် ပြိုကွဲသွားပြီး လိမ္မော်ရောင် ကတ်အဖြစ် လျင်မြန်စွာ ပြောင်းလဲသွားသည်။

လင်းဟွမ်က သူ၏လက်ကို ဆန့်ထုတ်လိုက်ပြီး ကတ်ကို ဖမ်းယူလိုက်သည်။

ကတ်သည် လုံးဝ လိမ္မော်ရောင် ဖြစ်နေပြီး ထိုအပေါ်တွင် ဟာကျူလီဘုရင်၏ ရုပ်ပုံ ပါရှိသည်။

ဟာကျူလီဘုရင်က အထဲကနေ သူ့ကို လက်လှုပ်ရမ်းပြနေသည်။

လင်းဟွမ်က ပြုံးလိုက်ပြီး အသေးစိတ်အချက်အလက်များကို ဖတ်ကြည့်ရန် ကတ်ကို လှန်လိုက်သည်။

"မွန်းစတား ကတ် - ဟာကျူလီ ဘုရင်"

“ရှားပါးမှု အဆင့်- ဒဏ္ဍာရီ အဆင့်"

"မွန်းစတား အမည်- မဟာခွန်အား တိုက်ပွဲမျောက်ဝံ”

“မွန်းစတား အမျိုးအစား - နတ်ဆိုး နတ်ဘုရား အမျိုးအစား (သွေးသန့် / ရှေးခေတ် ဆန်းကြယ် မျောက်ဝံ မျိုးနွယ်)

“အမည်ပြောင်- မရှိ"

“တိုက်ခိုက်ရေး အဆင့်- အင်ပါယာ ရွှေဝါရောင် အဆင့်"

“အဓိက ကျွမ်းကျင်မှု - သိုင်း တာအို"

"အဓိက စွမ်းရည်များ - သာလွန်ခွန်အား၊ မရှုံးနိမ့်နိုင်သော စစ်သည်တော်၊ ဖွဲ့မလျော့ စိတ်ဆန္ဒ၊ အထိန်းအကွပ်မဲ့ နတ်ဘုရား..."

"အသေးစား စွမ်းရည်များ - နတ်ဆိုးနတ်ဘုရား ချုပ်ဝတ်တန်ဆာ၊ နတ်ဆိုးနတ်ဘုရား ဒိုင်း"

"ဆင့်ခေါ်ခွင့် အာဏာပိုင် - ဆိုင်းငံ့ (မင်း အင်ပါယာအဆင့် ရောက်တဲ့ အချိန်မှ အသက်သွင်းနိုင်မယ်)

"ကတ်မှတ်ချက်များ - မင်းမှာ ရှိုးပြနိုင်တဲ့ ဒုတိယမြောက် မွန်းစတားကတ် ရှိလာပြီပဲ"

"နတ်ဆိုးနတ်ဘုရား အမျိုးအစား..."

လင်းဟွမ်သည် ကတ် ဖော်ပြချက်ကို မြင်လိုက်သောအခါ မဟာကမ္ဘာကြီးထဲက မျိုးနွယ်စုများ အကြောင်းကို ပြန် စဉ်းစား ကြည့်လိုက်သည်။

ရှေးခေတ်ကာလက နတ်ဆိုး နတ်ဘုရားနှင့် နတ်ဘုရား သွေးမျိုးဆက် တို့သည် အဓိက မျိုးနွယ်စုကြီးနှစ်ခု ဖြစ်ခဲ့ကြသည်။ သူတို့သည် ဘုန်းကျက်သရေ တောက်ပ လွှမ်းခဲ့သည်။

နောက်ပိုင်းတွင် သူတို့ နိမ့်ကျသွားရသည့် အဓိက အကြောင်းအရင်းမှာ နတ်ဆိုး နတ်ဘုရားများသည် သူတို့၏ သွေးမျိုးဆက် သန့်စင်မှုကို ထိန်းသိမ်းရန် လိုအပ်ပြီး သူတို့၏ အုပ်စုခွဲ တစ်ခုစီကလည်း မျိုးပွားမှု နည်းပါးလွန်းသောကြောင့် ဖြစ်သည်။ နောက်ဆုံးတွင် မျိုးနွယ်စုဝင် အရေအတွက် လျော့ကျလာပြီး သူတို့လည်း နိမ့်ကျလာခဲ့ရသည်။

လင်းဟွမ်သည် ဟာကျူလီဘုရင် ကတ်ကို သူ့ခန္ဓာကိုယ်ထဲ ပြန်သိမ်းပြီးနောက် ဓါးပညာကို ခွဲခြမ်းစိတ်ဖြာရန် အာရုံစိုက်နေခဲ့သည်။

ကျန်သည့် ရွှေဥ (၃) လုံး အကောင်ပေါက်လာမည့် အချိန်ကို စိတ်ရှည်ရှည် စောင့်ဆိုင်းနေခဲ့သည်။

နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် နေမင်းကြီး ကောင်းကင်အလယ်၌ တောက်ပနေသည့် အချိန်တွင် ဒုတိယမြောက် ရွှေဥက အကောင်ပေါက်လာသည်။

ဤတစ်ကြိမ်တွင် ရွှေဥထဲမှ ပေါက်လာသူက ချောကလက်လေး ဖြစ်သည်။

ချောကလက်လေး၏ ကိုယ်ထည်သည် ခန့်မှန်းခြေ (၃၀) မီတာအထိ ကျုံ့ဝင်သွားသော်လည်း ၎င်း၏ ပုံပန်းသဏ္ဍာန်က ယခင်ကထက် ပို၍ အဆင့်မြင့်လာသည်။

လက်ရှိ၌ ချောကလက်လေးတွင် လင်းဟွမ်၏ ပုံရိပ်ကို ရှင်းရှင်းလင်းလင်း ထင်ဟပ်စေနိုင်သော စန္ဒရား ခလုတ်ကဲ့သို့ တောင်ပနေသည့် ကြေးခွံများက ခန္ဓာကိုယ် တစ်ခုလုံးကို ဖုံးအုပ်ထားသည်။ ကြေးခွံများက အနက်ရောင်မှန်များ ကဲ့သို့ တောက်ပနေသည်။

ကျုံ့ဝင် သွားရုံသာမက ခန္ဓာကိုယ်ကလည်း သွယ်လျလာသည်။ ယခင်က ဝတုတ်တုတ် ပုံစံထက်စာလျှင် ယခုအခါ တော်တော်လေး ကြည့်ကောင်း လာသလိုပင်။

ချောကလက်လေး ပုံစံက ယခင်ကလောက် ကြောက်စရာ မကောင်းတော့သော်လည်း ယခုလက်ရှိ အော်ရာက ကြောက်စရာ ကောင်းလောက်အောင် အစွမ်းထက်နေကြောင်း လင်းဟွမ် ရှင်းရှင်းလင်းလင်း သိနေသည်။

ချောကလက်လေးသည် အခွံမှပေါက်ပြီး လင်းဟွမ်ကို မြင်သည်နှင့် ပျောက်ကွယ်သွားသည်။ ခဏအကြာ လင်းဟွမ်ရှေ့တွင် ဖျတ်ခနဲ ပေါ်လာပြီး လင်းဟွမ်ကို ခေါင်းနှင့် ပွတ်သပ်လိုက်သည်။

လင်းဟွမ်သည် အနည်းငယ် လန့်သွားပြီး ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားသည်။

သူ အနည်းငယ် လန့်သွားရသည့် အကြောင်းအရင်းမှာ ချောကလတ်၏ လှုပ်ရှားမှုကို မမြင်လိုက်ရသောကြောင့် ပင်။

" သူ့အရှိန်က ကိုင်လီ အဆင့်မတက်ခင် အချိန်ကထက်တောင် အဆ နည်းနည်းလေး ပိုမြန်နေသေးတာလား”

လင်းဟွမ်က ချောကလက်လေး၏ ခေါင်းကို ပုတ်လိုက်ပြီး

“မင်းရဲ့ခွန်အားက အရင်ကနဲ့ မတူတော့ဘူး။ အပြုအမူကို သတိထားအုံး”

"ဟဲဟဲ.... အခု ငါ ပိုပြီး အစွမ်းထက်လာပြီ။ မကြာခင် တိုက်ခိုက်နိုင်တော့မယ်"

ချောကလက်လေးက စပ်ဖြဲဖြဲ ပြုံးပြီး ပြောလိုက်သည်။

"ဒါ လိုပါသေးတယ်။ မင်းကို ချိတ်ပိတ်ထားတုန်း စိတ်ရှည်ရှည်နဲ့ စောင့်နေ"

လင်းဟွမ် ပြောပြီးသည်နှင့် ချောကလက်လေး၏ ခန္ဓာကိုယ်က ကတ်တစ်ခုအဖြစ် စတင် ပြောင်းလဲလာသည်။

လင်းဟွမ်က ကတ် နောက်ကျောဘက်က အသေးစိတ် အချက်အလက်များကို ကြည့်ရှုရန် လက်ထဲမှကတ်ကို တိုက်ရိုက် လှန်လိုက်သည်။

“မွန်းစတား ကတ် - ချောကလက်လေး"

“ရှားပါးမှု အဆင့် - ဒဏ္ဍာရီ အဆင့်"

“မွန်းစတား အမည်- နတ်ဆိုး မီးလျှံနဂါး(မီးဂုဏ်သတ္တိ)

"မွန်းစတား အမျိုးအစား - နဂါးမျိုးစပ် (သွေးသန့်)/ ရှေးဟောင်း နတ်ဆိုးနဂါး မျိုးနွယ်စု)

“အမည်ပြောင်း - မီးတောက် အရှင်သခင်"

“တိုက်ပွဲ အဆင့်- အင်ပါယာ ရွှေဝါရောင်အဆင့်"

“အဓိက - အစစ်အမှန် နဂါးတာအို"

"အဓိက စွမ်းရည်များ - မကောင်းဆိုးဝါး မီးလျှံ၊ နဂါးစွမ်းအား၊ နဂါးငွေ့၊ နဂါး လျှို့ဝှက်စွမ်းရည်၊ နဂါးနယ်မြေ ၊ နဂါး မီးလျှံ..."

"အသေးစား စွမ်းရည်များ - ဒြပ်စင်ကိုယ်ခံ စွမ်းအား၊ မြင့်မြတ် ပြန်လည် ကုသခြင်း ၊ ရုပ်ပိုင်းဆိုင်ရာ တန်ပြန် သက်ရောက်မှု"

"ဆင့်ခေါ်ခွင့် အာဏာ - ဆိုင်းငံ့ (မင်း အင်ပါယာအဆင့် ရောက်တဲ့အချိန်မှ အသက် သွင်းနိုင်မယ်....)

"ကတ်မှတ်ချက် - လေ့ကျင့် ပေးနိုင်"

လင်းဟွမ်သည် ချောကလက်လေး၏ ကတ်ကို သိမ်းပြီးနောက် ခါးကျင့်စဉ်ကို ဆက်လက် လေ့ကျင့်နေခဲ့သည်။

နောက်တစ်နေ့ မနက် (၁၁) နာရီတွင် လင်းဟွမ်သည် ရေချိုးပြီး သရေစာ စားနေစဉ် ဥခွံ အက်ကွဲသံကို ကြားလိုက်ရသည်။

လှမ်းကြည့်လိုက်ရာ အလွန် ရှည်လားသော အက်ကွဲကြောင်းကြီးကို မြင်လိုက်ရသည်။ သာမန်မျက်စိနဲ့ မြင်နိုင်သောနှုန်းနှင့် အက်ကွဲလာပြီး ကြီးမားသော ဥကြီး တစ်လျှောက် အက်သွားသည်မှာ

ကောင်းကင်ကြီးနှင့် မြေကြီး ဒေါင်လိုက်ကွဲနေသလို ဖြစ်နေသည်။

လင်းဟွမ်သည် နှစ်ကြိမ်တိုင်တိုင် အတွေ့အကြုံ ရခဲ့ပြီ ဖြစ်သောကြောင့် အာဏာရှင် ဥထဲမှ ထွက်လာမည့် အချိန်ကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းရင်း သူ့လက်ထဲက အသားခြောက်ကို ဆက် စားနေခဲ့သည်။

နောက်ဆုံး၌ မနက်စာ စားပြီး မိနစ် (၂၀) နီးပါး ကုန်သွားသည့် အချိန်တွင် အာဏာရှင်က ဥထဲမှ ထွက်လာသည်။

မီတာ (၃၀,၀၀၀) ကျော်မြင့်သော အာဏာရှင်၏ အရပ်သည် လျင်မြန်စွာ ကျုံ့ဝင်သွားပြီး ခြေတစ်လှမ်း လှမ်းကာ အရပ် နှစ်မီတာခန့်သာရှိသော အမြင့်နှင့် လင်းဟွမ်ရှေ့တွင် ပေါ်လာသည်။

“သခင်”

လင်းဟွမ်သည် ယခုအခါ လူသားတစ်ဦးနှင့် ချွတ်စွပ်နီးပါး တူနေသော အာဏာရှင်ကို သေသေချာချာ ကြည့်လိုက်သည်။

အာဏာရှင်၏ အရပ်မှာ နှစ်မီတာ ကျော်ရှိပြီး ခန္ဓာကိုယ်အနှံ့တွင် ကြီးမားသော ကြွက်သားများနှင့်

ဖောင်းကားနေကာ အရေပြားက ပုံမှန် ကြေးဝါရောင် ဖြစ်သည်။ သူ့မျက်လုံးများက အနက်ရောင် ၊ ဆံပင်က ရွှေရောင် ဖြစ်နေသည်။ မျက်နှာပေါ်ရှိ မုတ်ဆိတ်မွေးကို သန့်ရှင်းစွာ ရိတ်ထားသည်။ ကြည့်ရသည်မှာ အသက် (၂၅) နှစ်သာ ရှိသေးသော ထွားကြိုင်းသည် လူချောတစ်ယောက်နှင့် တူနေသည်။

တစ်ချိန်တည်းမှာပင် သူ့ခန္ဓာကိုယ်ပေါ်မှ ရွှေရောင် ချပ်ဝတ်တန်ဆာက အနက်ရောင်

သွားဖြစ်ပြီး ယခုအခါ ပို၍ပင် တောက်ပြောင်နေသည်။

လင်းဟွမ်သည် အာဏာရှင်၏ ခန္ဓာကိုယ်ထဲမှ ပေါက်ကွဲထွက်နေသော စွမ်းအားကို သံသယမရှိ ခံစားမိနေသည်။ အရပ်က နှစ်မီတာသာ ရှိသော်လည်း သူ့အသွေးအသားက မီတာသောင်းနှင့်ချီ မြင့်မားနေသည်။ စွမ်းအားများကို သူ့ခန္ဓာကိုယ်ထဲက ဆဲလ်တစ်ခုချင်း စီထဲတွင် ပေါင်းစည်းထားသည်။

"မဆိုးဘူး။ မင်း အခု ပိုပြီး အစွမ်းထက်လာပြီ"

အာဏာရှင်က ခေါင်းကုတ်ရင်း ရှက်ရွံ့စွာ ပြုံးလိုက်သည်။

" မင်းကို ခဏလောက် ချိတ်ပိတ်ထားရလို့ စိတ်မကောင်းဘူးကွာ.... ငါ အင်ပါယာအဆင့်ကို ရောက်သွားတာနဲ့ မင်းတို့အားလုံးကို ချက်ချင်း ပြန်လွှတ်ပေးမှာပါ ”

လင်းဟွမ်က အာဏာရှင်၏ပခုံးကို ပုတ်ပြီး ပြောလိုက်သည်။ ထို့နောက် အာဏာရှင်၏ ခန္ဓာကိုယ်က မှိန်ဖျော့သွားပြီး ကတ်တစ်ခုအဖြစ် ပြောင်းလဲသွားသည်။

လင်းဟွမ်က သူ့လက်ထဲရှိ ကတ်၏ နောက်ကျောကို ချက်ချင်း လှန်ကြည့်လိုက်သည်။

"မွန်းစတား ကတ် - အာဏာရှင်"

"ရှားပါးမှု - ဒဏ္ဍာရီ အဆင့်"

"မွန်းစတား အမည် - ဂျင်းနီ တိုက်ခိုက်ရေး နတ်ဘုရား"

"မွန်းစတား အမျိုးအစား - ရှေးဟောင်း အမျိုးအစား (သွေးသန့်) / ကောင်းကင်ဘုံ ဘီလူး မျိုးနွယ်"

“နာမည်ပြောင် - တိုက်ခိုက်ရေး နတ်ဘုရား"

“တိုက်ခိုက်ရေးအဆင့် - အင်ပါယာ ရွှေဝါရောင် အဆင့်"

“အဓိက - တိုက်ခိုက်ရေး နတ်ဘုရား တာအို၊ သိုင်းတာအို"

"အဓိက စွမ်းရည်များ - တိုက်ခိုက်ရေး နတ်ဘုရား နည်းစနစ်၊ တိုက်ခိုက်ရေး နတ်ဘုရား စွမ်းအား၊ တိုက်ခိုက်ရေး နတ်ဘုရား အမျက်ဒေါသ၊ တိုက်ခိုက်ရေး နတ်ဘုရား ပုဆိန်။"

“အသေးစား စွမ်းရည်များ - မြင့်မြတ် ပြန်လည်ကုသခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ခုခံစွမ်းအား..."

"ဆင့်ခေါ်ခွင့် အာဏာ - ဆိုင်းငံ့ (မင်း အင်ပါယာအဆင့် ရောက်တာနဲ့ အသက်သွင်းနိုင်လိမ့်မယ်)

“ကတ်မှတ်ချက် - လေ့ကျင့် ပေးနိုင်"

လင်းဟွမ်က အာဏာရှင်ကတ်၏ ဖော်ပြချက်ကို ဖတ်ပြီးနောက် ကတ်ကို သူ့ခန္ဓာကိုယ်ထဲ ပြန်ထည့်လိုက်သည်။ ထို့နောက် ခေါင်းလှည့်ပြီး အဝေးက နောက်ဆုံးရွှေဥကို လှမ်းကြည့်လိုက်သည်။

"ပိုင်ရဲ့ အဆင့်တက်လှမ်းမှုက ခဏလေးနဲ့ ပြီးအုံးမှာ မဟုတ်ဘူး။ သူက သတ်မှတ်ထားတဲ့ ပစ္စည်းပမာဏထက် အဆ အနည်းငယ်ပိုများလို့ အစာချေချိန် ကြာမှာပဲ"

လင်းဟွမ်၏ အပြုအမူကို သတိထားမိလျှင် သွေးရဲရဲလေးက အပြုံးကလေးနှင့် ရှင်းပြလိုက်သည်။

"ငါသိပြီ"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

သူက ဘာမှ ထပ်မပြောခဲ့သော်လည်း အမှန်တကယ်တွင် ပိုင်က ပုံမှန်မဟုတ်ဘဲ အဆင့်မြင့်တက်နေသောကြောင့် အတော်လေး စိုးရိမ်နေမိသည်။

အကြောင်းမူ ပိုင်အတွက် ပေါင်းစပ်ပစ္စည်း အလွန်အကျွံ အသုံးပြုခြင်းက ဘေးထွက်ဆိုးကျိုး ရှိ၊ မရှိကို လွန်ခဲ့သော ရက်အနည်းငယ်က ရှောင်ဖိန်ကို မေးမြန်းခဲ့သေးသည်။ စနစ်မှ အကြံပြုထားသော ပစ္စည်း ပမာဏကသာ အကောင်းဆုံးဖြစ်ကြောင်း ရှောင်ဖိန်က ပြန်ပြောခဲ့သည်။ အလွန်အကျွံ

သို့မဟုတ် အလွန် နည်းသွားပါက အဆင့်တက်လှမ်းမှု ပျက်ဆီးသွားနိုင်သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာပြီး တစ်ပတ် ကြာမြင့်သွားခဲ့သည်။

လင်းဟွမ် အသူရာ ချောက်ကမ်းပါးထဲ ရောက်နေသည်မှာ (၁၈) ရက်မြောက်နေ့ ဖြစ်သည်။

နောက်ဆုံး၌ မနက်စာ စားနေစဉ် ဥ အက်ကွဲသံ တိုးတိုးလေးကို ကြားလိုက်ရသည်။

## အခန်း(၉၉၁) - အဆင့် မြင့်တက်သွားသော ပိုင်

လင်းဟွမ်သည် တဲထဲမှ ထွက်လာပြီး ရေမချိုး ရသေးခင် ဥ ကွဲအက်သံကို ကြားလိုက် ရသောကြောင့် နောက်ဆုံးရွှေဥကို လှမ်းကြည့် လိုက်သည်။

အသံကြားလိုက်၍ လှမ်းကြည့်လိုက်ရာ ရွှေဥ ပေါ်တွင် ဆံချည်မျှင် တစ်မျှင်စာမျှ သေးငယ်သော အက်ကွဲကြောင်းကို တွေ့လိုက်ရပြီး သူ

နားကြားမှားခြင်း မဟုတ်ကြောင်း အတည်ပြု လိုက်သည်။

ရေချိုးပြီးနောက် မနက်စာ စားလိုက်သည်။ လဝက်ကျော်ကြာအောင် အိပ်စက်ခဲ့သော တဲကို ပြန်သိမ်းလိုက်သည်။ ထို့နောက် အဆင့် တက်လှမ်းနေသော ပိုင်ကို စောင့်ဆိုင်းရန် ကျောက်ဆောင်ပေါ်တွင် ထိုင်နေခဲ့သည်။

ဥခွံက ပိုပြီး မာကျောနေတာလား သို့မဟုတ် အခြား အကြောင်း တစ်ခုခုကြောင့်လား ဆိုသည်ကို မည်သူမျှ မသိနိုင်ပေ။ သို့သော်လည်း ပိုင်၏ ဥ

အက်ကွဲမှုနှုန်းက အာဏာရှင်နှင့် ကျန်သည့် မွန်းစတားများထက်စာလျှင် သိသိသာသာ နှေးကွေးနေ၏။ နောက်ဆုံးတွင် (၃) နာရီကျော် ကြာပြီးနောက် ရွှေဥခွံက လုံး၀ ကွဲထွက်သွားပြီး ရွှေရောင် အလင်းများအဖြစ် ပြောင်းလဲကာ ပိုင် ခန္ဓာကိုယ်ထဲ တိုး၀င်သွားသည်။

ပိုင်သည် အဆင့်တက်လှမ်းမှု ပြီးဆုံးသွားသောအခါ ခြေတစ်လှမ်းတည်းနှင့် လင်းဟွမ်ရှေ့ ရောက်လာသည်။

ရုပ်ရည် အသွင်အပြင်နှင့် ပတ်သက်၍ ကြီးကြီးမားမား အပြောင်းအလဲ မရှိပေ။ ဆံပင်က ဖြူနေသေးပြီး မျက်လုံးများက ယခုအခါ သွေးရောင် တောက်ပ၍ နီရဲနေသည်။ ခန္ဓာကိုယ် တစ်ဝိုက်တွင် သွေးရောင် မြူခိုးများက ဝန်းရံထားပြီး မျက်ခုံးကြားတွင် လက်မအရွယ်ခန့် ရှိသော အနီရောင်သလင်း ကျောက်တစ်ခု ရှိ၏။

သူ ဝတ်ဆင်ထားသည့် အနက်ရောင် ဂဝတ်ရုံသည် အနက်ရောင် စင်လုံးချောမှ ကြက်သွေးရောင် ဖောက်ထားသော ပုံစံသို့ ပြောင်းလဲသွားသည်။

ကြက်သွေးရောင် ပုံစံများသည် အသက်ရှိ နေသကဲ့သို့ ဖြည်းညှင်းစွာ စီးဆင်းနေသည်။

ပိုင်၏ မျက်လုံးများသည် လင်းဟွမ်ကို ကြည့်နေရင်း ကျင့်သား ရလာသောအခါ အနက်ရောင် ပြန်ပြောင်း သွားသည်။ သူ့မျက်ခုံးကြားက သွေး သလင်းကျောက်ကလည်း အရေပြားထဲ အလိုလို စိမ့်ဝင်သွားသည်။ သူ့ခန္ဓာကိုယ် တစ်ဝိုက်တွင် ရစ်ဝဲနေသော သွေးမြူခိုးများက လျင်မြန်စွာ ပျောက်ကွယ် သွားသည်။

အနက်ရောင်ဝတ်ရုံ ပေါ်က ကြက်သွေးရောင် ပုံစံများကလည်း သာမန်အတိုင်း ပြန်ဖြစ်သွားသည်။

အံ့သြစရာ ကောင်းသည်မှာ လင်းဟွမ်သည် ပိုင်ထံမှ အာဏာရှင်နှင့် ကျန်သည့် မွန်းစတားများ ကဲ့သို့ အစွမ်းထက်သည့် အော်ရာကို မတွေ့ရခြင်းပင်။ အတိအကျပြောရလျှင် ပိုင်က ကျင့်ကြံခြင်းကို လုံးဝ နားမလည်သော သာမန် လူတစ်ယောက်ကဲ့သို့ ဖြစ်နေသည်။

"မင်းရဲ့ အော်ရာ ဘာဖြစ်သွားတာလဲ"

လင်းဟွမ်သည် အလွန် ထူးဆန်းသည်ဟု တွေးလိုက်မိပြီး မေးလိုက်ရာ...

"ဖုံးကွယ်ထားတာ"

ပိုင်က ပြုံးပြီး ရှင်းပြလိုက်သည်။

"ဒီတစ်ကြိမ် အဆင့် တက်လှမ်းမှုရဲ့ အကျိုးသက်ရောက်မှုက မယုံနိုင်လောက်အောင် အံ့အောစရာ ကောင်းလွန်းတယ်။ ငါ့ မျှော်လင့်ချက်ထက်တောင် ကျော်သွားပြီ"

အဆုံးတွင် လင်းဟွမ်သည် ပိုင် စကားကြောင့် ပို၍ပင် ပဟေဠိ ဖြစ်သွားသည်။

နောက်ထပ် မေးရန်ပြင်လိုက်စဉ် ပိုင် ခန္ဓာကိုယ်က ပြိုကျသွားသည်။ မကြာခင် လေထဲတွင် ပျံ့ဝဲနေသော ရွှေရောင်ကတ်တစ်ခု ဖြစ်သွားသည်။

လင်းဟွမ်သည် ကတ်၏ အရောင်ကို မြင်လိုက်သောအခါ အံ့အားသင့်သွားသည်။

ဒဏ္ဍာရီအဆင့် မွန်းစတားကတ်သည် လိမ္မော်ရောင် ဖြစ်သော်လည်း ပိုင်၏ ကတ်က ရွှေရောင် ဖြစ်နေသည်။ လင်းဟွမ် သိထားသည်မှာ

နတ်ဘုရားအဆင့် မွန်းစတားကတ် တစ်ခုသာ ရွှေရောင် ဖြစ်မည်။

ကတ်ကို ချက်ချင်း ဖမ်းပြီး လှန်ကြည့်လိုက်သည်။

"မွန်းစတား ကတ် - ပိုင်"

“ရှားပါးမှု အဆင့် - အထွတ်အထိပ် နတ်ဘုရားအဆင့် (အတုယောင်)"

"မွန်းစတား အမည် - သွေးစုပ်ဖုတ်ကောင် ဘုရင်"

“မွန်းစတား အမျိုးအစား - ကျဆုံး နတ်ဘုရား၏ မျိုးဆက် (သွေးသန့်) / သွေးနတ်ဆိုး မျိုးနွယ်"

“အမည်ပြောင် - သွေးစုပ် ဖုတ်ကောင်"

“တိုက်ခိုက်ရေး အဆင့် - အင်ပါယာ ရွှေဝါရောင်အဆင့်"

“အဓိက - သွေးနှောင်ကြိုး"

"အဓိက စွမ်းရည်များ - အနန္တ သွေးစုပ်ဖုတ်ကောင် အမှုန်များ၊ သွေးလ၊ သွေးနတ်ဆိုး လျို့ဝှက် စွမ်းရည်၊ သွေးနတ်ဆိုး နယ်မြေ"

“အသေးစား - အသွေးအသား ပြန်လည် ပြုပြင်ခြင်း"

"ဆင့်ခေါ်ခွင့် အာဏာ - ဆိုင်းငံ့ (မင်း အင်ပါယာအဆင့် ရောက်တဲ့အချိန်မှ အသက် သွင်းနိုင်မယ်)

"ကတ်မှတ်ချက်များ - အစွမ်းကုန် အားထုတ်ပြီး လေ့ကျင့်ပေးဖို့ အကြံပြုတယ်"

လင်းဟွမ်သည် ပိုင်၏ စွမ်းရည် နေရာလွတ်များက ရာပေါင်းများစွာသော စွမ်းရည်များကို ကြည့်ပြီး အနည်းငယ် မူးဝေ သွားသည်။ တစ်ချက်ကြည့်ရုံနှင့် မနာလို ဖြစ်စေနိုင်သော စွမ်းရည်များစွာ ပါဝင်နေသည်။

"အနန္တ သွေးစုပ်ဖုတ်ကောင် အမှုန့်"

"လုပ်ဆောင်ချက် (၁) - သွေးစုပ်ဖုတ်ကောင် အမှုန့်ကနေ ဆင့်ကဲ ပြောင်းလဲလာတယ်။ ရူပဗေဒ နိယာမကို မလိုက်နာဘဲ ကြိုက်တဲ့ လယ်ပုံစံကိုမဆို အတုယူနိုင်တယ်"

"လုပ်ဆောင်ချက် (၂) - စွမ်းရည် ပိုင်ရှင်က တခြားသက်ရှိတွေရဲ့ သွေးထဲက မျိုးရိုးဗီဇကို ကြည့်ပြီး အချက်အလက် အားလုံးကို ဖတ်နိုင်တယ်။ စွမ်းရည်ပိုင်ရှင်က သူတို့ရဲ့ ကျွမ်းကျင်မှုကို အပြည့်အဝ

တုပနိုင်စွမ်း ရှိတယ်။ (မှတ်ချက် အဆင့်မြင့် သက်ရှိတွေကို မတုပနိုင်ဘူး)”

“လုပ်ဆောင်ချက် (၃) - စွမ်းရည်ပိုင်ရှင်က သူတို့ရဲ့ သွေးကို လွှမ်းမိုးနိုင်ပြီးတော့ သွေးကျွန်အဖြစ် ပြောင်းလဲနိုင်တယ်။ အမြင့်ဆုံး ထိရောက်မှုက စွမ်းရည်ပိုင်ရှင်နဲ့ တိုက်ခိုက်ရေးအဆင့်တူတဲ့ သက်ရှိတွေအပေါ်မှာ အလုပ်ဖြစ်တယ်”

“ သွေးလ - ပိုင်ရှင်ရဲ့ ခန္ဓာကိုယ်ကလာတဲ့ နတ်ဘုရား စွမ်းအားနဲ့ သွေးစွမ်းအားတို့ကို သွေးလနဲ့ ပေါင်းစပ်နိုင်သည်။ သွေးလ ထွန်းလင်းနေတဲ့

နယ်မြေအတွင်းက သက်ရှိတွေဟာ သွေးကျွန်အဖြစ် ပြောင်းလဲ သွားလိမ့်မယ်။ (မှတ်ချက်။ ။ အဲ့ဒီ သက်ရှိက စွမ်းရည် ပိုင်ရှင်ထက် တိုက်ခိုက်ရေး အဆင့်နိမ့်နေရမယ်)"

"အသွေးအသား ပြန်လည်ပြုပြင်ခြင်း - စွမ်းရည်ပိုင်ရှင်က သူရဲ့ အသွေးအသား တစ်ရာခိုင်နှုန်း ရှိနေသရွေ့၊ ကျန်ခဲ့တဲ့ အသွေးအသားကို အသုံးပြုပြီး ပြန်လည် ရှင်သန် ထမြောက်နိုင်တယ်"

ထိုစွမ်းရည်များအပြင်၊ လင်းဟွမ်ကို မနာလို ဖြစ်စေသော သွေးနတ်ဆိုး လျှို့ဝှက်စွမ်းရည် နောက်ထပ်နှစ်ခု ရှိသေးသည်။

"သွေးနတ်ဆိုး ရုပ်တု - သွေးစွမ်းအား၊ နတ်ဘုရား စွမ်းအားနဲ့ ပြုလုပ်ထားတဲ့ ရုပ်တု ဖြစ်တယ်။ ဒီရုပ်တုက ပိုင်ရှင်စွမ်းရည်ရဲ့ (၈၀) ရာခိုင်နှုန်းကို ပိုင်ဆိုင်တယ်။ ပိုင်ရှင်ဆီမှာ သွေးစွမ်းအားနဲ့ နတ်ဘုရား စွမ်းအား ရရှိနိုင်သရွေ့၊ ဘယ်နှစ်ကြိမ်ပဲ အသတ်ခံရပါစေ အကြိမ်ကြိမ် ပြန်ရှင်နိုင်တယ်”

“ သွေးထုတ်ယူခြင်း စွမ်းအား - စွမ်းရည်ပိုင်ရှင်က ဒဏ်ရာ တစ်ခုခုရတာနဲ့ သူ့နယ်မြေ ပိုင်နက် အတွင်းမှာရှိတဲ့ သက်ရှိအားလုံးဆီက သွေးကို ထုတ်ယူပြီး သွေးစွမ်းအင်ကို ပြန်လည်ကုသရေး စွမ်းအင်အဖြစ် ပြောင်းလဲပြီး ပြန်ကုသနိုင်တယ်။ (မှတ်ချက် - သက်ရှိတွေရဲ့ တိုက်ခိုက်ရေး အဆင့်က စွမ်းရည်ပိုင်ရှင်ထက် နိမ့်ကျနေရမယ်)”

“ သွေး ယစ်ယူဇော်ခြင်း - စွမ်းရည်ပိုင်ရှင်က သူ့နယ်မြေအတွင်းမှာရှိတဲ့ သက်ရှိတွေကို ယစ်ပူဇော်ပြီး တိုက်ခိုက်ရေး အဆင့်ကို ယာယီ

မြှင့်တင်နိုင်တယ်။ ( မှတ်ချက်။ ။ ယဇ်ပူဇော်ခံ သက်ရှိတွေရဲ့ တိုက်ခိုက်ရေးအဆင့်က စွမ်းရည် ပိုင်ရှင်ထက် နိမ့်ကျနေရမယ် )”

" ကိုယ်ပျောက်သွေး - လျှို့ဝှက် သွားလာဖို့အတွက် ကိုယ့်ကိုယ်ကို သွေးတစ်စက်အဖြစ် ပြောင်းလဲပြီး သက်ရှိအော်ရာကို လုံးဝ ဖုံးကွယ်ထားနိုင်တယ် "

" ဘာမှားလို့လဲ။ ပိုင်ရဲ့ အဆင့်တက်လှမ်းမှုမှာ ပြဿနာ ရှိနေလို့လား"

လင်းဟွမ်သည် ကတ်ကို အကြာကြီး စိုက်ကြည့်နေသဖြင့် သွေးရဲရဲလေးက မနေနိုင်ဘဲ မေးလိုက်သည်။

သူက ဆင့်ခေါ်မွန်းစတား တစ်ကောင် အနေနှင့် မွန်းစတားကတ်ကို မမြင်ရပေ။ သို့သော်လည်း လင်းဟွမ်က ပိုင်၏ကတ်မှ အသေးစိတ် အချက်အလက်များကို ကြည့်ရှုနေကြောင်း သူ သိသည်။

"ဘာမှ မဟုတ်ဘူး"

လင်းဟွမ်က အာရုံ ပြန်သိမ်းလိုက်သည်။ ပိုင်၏ကတ်ကို ဖတ်ပြီးနောက် ပြုံးရင်း ခေါင်းခါလိုက်သည်။

" ပိုင်က အထွတ်အထိပ် နတ်ဘုရား (အတုယောင်) အဆင့်ကို တစ်ခါတည်း မြှင့်တက်သွားတာပဲ။ သူ့ရဲ့ စွမ်းရည် တချို့က တော်တော်လေး အထင်ကြီးစရာ ကောင်းလွန်းတယ် ”

" ဟင်.... သူက အထွတ်အထိပ်နတ်ဘုရား (အတုယောင်) အဆင့်ကို တစ်ခါတည်း တက်သွားတာလား"

သွေးရဲရဲလေးလည်း အံ့သြသွားသည်။

" ဒီကောင့်ကို ငါ မနာလိုတော့ဘူး"

“ မင်း သူ့ကို မနာလို ဖြစ်နေစရာ မလိုပါဘူး။ ငါ့နောက် လိုက်နေသရွေ့ မင်းတို့အားလုံးက နတ်ဘုရားအဆင့်အထိ မြှင့်တက် လာလိမ့်မယ်။ အချိန်တစ်ခုပဲ လိုတာ”

လင်းဟွမ်က ယုံကြည်မှုအပြည့်နှင့် အာမ ခံလိုက်သည်။

" သနွှေလေးကြိမ်ပြောင်း ဒဏ္ဍာရီအဆင့် မွန်းစတားတစ်ကောင် ဆိုတာနဲ့တင် ဂန္တဝင် ပုံရိပ်တစ်ခု ဖြစ်နေပြီ။ သနွှေလေးကြိမ်ပြောင်း အထွတ်အထိပ် နတ်ဘုရားအဆင့် မွန်းစတားတစ်ကောင်ဆို ဘယ်လောက် အစွမ်းထက်မယ်ဆိုတာ တွေးကြည့်ဖို့တောင် မလိုဘူး"

သွေးရဲရဲလေးက လုံးဝ အံ့သြသင့်နေသေးသည်။

လင်းဟွမ်သည် သွေးရဲရဲလေးကို ကြည့်ရင်း ရယ်ချင်လာသည်။ အများအားဖြင့် သွေးရဲရဲလေးသည်

ဆင်ခြင်တုံတရား အလွန် အားကောင်းသောကြောင့် တစ်စုံတစ်ခုကို အလွန် စိတ်ဝင်စားရန် ရှားပါးလှ၏။

သူ၏ ဆင့်ခေါ်မွန်းစတားများ အဆင့်မြှင့်တင်ခြင်း စစ်ဆင်ရေး ပြီးဆုံးသွားပြီ ဖြစ်သောကြောင့် ယခုတစ်ကြိမ် အသူရာ ချောက်ကမ်းပါးထဲ ဝင်လာခဲ့သော ဤခရီးစဉ်၏ သူ ပန်းတိုင်လည်း ပြီးမြောက် အောင်မြင် သွားခဲ့ပြီ။

ခြုံငုံပြီး ပြောရလျှင် သတင်းဆိုးဟု ယူဆရသော နတ်ဘုရားကောင်းချီး အဖွဲ့အကြောင်းမှ လွဲ၍ ခရီးစဉ်တစ်ခုလုံးက အကျိုး ရှိလှပေသည်။

အဆင့်ကျော် သတ်ဖြတ်ခြင်း ဆုလာဘ်များနှင့် ပြီးပြည့်စုံသော ဒဏ္ဍာရီအဆင့် မွန်းစတားကတ် ခြောက်ကတ်ကို ရရှိခဲ့ရုံသာမက၊ လုံလောက်သော ဝိညာဉ် သလင်းကျောက်လည်း ရရှိပြီး နတ်ဘုရားရုပ်တု တိုက်ခိုက်ရေးဝိညာဉ် ခုနစ်ကောင်ကိုလည်း အင်ပါယာ ရွှေခရမ်းရောင် အဆင့်အထိ မြှင့်တင်နိုင်ခဲ့သည်။

နောက်ဆုံး၌ သူကလည်း သူ့ကိုယ်သူ အင်ပါယာအဆင့် မြှင့်တင်နိုင်မည့် နည်းစနစ်ကို သင်ယူနိုင်ခဲ့ပြီး မြှင့်တင်ရာတွင် အသုံးပြုမည့်

နတ်ဘုရားဦးခေါင်း (အကျိုးအပဲ့) ၃၂ ခုကိုလည်း ရရှိခဲ့သည်။

လင်းဟွမ်သည် ပုံရိပ်ယောင် နယ်မြေ တည်ဆောက်ရန် တာဝန်ယူထားသော ရုပ်ဆိုးနှင့် စောင့်ကြပ်ရန် တာဝန်ယူထားသော နတ်ဘုရားရုပ်တု တိုက်ခိုက်ရေးဝိညာဉ် မရဏ မယ်တော်ကို ပြန်သိမ်းပြီးနောက် သွေးရဲရဲလေးကို ပြောလိုက်သည်။

"သွားရအောင်"

သွေးရဲရဲလေးက အာရုံများ ပြန်စုစည်းပြီး လင်းဟွမ်၏ အင်္ကျီလက်စ အောက်ထဲ ချက်ချင်း ပြန်ဝင်သွားသည်။

လင်းဟွမ်က နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်ပြီး ဝင်သွားသည် ။

# အခန်း(၉၉၂) - ကြေးကျီးကန်း မြို့

လင်းဟွမ်သည် ချောက်ကမ်းပါးထဲမှ ထွက်လာသည်နှင့် တပြိုင်နက် ဝမ်ပေါင်မြို့သို့ ပြန်လာခဲ့သည်။ သို့သော်လည်း ယခုတစ်ကြိမ်တွင် ဟိုတယ်၌ တည်းခိုခြင်း မရှိခဲ့ပေ။ ထိုအစား ဝမ်ပေါင်မြို့ မြောက်ဘက်ရှိ နေရာကူးပြောင်းခြင်း ပေါ်တယ်သို့ တန်းသွားလိုက်သည်။

နေ့လည်စာ စားပြီးနောက် ကြေးကျီးကန်းမြို့သို့ သွားမည့် နေရာကူးပြောင်းခြင်း ပေါ်တယ်ထဲ မဝင်ခင် (၂) နာရီနီးပါးခန့် စောင့်ဆိုင်းခဲ့ရသည်။

အမှတ် ( A – 17 ) ဝပ်ကျင်း ...

ကြေးကျီးကန်းမြို့သည် အဖွဲ့ခွဲ ( ၃ )တွင် မြေအောက်အဖွဲ့အစည်း ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်း ပိုင်ဆိုင်သော အဆင့် (အေ) ဝပ်ကျင်းနှစ်ခုထဲမှ တစ်ခု ဖြစ်သည်။

သူသွားရသည့် အကြောင်းအရင်းမှာ ရန်လင်းကို ဖွင့်ခိုင်ရန်း လိုအပ်နေသော သိုလှောင်ပစ္စည်း

အမြောက်အများ ရှိနေသောကြောင့် ပင် ။ အခြား မဟာကမ္ဘာနှင့် အသေးစား ကမ္ဘာလေးများက သိုလှောင်လက်စွပ်များ သူ့ဆီတွင် ရှိနေသည်။ ထို့ကြောင့် ရန်လင်းမှလွဲ၍ အခြားသူကို ဖွင့်ခိုင်း၍ မရချေ ။

ထို့ကြောင့် လင်းဟွမ် ကိုယ်တိုင်သာ ခရီး ထွက်လာခဲ့ရသည် ။

လွန်ခဲ့သော (၂) နာရီခန့်က ချောက်ကမ်းပါးထဲမှ ထွက်လာသည်နှင့် တပြိုင်နက် လာခဲ့မည်ဟု ရန်လင်းထံ အကြောင်း ကြားခဲ့သည် ။

နေရာကူးပြောင်းခြင်း ပေါ်တယ်ထဲမှ ထွက်လာပြီး မြေပုံဖွင့်လိုက်စဉ် လူလတ်ပိုင်း အမျိုးသားက သူ့ထံ လမ်းလျှောက်လာသည် ။

“ အစ်ကို..... မင်း နေစရာ လိုသေးလား. .”

ထိုလူက အပြုံးအကြီးကြီး ပြုံးပြီး အသံပို့လွှတ်ကာ စကား ပြောလာသည် ။

“ ငါတို့ဆီမှာ အထူးဝန်ဆောင်မှုတွေ ရှိတယ်.. ”

လင်းဟွမ်သည် ဤလောကတွင် ဖောက်သည်စွဲဆောင်သော ဤကဲ့သို့ နည်းလမ်းမျိုး ရှိလိမ့်မည်ဟု မထင်ထားသောကြောင့် ဆွံ့အနေသည်။

" ရတယ် ရတယ်။ ငါ အခန်း ကြိုမှာထားပြီးသား "

" ငါတို့ဆီမှာ အကုန်ရှိတယ်.. မိန်းမပျိုလား၊ အရွယ်ရောက်တဲ့ မိန်းမလား၊ မင်းကြိုက်တာ ရွေးလို့ရတယ်.. ပုံမှန်ဟိုတယ်တွေမှာ ဒီလို ဝန်ဆောင်မှုတွေ မရှိဘူး "

အဆိုပါ အမျိုးသားက အသံပို့လွှတ်ပြီး ဆက်ပြောနေသည် ။

" ကျေးဇူးတင်တယ် မလိုဘူး.. "

လင်းဟွမ်က လက်ခါပြပြီး ပြတ်ပြတ်သားသား ငြင်းလိုက်သည်။ သို့သော်လည်း မြေပုံပေါ်ရှိ ဟိုတယ် နာမည်များကို ကြည့်နေစဉ် ထိုအမျိုးသားက အသံပို့လွှတ်ပြီး နောက်တစ်ကြိမ် ဆက်ပြောလာသည်။

" တကယ်လို့ မင်း မိန်းမတွေ မကြိုက်လည်း ယောက်ျားတွေ ရှိတယ်.. ယောက်ျား ငယ်ငယ် အိုအို အကုန်ရတယ်။ အသက် (၁၆) နှစ်ကနေ (၆၀) ကျော် အထိ အားလုံးပေါ့ "

လင်းဟွမ်သည် ဟိုတယ် နာမည်ကိုသာ စိုက်ကြည့်နေခဲ့ပြီး အသံပို့လွှတ်မှုကို ပြန်မတုံ့ပြန်တော့ချေ ။ ကိုသြဒိနိတ် တည်နေရာ သတ်မှတ်ပြီးနောက် ကောင်းကင်ပေါ် ပြန်တက်ပြီး ပေါက်ကွဲအား ပြင်းပြင်းနှင့် ပျံသန်းထွက်ခွာသွားသည်။

လူလတ်ပိုင်း အမျိုးသားက ထွက်ခွာသွားသော လင်းဟွမ်ကို စိုက်ကြည့်ပြီးနောက် နောက်လှည့်လိုက်သည်။ သူ့မျက်နှာပေါ်က ညှိုးငယ်နေသော အမူအရာလည်း ပျောက်ကွယ်သွားပြီး

လမ်းကြားတစ်ခုထဲ ဝင်သွားသည်။ အင်ပါယာ နှလုံးသား လက်စွပ်ပေါ်ရှိ ဆက်သွယ်ရေး မျက်နှာပြင်ကို နှိပ်ပြီး ဖုန်းနံပါတ် တစ်ခုကို ဖုန်းခေါ်လိုက်သည်။

“ လင်းရှီကို တွေ့ခဲ့တယ်.. အခုပဲ ဖီးနစ်ဟိုတယ် သွားနေပြီ.. ”

စကားပြောနေစဉ် သူ့နောက်မှ အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

“ငါ့အကြောင်း ပြောနေတာလား..”

လူလတ်ပိုင်း အမျိုးသားသည် မျက်နှာကြော တင်းမာသွားပြီး နောက်လှည့် ကြည့်လိုက်ရာ လင်းဟွမ် ဖြစ်နေကြောင်း တွေ့လိုက်ရသည်။

"မင်း..""

" မင်းကိုတွေ့တာနဲ့ မိုတယ်ပိုင်ရှင် မဟုတ်မှန်း ငါ သိပြီးသား။ ငါ့ကိုလာပြီး ဂျင်းမထည့်နဲ့.. "

လင်းဟွမ်က ပြုံးရင်း ပြောလိုက်သည်။

ထိုသို့ ပြောနိုင်သည့် အကြောင်းအရင်းမှာ အိပ်မက်ဆိုး ကြွံသူတော်၏ ဝိညာဉ်စွမ်းအားက

မကောင်း ကြံစည်နေသော အာရုံကို ချက်ချင်း သိနိုင်သောကြောင့် ပင် ။

လင်းဟွမ်က ထိုလူနှင့် မျက်နှာချင်းဆိုင်ပြီး စကားပြောနေသည့် အခိုက်အတန့်တွင် သူ့ခန္ဓာကိုယ်ထဲ ရှိနေသော အိပ်မက်ဆိုး ကြံ့သူတော်က ထိုလူ၏ မကောင်းသော အကြံအစည်များကို အာရုံခံမိပြီး ချက်ချင်း အသိပေးခဲ့သောကြောင့် ဖြစ်သည်။

ထို့နောက် လင်းဟွမ်က ထိုလူကို အိပ်မက်နယ်မြေထဲ ဆွဲသွင်းရန် နတ်ဘုရားရုပ်တု

တိုက်ခိုက်ရေးဝိညာဉ် အိပ်မက်ဆိုး ကြွံသူတော်ကို လွှတ်ပေးခဲ့သည်။

ယခုလက်ရှိ ဖြစ်ပျက်နေသော အဖြစ်အပျက် အားလုံးသည် ထင်ယောင်ထင်မှား ဖြစ်နေခြင်းသာ ဖြစ်ပြီး လင်းဟွမ် ထွက်ခွာသွားခြင်း၊ သူက ဖုန်းဆက် အသိပေးခြင်း၊ အားလုံးသည် ထင်ယောင်ထင်မှား တစ်ခုမျှသာ....

အမှန်တကယ် လက်တွေ့တွင်မူ ထိုလူက လင်းဟွမ်ထံ လမ်းလျှောက်လာရုံသာ ရှိသေးပြီး စကားတစ်ခွန်းပင် မပြောရသေးချေ။

ထုံးစံအတိုင်း ထိုအချိန်က လင်းဟွမ်နှင့် စကားပြောခြင်းသည် ပုံရိပ်ယောင်တစ်ခုသာ ဖြစ်သည်။

လင်းဟွမ်အတွက် သူကိုယ်တိုင် ပါဝင်သော အိပ်မက် နယ်မြေတစ်ခုကို အိပ်မက်ဆိုး ကြွံသူတော်က ဖန်တီးထားခြင်း ဖြစ်သည်။

ထိုအရာ အားလုံးက အိပ်မက်နယ်မြေထဲမှ ဓာတ်လမ်းများ ဖြစ်သည်။

“ ငါထင်တာ မမှားရင် မင်းက နတ်ဘုရားကောင်းချီး အဖွဲ့က လူတစ်ယောက် ဖြစ်ရမယ်.. ”

လင်းဟွမ်၏ စကားကို ကြားလိုက်လျှင် လူလတ်ပိုင်း အမျိုးသားသည် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ သူ့အဖွဲ့အစည်း၏ နာမည်က ပေါ်ကြားသွားလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ ။

“ မဟုတ်ဘူး.. ငါတို့ အဖွဲ့အစည်းအကြောင်း သိနေတဲ့ လင်းရှီအကြောင်းကို သတင်းပို့မှ ဖြစ်မယ် ။

သူ့ကို ချက်ချင်းသတ်ဖို့ အဆင့်မြင့် စီမံခန့်ခွဲသူတွေဆီ သတင်းပို့ရမယ်”

သူ့ အင်္ကျီလက်စအောက်မှ နှလုံးသား အင်ပါယာလက်စွပ်ကို စိတ်စွမ်းအင် အသုံးပြုပြီး မက်ဆေ့ချ် ရေးနေသည်။

လင်းဟွမ်သည် ထိုလူက မက်ဆေ့ချ် ပို့နေသည်ကို မြင်သော်လည်း စိတ်အေးလက်အေး ရှိနေသည်။ အိပ်မက်နယ်မြေထဲတွင် သူလုပ်သမျှ အားလုံးက အသုံးမဝင်ပေ။

“ မင်းက ငါ့ရှေ့မှာတောင် လှည့်ကွက်တွေ ကစားနိုင်တယ်ဆိုတော့ ပရော်ဖက်ရှင်နယ် သူလျှိုပဲ ဖြစ်ရမယ်.. ”

လင်းဟွမ်က ထိုအမျိုးသား၏ လှည့်ကွက်ကို သတိထားမိသောအခါ ထိုလူ၏ ကျွမ်းကျင် ပိုင်နိုင်မှုကို သဘောကျသွားသည်။

“ မင်း သိသွားလည်း ဘာဖြစ်လဲ။ ငါ စာပို့ပြီးပြီ။ မင်းငါ့ကို သတ်လိုက်ရင်တောင် အမှန်တရားက မပြောင်းလဲဘူး.. ”

လူလတ်ပိုင်း အမျိုးသားက သေခြင်းတရားကို လုံးဝ မကြောက်ပေ။ လင်းဟွမ်ကို ပြန်ကြည့်နေသော သူ့မျက်လုံးထဲတွင် အထင်သေးပြီး လှောင်ပြောင် သရော်မှုများ ပြည့်နှက်နေ၏။

“ ငါ့ကို တစ်ခုခု နားလည်အောင် လုပ်ပေးလို့ ကျေးဇူးတင်တယ်။ နောက်ဆို နတ်ဘုရားကောင်းချီး အဖွဲ့ထဲက ဘယ်သူ့ကိုမှ လျှော့မတွက်တော့ဘူး.. ”

လင်းဟွမ်က ပြောပြီးသည်နှင့် သေဒဏ် ပေးခိုင်းလိုက်သည်။

“အေးအေးချမ်းချမ်း အနားယူလိုက်တော့..”

သူ့စကား ဆုံးသွားသည်နှင့် တစ်ပြိုင်နက် သူ့အင်္ကျီလက်စထဲမှ ဓါးမြှောင်တစ်စင်း ပစ်လွှတ်လိုက်သည်။ အသံထက် အနည်းဆုံး (၁၀) ဆခန့် ပိုမြန်သောနှုန်းနှင့် ထိုလူ၏ဦးခေါင်းထဲ ထိုးဖောက်ဝင်ရောက်သွားသည် ။

အလယ်အလတ် အင်မော်တယ်အဆင့် တိုက်ခိုက်ရေးအစွမ်းသာ ရှိသော လူလတ်ပိုင်း၏ ဦးခေါင်းသည် ဖရဲသီးတစ်လုံးကဲ့သို့ ပေါက်ကွဲသွားသည်။ တုံ့ပြန်ရန် အချိန် မရလိုက်ပေ။

ထိုလူသည် အိပ်မက် နယ်မြေထဲတွင် သေဆုံးသွားသည့် အချိန်၌ လက်တွေ့ဘဝတွင်လည်း ရုတ်တရက် လဲကျသွားသည်။

လင်းဟွမ်သည် ထိုလူ၏ သေဆုံးမှုက သူနှင့် ဘာမှမဆိုင်သကဲ့သို့ ဘေးနားမှ ခပ်တည်တည် ဖြတ်လျှောက်သွားသည်။ သို့သော်လည်း စိတ်စွမ်းအားကို အသုံးပြု၍ ထိုလူ၏ အင်ပါယာနှလုံးသား လက်စွပ်ကို တိတ်တဆိတ် ခိုးချတ်ခဲ့သေးသည်။

လင်းဟွမ် ခြေလှမ်း အနည်းငယ် ကျော်တက်သွားပြီးနောက် လူတော်တော် များများက ထိုအလောင်းကို ဝိုင်းအုံပြီး ကြည့်နေကြသည်။ လင်းဟွမ်သည် ထိုလူအုပ်ကြီးအတွက် တုံ့ပြန်ရန် အချိန်မရှိဘဲ မီတာရာပေါင်းများစွာ ဝေးသော နေရာက လမ်းကြားတစ်ခုထဲ လျှောက်ဝင်သွားသည်။

လမ်းကြားထဲတွင် အိပ်မက်ဆိုး ကြံ့သူတော်က ရရှိထားသော အချက်အလက်များကို သွေးရဲရဲလေးထံ လွှဲပြောင်း ပေးလိုက်သည်။ ထို့နောက်

သွေးရဲရဲလေးက အချက်အလက်များကို ပြန်လည်စီစစ်ပြီး လင်းဟွမ်ထံ ပြန်လည် မျှဝေပေးလိုက်သည်။

လင်းဟွမ်သည် လူလတ်ပိုင်း အမျိုးသား၏ မှတ်ဉာဏ်ကို ကြည့်ပြီးနောက် မျက်မှောင်ကြုတ်သွားသည်။

"နတ်ဘုရားကောင်းချီး အဖွဲ့ကလူတွေ ဘာဖြစ်လို့ ကြေးကျီးကန်းမြို့ကို ရောက်လာရတာလဲ."

ထိုလူ၏ မှတ်ဉာဏ်များအရ တစ်ဆင့် အဖွဲ့ခွဲ (၃) နတ်ဘုရားကောင်းချီး ဌာနခွဲနှစ်ခုလုံး၏ အဆင့်မြင့်

စီမံခန့်ခွဲသူများသည် လွန်ခဲ့သော နှစ်ရက်ကတည်းက ကြေးကျီးကန်းမြို့သို့ ရောက်ရှိနေကြသည်။

လူလတ်ပိုင်း အမျိုးသားသည် အလွန် အားနည်းသော သာမန် သူလျှိုတစ်ယောက်သာ ဖြစ်သောကြောင့် ဌာနခွဲနှစ်ခုက မြို့ထဲတွင် ဘာလုပ်နေကြောင်း သူမသိပေ။ သူ့တာဝန်မှာ နေရာကူးပြောင်းခြင်း ပေါ်တယ်တွင် ပေါ်လာသော အခြေအနေကို စောင့်ကြည့်ရန် ပင်။

“ ငါထင်တာမမှားရင် ခရမ်းရောင်ကျီးကန်းနဲ့ ပတ်သက် နေရမယ် ။ အခုတလော

ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းက တစ်ခုခု လုပ်နေတာ ရှိ၊ မရှိကို မြေအောက် အဖွဲ့အစည်း ဖိုရမ်ထဲမှာ မင်း ဝင်ကြည့်သင့်တယ် ”

သွေးရဲရဲလေးက ခန့်မှန်းပြီး ပြောလိုက်သည်။

လင်းဟွမ်သည် ဖိုရမ်ကို ချက်ချင်းကြည့်လိုက်ရာ လွန်ခဲ့သော နှစ်ရက်က ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း တင်ထားသော သတင်းတစ်ပုဒ်ကို တွေ့လိုက်ရသည်။ ဖတ်ကြည့်ပြီးနောက် နားလည် သွားသည်။

" ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းက ကျီးကန်းဝိညာဉ်တော် ရွေးနေတာပဲ.."

လင်းဟွမ်သည် ကျီးကန်းဝိညာဉ်တော် အကြောင်းနှင့် ရင်းနှီးသည်။ ကျီးကန်း ဝိညာဉ်တော် ဆိုသည်မှာ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း၏ သန့်ရှင်းသားတော် သို့မဟုတ် အပျိုစင် ဖြစ်သည်။

သို့သော်လည်း အစောပိုင်းတွင် ဟုန်ကျန်းထံမှ သိခဲ့ရသော သတင်းများအရ အမှန်တကယ် လက်တွေ့တွင်မူ ကျီးကန်းနတ်ဘုရား၏ အခွံသာ ဖြစ်သည်။ နောက်ဆုံး၌ ကျီးကန်းနတ်ဘုရားက သူ

ရွေးချယ်ထားသော ကျီးကန်းဝိညာဉ်တော် ကိုယ်စားလှယ်လောင်း၏ အသိစိတ်များကို ဖယ်ရှား ပစ်လိမ့်သည်။ ထို့နောက် ကျီးကန်းနတ်ဘုရားက ထိုခန္ဓာကိုယ်ကို သိမ်းပိုက်၍ သူ၏ ရုပ်သေးရုပ် ဖြစ်အောင် ပြုလုပ်လိမ့်မည်။

“ ဒါဆိုရင် ဟုန်ကျန်းက ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းရဲ့ ကျီးကန်းဝိညာဉ်တော် လုပ်ဖို့ ဒီရောက်နေတာပေါ့”

လင်းဟွမ်က ထိုဖြစ်နိုင်ချေကို မတွေးဘဲ မနေနိုင်ချေ။

အဖွဲ့ခွဲ (၃)တွင် အခြားဝပ်ကျင်းများကို ခရီးထွက်ရမည့် အစား ဘာကြောင့် ကြေးကျီးကန်းမြို့သို့ လာရလဲဆိုသည်ကို သူ နားမလည်ပေ။

“ ထားလိုက်တော့ .. ငါနဲ့ မဆိုင်ဘူး။ ဒီမိန်းမ ဘာလုပ်လုပ် ငါ့အလုပ်မှ မဟုတ်တာ။ ဒီနေရာကို လာတာက ရန်လင်းဆီမှာ သေ့ဖွင့်ခိုင်းဖို့ပဲ ။ ဘာပြဿနာမှ မရှာဘဲ ဒုက္ခ မရောက်အောင် ချက်ချင်း ပြန်ထွက်ရမယ်”

လင်းဟွမ်က ခေါင်းခါပြီး အတွေးများ ရှင်းလိုက်သည်။ အင်ပါယာ နှလုံးသား လက်စွပ်ပေါ်က ဝက်ဘ်ဆိုဒ် စာမျက်နှာကို ပိတ်ပြီး လေထဲ ပျံတက်သွားသည်။ ထို့နောက် ဖီးနစ်ဟိုတယ်သို့ ဦးတည် ပျံသန်းသွားသည်။

## အခန်း(၉၉၃) - ဟုန်ကျန်းနှင့် နောက်တစ်ကြိမ် တွေ့ဆုံခြင်း

လင်းဟွမ်သည် ဓါတ်လှေကား သုံးပြီး (၈၁) ထပ်သို့ ရောက်လာသောအခါ ညာဘက်ရှိ စင်္ကြံ လမ်းကြောင်းအတိုင်း လျှောက်သွားသည်။ အခန်း (၀၂၃) သို့ ရောက်သောအခါ တံခါး ခေါက်လိုက်သည်။

ခဏအကြာ တံခါးပွင့်လာသည်။

တံခါး လာဖွင့်သည့်လူမှာ သူနှင့်ရင်းနှီးသော ဟုန်ကျန်း ဖြစ်နေသည်။

ဟုန်ကျန်းက မျက်တောင်ကော့ထားပြီး မျက်ခုံးမွေး ဆွဲထားကာ ပါးနီလေး ချယ်ထားသည်။ မိတ်ကပ် သိပ်မများဘဲ အသက် (၂၀) ခန့်သာ ရှိသေးသည်။ ဟုန်ကျန်းနှင့် ပထမဦးဆုံး တွေ့ဆုံခဲ့သည့် အချိန်နှင့် နှိုင်းယှဉ်ပါက အနည်းဆုံး ငါးနှစ်ခန့် ပိုငယ်နေသည်။

သူမက တီးရှပ် အဖြူ၊ အပြာကို အဖြူဖောက်ထားသော ဂျင်းဘောင်းဘီကို ပေါ့ပေါ့ပါးပါး ဝတ်ဆင်ထားသည်။

ဂျင်းဘောင်းဘီ၏ အောက်ခြေကို လိပ်တင်ထားပြီး သူမ၏ ဖြောင့်စင်းနေသော ခြေကျင်းဝတ်များကို ထုတ်ဖော် ပြသထားသည်။ အဖြူနှင့်အပြာ ရောနေသော ဖိနပ်တစ်ရံကို ဝတ်ဆင် ထားသေးသည်။

လင်းဟွမ်သည် ဤအမျိုးသမီးကို တစ်ချက်ကြည့်ပြီးနောက် ဟုန်ကျန်း ဟုတ်မှဟုတ်ပါ့မလားဟု သံသယ ဝင်နေသည်။

သို့သော်လည်း သူမက သူ့ကို ရှင်းရှင်းလင်းလင်း မှတ်မိနေသည်။

“ မင်းက ရန်လင်းပြောတဲ့ ဖောက်သည် မဟုတ်လား။ ငါက ရန်လင်းရဲ့ မိတ်ဆွေပါ ။ အထဲဝင်ခဲ့လေ... ”

ဟုန်ကျန်းက ရင်းနီး ဖော်ရွေစွာ နှုတ်ဆက်လိုက်သည်။

လင်းဟွမ်က အာရုံ ပြန်စုစည်းလိုက်ပြီး စောစောက အသိလွတ်သွားသည်ကို ဖုံးကွယ်ကာ အမြန် ပြောလိုက်သည်။

“ ဒီကောင်က… ဒီလောက်လှတဲ့ ရည်းစား ရှာတွေ့ထားတာ ငါတော့ မယုံနိုင်ဘူး..”

ဟုန်ကျန်း လုပ်ခဲ့သည်မှာ ပြုံးရုံသာ ပြုံးနေခဲ့ပြီး ဘာမှ ပြန်မပြောခဲ့ပေ။

“ ရန်လင်းက စာဖတ်ခန်းထဲမှာ အလုပ်လေးရှိနေလို့ … ခဏ ထိုင်စောင့်ပေးပါ ။ တစ်ခုခု သောက်မလား”

"လက်ဘက်ရည်ပဲ ပေး ... ကျေးဇူးတင်ပါတယ်"

လင်းဟွမ်က ကိုယ့်ဘာသာကိုယ် ဆိုဖာ ထိုင်ခုံပေါ်တွင် ထိုင်ချလိုက်သည်။

ခဏအကြာ ဟုန်ကျန်းသည် လက်ဘက်ရည် တစ်ခွက်နှင့် ပြန်ရောက်လာသည်။ လင်းဟွမ်က သူမထံမှ လှမ်းယူပြီး စားပွဲပေါ်တွင် ချထားလိုက်သည်။ ဟုန်ကျန်း လုပ်ပေးသည့် လက်ဘက်ရည်ကို မသောက်ရဲပေ။

ဉာဳမိန်းမက သူ့အပေါ် ဘာလုပ်မလဲဆိုသည်ကို မည်သူက သိနိုင်မည်နည်း။

“ ဟိုဟိုဒီဒီ လျှောက်ကြည့်ရင် စိတ်မဆိုးဘူးမလား..”

“ ရပါတယ်.. လိုက်ကြည့်ပါ ”

ဟုန်ကျန်းက ခေါင်းညိတ်လိုက်ပြီး မိန်းမဆန်၍နူးညံ့သောအပြုံးကို ပြုံးပြလိုက်သည် ။

( ဒီအမျိုးသမီးရဲ့ သရုပ်ဆောင် စွမ်းရည်က အော်စကာဆု ရနိုင်လောက်တယ် )

လင်းဟွမ်က စိတ်ထဲမှ တွေးလိုက်သည်။ မတ်တပ်ထရပ်ပြီး အပြင်ဘက် ဝရံတာသို့ လျှောက်သွားလိုက်သည်။

လေသာဆောင်က ရှုခင်းကောင်း၍ ကျယ်သည်။ အနည်းဆုံး (၁၅) မီတာခန့်ရှည်ပြီး (၃) မီတာ ကျယ်၏။ ဘယ်ဘက်တွင် နေပူစာခံသော ပက်လက်ခုတင် နှစ်လုံးနှင့် စားပွဲလေးတစ်ခု ချထားသလို ညာဘက်တွင် နေရောင်ကာသော ထီးတစ်လက်လည်း ရှိသေးသည်။

လင်းပွမ်က လေသာဆောင်ပေါ်တွင် မတ်တပ်ရပ်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ ကီလိုမီတာ ဆယ်ပေါင်းများစွာ ဝေးသောနေရာမှ မြင်ကွင်းများသည် သူ့မြင်ကွင်းထဲ ဝင်ရောက်လာသည်။ ခပ်လှမ်းလှမ်းတွင် အထပ်မြင့် အဆောက်အဦးများ ရှိ၏။

ဒီဟိုတယ်သည် ဝပ်ကျင်း၏ အလယ် တည့်တည့်တွင် တည်ရှိနေခြင်း မဟုတ်ဘဲ အနောက်ဘက် ကီလိုမီတာ (၁၀၀) အကွာတွင် တည်ရှိကြောင်း သူ မှတ်မိသေးသည်။

လင်းဟွမ်က လေသာဆောင်တွင် မတ်တပ်ရပ်၍ အဝေးသို့ ကြည့်နေစဉ် ရန်လင်းက သူ့အလုပ်ကိစ္စ ပြီးဆုံး၍ ဧည့်ခန်းထဲ ပြန်ဝင်လာသည်။ သူ အပြင်ထွက်လာသောအခါ လေသာဆောင်မှ လင်းဟွမ်ကို သတိထားမိလိုက်ကာ

"ဘာတွေ ကြည့်နေတာလဲ.."

"အော်.. ရှုခင်းလေးက တော်တော်လေး ကောင်းတယ်။ နည်းနည်းလေး ချောင်ကျနေတာ တစ်ခုပဲ"

လင်းဟွမ်က ရန်လင်းကို လှည့်ကြည့်ပြီး မှတ်ချက်ပေးလိုက်သည်။

နောက်ဆုံး အကြိမ် စကားပြောခဲ့သည့် ဗီဒီယိုထဲကအတိုင်း ရန်လင်းက သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။ နက်ပြာရောင် ဘောင်းဘီတိုနှင့် အဖြူရောင် တီရှပ်ကို ဝတ်ဆင်ထားသည်။ ခြေထောက်တွင် တောက်ပြောင်နေသော အနက်ရောင် သားရည်ဖိနပ်တစ်ရံ ဝတ်ထားသေးသည်။ ယခုအခါ ဆံပင်က တိုသွားပြီး

နားထင်စကိုပင် ရိုက်ထားသောကြောင့် ခပ်မိုက်မိုက် ပုံစံ ဖြစ်နေသည်။

လင်းဟွမ်သည် ယခုလက်ရှိ ရန်လင်း၏ပုံစံကို မြင်လိုက်ပြီး ယခင်က မည်မျှ ဖိုသီဖတ်သီ နေခဲ့ကြောင်း ပြန်၍ စိတ်ကူးကြည့်ရန် ခဲယဉ်းနေသည်။

“ ဟုန်ကျန်းက လူထူထပ်တဲ့ နေရာတွေ မကြိုက်ဘူး.. ”

ရန်လင်းက လင်းဟွမ်နား လျှောက်သွားပြီး အဝေးသို့ လှမ်းကြည့်ရင်း ပြောလိုက်သည်။

“အခြေအနေက အခု ဘယ်လိုလဲ..”

လင်းဟွမ်က ပြုံးပြီး မေးလိုက်သည်။

“အင်း.. ငါ ဖွင့်ပြောတာကို ငြင်းထားတယ်..”

ရန်လင်းက မကျေမနပ်ပြောပြီး ခေါင်းခါလိုက်သည်။

“ အခုတော့ ငါတို့က သူငယ်ချင်းအဆင့်ပေါ့.. ဒါက ငါ အလုပ်နိုင်ဆုံး အဆင့်ပဲ..”

“မင်းကို ဘာလို့ ငြင်းတာတုန်း..”

ဒါကို လင်းဟွမ် မမျှော်လင့်ထားပေ။ ဟုန်ကျန်းက ရန်လင်းကို ဘာကြောင့် ငြင်းလဲဆိုသည်ကို သူ သိချင်နေသည်။

“ အော်.... သူမက ကြောက်စရာကောင်းတဲ့ လူတစ်ယောက် ဖြစ်ပြီး ငါနဲ့ မလိုက်ဖက်ဘူးလို့ ပြောတယ်။ တစ်ယောက်ယောက်ကို ကူရှာပေးဖို့ ငါ့ထံ ချဉ်းကပ်လာတာလေ...”

“ဘယ်သူ့ကို ရှာနေတာလဲ၊ ငါ့ကို ပြောပြလို့ ရမလား..”

လင်းဟွမ်က ဆက်မေးလိုက်သည်။

ရန်လင်းက လင်းဟွမ်ကို တစ်ချက်ကြည့်ပြီး စီးကရက်ဘူး ထုတ်လိုက်သည်။ ထို့နောက် ပါးစပ်ထဲ ဆေးလိပ်တစ်လိပ်ထည့်ပြီး..

"သူ့မောင်လေးကို ရှာနေတာ.."

လင်းဟွမ် မျက်ခုံးပင့်သွားသည်။ ယခင်က သူ့မောင် ကျန်းဟုန် အကြောင်းကို ကြားခဲ့ဖူးသော်လည်း ဟုန်ကျန်းက လီဆယ် ပြောခဲ့သော ဇာတ်လမ်းတစ်ခုဟု ထင်ခဲ့သည်။ သို့သော်လည်း ယခုအခါ ဒါက အမှန်တရား ဖြစ်နေပုံရသည်။

"မင်း သူ့ကို တွေ့ပြီးပြီလား.."

"မတွေ့သေးဘူး။ တကယ်လို့တွေ့ရင် ငါတို့တွေ ကြေးကျီးကန်း မြို့တောင် ရောက်လာမှာ မဟုတ်ဘူး.. "

ရန်လင်းက ခေါင်းခါလိုက်သည်။

"သူ့မောင် ဒီမှာရှိတယ်ဆိုတာ သဲလွန်စ ရလို့လား.."

" သဲလွန်စတော့ မရပေမယ့် သူ့မောင်ကို ရှာပေးနိုင်တဲ့ ပစ္စည်းတစ်ခုတော့ တွေ့ထားလို့ "

ရန်လင်းက ဆက်ပြောလိုက်သည်။

“ ဘာလဲတော့ ငါလည်း တိတိကျကျ မပြောနိုင်ဘူး.. ”

“ဒါဆိုလည်း ကောင်းပြီလေ..”

လင်းဟွမ်က ဆက် မမေးတော့ပေ။

“ပစ္စည်းတွေ ပါလာလား..”

ရန်လင်းက စကားလမ်းကြောင်း တိုက်ရိုက် ပြောင်းလိုက်သည်။

“ ပါတယ်..”

လင်းဟွမ်သည် အစောပိုင်းကတည်းက သူ ပြင်ဆင်ထားသော ယာယီသိုလှောင် လက်စွပ်ကို ထုတ်ပေးလိုက်သည်။ ဤကာလ တစ်လျှောက်တွင် သော့ဖွင့်ရန် လိုအပ်သော ပစ္စည်းအားလုံးကို စုဆောင်းထားခြင်း ဖြစ်သည်။ မဟာကမ္ဘာကြီးနှင့် အသေးစားကမ္ဘာများမှ ဖွင့်ရမည့် ပစ္စည်းများအပြင် ကျောက်စရစ်ခဲ ကမ္ဘာမှ အင်ပါယာ နှလုံးသားလက်စွပ်များလည်း ပါဝင်သည်။

"အားလုံး အထဲမှာ ရှိတာလား.."

ရန်လင်းက ယာယီသိုလှောင် လက်စွပ်ကို လှမ်းယူရင်း မေးလိုက်သည်။

"အားလုံးပဲ.."

လင်းဟွမ်က အတည်ပြုလိုက်သည်။

ရန်လင်းသည် အမြန်ကြည့်ပြီးနောက် မနေနိုင်ဘဲ မျက်ခုံးပင့်သွားသည်။

"အိုး.. ကြည့်ရတာ တော်တော်လေး များတာပဲ.."

" သိုလှောင်လက်စွပ်က စုစုပေါင်း (၄၁၃,၆၂၈) ကွင်း ။ အမျိုးအစားမတူတဲ့ သိုလှောင်ပစ္စည်းက (၈၂၇)ခု "

လင်းဟွမ်က အချက်အလက်များကို ထုတ်ဖော်ပြောဆိုလိုက်သည်။ ထုံးစံအတိုင်း ဒါကို တွက်ချက်သည့်လူက သူမဟုတ်ဘဲ သွေးရဲရဲလေးပင်။

"မင်းက တွက်ချက်တဲ့နေရာမှာ အရမ်းအသေးစိတ် ကျတာပဲ"

ရန်လင်းက ပြုံးပြီး ပြောလိုက်သည်။ သို့သော်လည်း နောက်ပိုင်းတွင် မျက်နှာအမူအရာ လေးနက်လာပြီး

"မင်းကို ရှင်းပြစရာ တစ်ခု ရှိသေးတယ်။ မင်းယူလာတဲ့ သိုလှောင်ပစ္စည်းထဲက တစ်ဝက်လောက်က ဟောင်းနွမ်းနေပြီ။ နှစ်သန်းပေါင်းများစွာ ကတည်းက တည်ရှိခဲ့တဲ့ ရှေးဟောင်းပစ္စည်း တချို့တောင် ပါသေးတယ်။ အဲ့ဒါတွေကို သော့ဖွင့်ရင်တောင် အသုံးဝင်တာ ဘာမှမရှိလောက်ဘူး။ ပစ္စည်း အရေအတွက်နဲ့

အမျိုးအစားအလိုက် ဖွင့်ခကိုတော့ ငါ့ဘက်က ကျိန်းသေကောက်မှာနော်။ ဖွင့်ထားတဲ့ပစ္စည်းက အသုံးဝင်ဝင်၊ မဝင်ဝင် ငါ့အလုပ် မဟုတ်ဘူး။ ဒါပေမယ့် ပစ္စည်းအားလုံးအတွက် (၂၀) ရာခိုင်နှုန်း ဈေးလျှော့ပေးနိုင်တယ်။ မင်းက ငါ့ရဲ့ ဖောက်သည် ဟောင်းကြီးကိုး..”

“ပြဿနာ မရှိဘူး..”

လင်းဟွမ်က သူနားလည်ကြောင်း ခေါင်းညိတ် ပြလိုက်သည်။ သို့သော်လည်း နောက်ပိုင်းတွင် သံသယ အသံနှင့် ဆက်မေးလိုက်သည်။

“ ငါ့ဆီမှာ မေးစရာမေးခွန်း တစ်ခု ရှိသေးတယ်။ မဟာကမ္ဘာနဲ့ အခြားကမ္ဘာက ပစ္စ ည်းတွေက ဟောင်းနေတယ်ဆိုတာ မင်း ဘာလို့ ပြောနိုင်တာလဲ။ နောက်ပြီးတော့ တချို့ မော်ဒယ်တွေက နှစ်ပေါင်း သန်းပေါင်းများစွာ ကြာနေပြီဆိုတာကိုလည်း ဘယ်လို ခွဲခြားတာလဲ..”

“ကောင်းပြီ..”

ရန်လင်းက လင်းဟွမ်ကို မျက်လုံးစွေကြည့်ပြီး လျှို့ဝှက်စွာ ပြုံးလိုက်သည်။

“ငါ့မှာလည်း ငါ့နည်းလမ်းနဲ့ငါ ရှိတာပေါ့..”

ရန်လင်း၏ ဝေ့ဝိုက်သော စကားကပင် အခြားမဟာကမ္ဘာကြီးနှင့် အသေးစား ကမ္ဘာများ ရောက်ဖူးသည်ဟု လင်းဟွမ်ကို ထင်သွားစေသည်။ သူက ဤအကြောင်းအား မပြောချင်သောကြောင့် ဆက်လက်မေးခြင်းက အဓိပ္ပါယ် မရှိပေ။

"အကြွမ်းဖျင်း ဘယ်အချိန်လောက် ပြီးမလဲ.."

"ငါ အကောင်းဆုံး ကြိုးစားပြီး ရက်ပိုင်းအတွင်း ပြီးအောင်လုပ်ပေးမယ်"

"ဒါဆို ကောင်းပြီလေ.. မင်းပြီးတာနဲ့ ငါ ဒီက ထွက်သွားတော့မှာ "

အစောပိုင်းတုန်းက လင်းဟွမ်သည် သိုလှောင်ပစ္စည်းများ ဖွင့်ရန် အချိန်အကြာကြီး လိုအပ်လိမ့်မည်ဟု ယူဆကာ ဝမ်ပေါင်မြို့သို့ အရင်ဆုံး ပြန်ရန် စဉ်းစားခဲ့သည်။

အစစ်အမှန် ဝိညာဉ်များကို စိတ်ကူးယဉ် မြင်ယောင်ကြည့်ရင်း ကျင့်ကြံခြင်း အခန်းတစ်ခန်း ရှာဖို့ တွေးထားခဲ့သည်။ နောက်ဆုံး၌ နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်သုံးခုကို စိတ်ကူးယဉ် မြင်ယောင်ကြည့်ပြီးမှ ရန်လင်းထံ ပြန်သွားမည်။

သို့သော်လည်း ရန်လင်းက ရက်ပိုင်းအတွင်း ပြီးနိုင်သည်ဟု ပြောလာသောအခါ လင်းဟွမ်သည် ရန်လင်း ဖွင့်ပြီးသည့်အချိန်မှ ပြန်သွားရန် ဆုံးဖြတ်လိုက်သည်။

“ ဒါဆိုလည်း အားလပ်ရက်အဖြစ် သတ်မှတ်ပြီး ရက်နည်းနည်းလောက် ခရီး သွားလိုက်တာပေါ့ကွာ…”

ရန်လင်းက ပြုံးလိုက်ပြီး ..

“ ငါ ပြီးတာနဲ့ အကြောင်း ကြားလိုက်မယ်..”

"အေး.."

လင်းဟွမ်က ခေါင်းညိတ်ပြီး ..

" ဒါဆိုလည်း မင်းတို့ကို မနှောင့်ယှက်တော့ဘူး.."

ထို့နောက် ရန်လင်းပခုံးကို ပုတ်ပြီး ဧည့်ခန်းထဲ ထွက်သွားပြီး တံခါးဝသို့ ရောက်သွားသည့်အချိန်၌ အနောက်ဘက်မှ ရန်လင်း၏အသံကို ရုတ်တရက် ကြားလိုက်ရသည်။

" အခု နောက်ပိုင်း ကြေးကျီးကန်းမြို့က ရုတ်ရုတ်သဲသဲ ဖြစ်လာနိုင်တယ်။ သတိထား"

လင်းဟွမ်သည် ထို သတိပေးချက်ကို ကြားသောအခါ လျှောက်လက်စ ခြေလှမ်းများကို ရပ်တန့်လိုက်သည်။ ဟုန်ကျန်းနှင့် ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း အကြောင်းကို တွေးလိုက်မိသည်။

ထိုအချိန်တွင် ဟုန်ကျန်းက အိပ်ခန်းထဲမှ ထွက်လာသည်။ ထွက်သွားတော့မည် လင်းဟွမ်ကို မြင်လိုက်လျှင် သူမကပြုံးပြီး ..

"မင်း သွားတော့မလို့လား.... ခရီးသွားရင် သတိထားအုံး"

သူမ၏လေသံက အလွန် နူးညံ့နေသောကြောင့် အခြားတစ်ယောက်ဟု ထင်ရစေသည်။

လင်းဟွမ်က သူမကို တစ်ချက် လှည့်ကြည့်လိုက်သော်လည်း သူမ မျက်နှာပေါ်တွင် မည်သည့် အပြစ်အနာအဆာ သဲလွန်စမှ မတွေ့ရသောကြောင့် ပြုံးပြီး ခေါင်းညိတ်ပြလိုက်ကာ

“ ငါ သတိထားလိုက်ပါမယ်..”

ထို့နောက် တံခါးဖွင့်ပြီး ထွက်လာခဲ့လိုက်သည်။